
www.burmeseclassic.com

# နိုကိုရှုးဇင်



မေ့ပါနိုင်

ပန်းချီ သိန်းဇော်ကြည်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com






BURMESE CLASSIC .com



စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# နိုကိုရှုးဇင်

မေ့ပါနိုင်



www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



## နိဒါန်း

ခက်ခဲလွန်းတဲ့လမ်း ... ။

ကြမ်းတမ်းလွန်းတဲ့လမ်း ... ။

လမ်းခွဲမြို့ကလေးကနေ တစ်နေ့လုံး ခရီးပြင်းနှင်လာခဲ့ရတဲ့ အစိမ်းရောင်ဝီလီဂျစ်လေးတစ်စီး ... ။

မြိုင်သာဆိုတဲ့ မြို့ကလေးကို ရောက်တော့ ... ။

ညနေ(၅)နာရီထိုးပြီးနေပြီ ... ။

"ကလေးမ ... ကလေးမ ..."

"ဟင် ..."

"ဆက်အိပ်မနေနဲ့ ... ထ,တော့ ... မင်းသွားချင်တဲ့ မြိုင်သာကို ရောက်နေပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"အို ... မြိုင်သာကို ရောက်နေပြီ ဟုတ်လား ဦးလေး ..."

ကားဒရိုင်ဘာကြီး နှိုးလိုက်တော့မှ ... ။

မျက်လုံးကလေးတွေ ပွတ်သပ်ပြီး ပတ်ဝန်းကျင်ကို အသည်းအသန်ကြည့်လိုက်မိတာ ... ။

မြိုင်သာ ... ။ မြိုင်သာဆိုတဲ့ မြို့ကလေး ... ။

တောင်တန်းကြီးတွေ ပတ်လည်ဝိုင်းနေတဲ့ ... မြို့ကလေး ... ။

"ကဲ ... မင်းကို ဘယ်နေရာထိ လိုက်ပို့ပေးရမလဲ ..."

"ရှင် ..."

"မင်းသွားချင်တဲ့နေရာကို ပြောလေကွာ ... ကလေးမ"

"ဟို ... ဟို ... မြိုင်သာက မြို့စွန်က မေ့ပါနိုင် ..."

"ဘာရယ် ..."

မေ့ပါနိုင်ဆိုတဲ့ နာမည်ကို ကြားလိုက်ရုံနဲ့ မျက်လုံးတွေ ပြူးဝိုင်းသွားခဲ့ရတဲ့ ဒရိုင်ဘာဦးလေးကြီး ... ။

"မင်း ... မင်း ... သွားမဲ့နေရာက မေ့ပါနိုင် ဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ ..."

ရုတ်တရက် ဖြူဖျော့သွားတဲ့ ဒရိုင်ဘာဦးလေးကြီးရဲ့ မျက်နှာ။ ကွမ်းတွေ အဆက်မပြတ်စားလာခဲ့ပေမဲ့ သွေးရောင်မဲ့သွားတဲ့ ဦးလေးကြီးရဲ့နှုတ်ခမ်းတွေ ... ။





"ရှင် ..."

"ငါက မင်းကို မြိုင်သာကို အသစ်ရောက်လာတဲ့ တိုက်နယ် ဆရာဝန်မလေးလို့ ထင်ထားခဲ့တာကွ ... ခုတော့ ကြည့်စမ်း၊ မင်းက မေ့ပါနိုင်သွားမဲ့ မိန်းကလေး ... မင်းကို ကြည့်ရတာ လည်း နုနုနယ်နယ်ကလေး ... မင်း အဲဒီကိုသွားဖို့ ဖြစ်မှ ဖြစ်ပါ့မလား မိန်းကလေးရယ် ... မင်းအတွက် ဦးလေး စိုးရိမ်လိုက်တာ ..."

"ဘာ ... ဘာဖြစ်လို့လဲဟင် ဦးလေး ... မေ့ပါနိုင်မှာ ဘာ တွေ ဖြစ်နေလို့လဲ ..."

"ပြောရမှာတော့ ခပ်ခက်ခက်ပဲ မိန်းကလေးရေ ... အဲဒီ မေ့ပါနိုင်မှာနေကြတဲ့လူတွေဟာ ... ပတ်ဝန်းကျင်နဲ့ လုံးဝ အဆက်အသွယ်ဖြတ်ထားတဲ့လူတွေ ... ခက်ထန်မောက်မာ ပြီး ရိုင်းပြတဲ့လူတွေ ဖြစ်နေတယ်ဆိုတာ မြိုင်သာတစ်မြို့လုံး က သိနေကြပြီလေ ..."

"သြော် ..."

"မင်းက အဲဒီကို သွားမယ်ဆိုတော့ ... ဦးလေး အံ့သြသွား တာပေါ့ ..."

"ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် ဦးလေးရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတော့ သိပ်ရှိမှာ မဟုတ်ပါဘူး … ကျွန်မနဲ့ အဆင်ပြေလိမ့်မယ်လို့ ထင်ပါတယ် …”

“ကဲ … ဒါဆို … ဦးလေး အဲဒီကိုပဲ တန်းပြီးမောင်းလိုက်တော့မယ်နော် …”

“ဟုတ်ကဲ့ …”

မြိုင်သာမြို့စွန်က ‘မေ့ပါနိုင်’။

မေ့ပါနိုင်ကိုရောက်တော့ မှောင်ရိပ်သမ်းစပြင် ပြုနေပြီ။

“ကလေးမ …”

“ရှင် ဦးလေး …”

“မင်းကို ထွက်ကြိုမဲ့လူလည်း တစ်ယောက်မှ မရှိပါလား”

ပစ္စည်းတွေကို ကားပေါ်ကချရင်း တအံ့တသြ မေးလိုက်သော ဦးလေးကြီး … ။

“ကျွန်မ လာမယ်ဆိုတာ ဒီကလူတွေ ဘယ်သူမှ မသိကြဘူးလေ … အင်းလေ … လာလိမ့်မယ်လို့လည်း ဘယ်သူမှ ထင်ကြမှာ မဟုတ်ပါဘူး … ကျွန်မက …”

ဆက်ပြောတော့မလိုလုပ်ပြီးမှ လှမ်းတမီ စကားကို ရပ်ပစ်လိုက်သည်။





“ရတယ် … ဦးလေး … ပစ္စည်းတွေကို ဒီခြံဝမှာပဲ ချထားခဲ့တော့ …”

“ဟင် … မင်းတစ်ယောက်တည်း သွားလို့ဖြစ်ပါ့မလား … မေ့ပါနိုင်အိမ်ကြီးကိုရောက်ဖို့ ဒီခြံဝကနေ တော်တော်လျှောက်ဝင်ရဦးမှာကွ …”

“ရပါတယ် … ကျွန်မ မကြောက်ပါဘူး …”

“မင်းက သတ္တိခဲမလေးပဲ …”

ကျောပိုးအိတ်တစ်လုံးနဲ့ အဝတ်အစားသေတ္တာတစ်လုံးသာ သူမမှာ ပါလာခဲ့၏။

“ကဲ … ဒါဆို … ဦးလေးသွားတော့မယ်နော် …”

“ဟုတ်ကဲ့ ဦးလေး … ခုလို ကြမ်းတမ်းတဲ့ မြိုင်သာခရီးကို ဘေးမသီရန်မခရောက်အောင် လိုက်ပို့ပေးတဲ့ ဦးလေးကို ကျွန်မ အရမ်းကိုပဲ ကျေးဇူးတင်ပါတယ် ဦးလေး … မြိုင်သာမြို့ထဲမှာ ကျွန်မကို တွေ့ရင်လည်း ခေါ်ပါ … နှုတ်ဆက်ပါနော် …”

“ခေါ်ရမှာပေါ့ကွာ … ကဲ … ဦးလေးသွားပြီ … ဪ … နေဦး … ကလေးမနာမည်လည်း ဦးလေးကို ပြောဦးလေ၊ ဦးလေးနာမည် ဦးမောင်ချစ်တဲ့ … မြိုင်သာကားဂိတ်မှာ ဦးလေးကို မသိတဲ့လူ တစ်ယောက်မှ မရှိဘူး …”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနာမည်က လှမ်းတမှီပါ ..."

"လှမ်းတမှီ ... ဟုတ်လား ... နာမည်လေးက တော်တော်ဆန်းတဲ့ နာမည်လေးပဲ ... မှတ်မိလွယ်တာပေါ့ ... ကဲ ... ဦးလေးသွားပြီ ... ကလေးမရေ ..."

"ဟုတ်ကဲ့ ဦးလေး ..."

တစ်နေ့ကုန် တစ်ပင်တစ်ပန်း စီးလာခဲ့ရတဲ့ ဂျစ်ကားလေး။

အဝေးကိုရောက်သွားတဲ့အထိ လှမ်းတမှီ ငေးကြည့်နေဆဲ ...။

ပြီးတော့မှ မီးရောင်လဲ့လဲ့လေး မြင်နေရတဲ့ အိမ်ကြီးဆီကိုသွားဖို့ သူမကိုယ်လေးကို လှည့်လိုက်သည်။





## အခန်း (၁)

အို ...။

သူမကိုယ်ကလေး ဆတ်ခနဲ တုန်သွားသည်။

အမှောင်ထဲက ပေါ်လာတဲ့အရိပ် ...။

လူမည်းမည်းထွားထွားကြီးရဲ့အရိပ် ...။

"ဟိတ် ... ဇ အဲဒီမှာ ရပ်နေစမ်း ..."

"ဟင် ..."

အသံနက်ကြီး ...။

လန့်မအော်မိအောင် သူမ စိတ်တွေကို ထိန်းချုပ်လိုက်ရတဲ့ အထိပင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်း ဘယ်သူလဲ ..."

ပြေးလာတဲ့ ခြေလှမ်းကြီးတွေကလည်း မြန်လိုက်တာ။

အရိပ်မည်းကြီး သူ့မအနားကို ရောက်လာပြီ။

"ဟို ... ဟို ..."

လူကြီးကို မော့ကြည့်ပြီး လှမ်းတမှီ ကြောက်သွားသည်။

စကားတွေ ထစ်ငေါ့သွားသည်။

မျက်နှာမှာ အမာရွတ်ကြီးနဲ့ ...။

မျက်လုံးကြီးတွေကလည်းပြူးလို့ ...။

"ဒေါက်တာ ... ဒေါက်တာ နှောင်းစွဲထင်နဲ့ တွေ့ချင်လို့ လာခဲ့တာပါ ... ဒါ ... ဒါ ... မေပါနိုင်ခြံကြီးနော် ..."

"ဘာပြောတယ် ..."

လူကြီး ...။

သူကတောင် ပြန်ပြီး တုန်လှုပ်သွား သလိုပင်။

"မင်း ... မင်း ... ဘယ်သူလဲ ..."

အငမ်းမရမေးနေသည်။

လှမ်းတမှီကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး အကဲခတ်နေသည်။





"လှမ်း ... လှမ်းတမှီပါ ..."

"ဟာ ..."

"လှမ်းတမှီ ရန်ကုန်က လာခဲ့တာပါ ..."

"ဘုရား ... ဘုရား ..."

လူကြီး ...။

နာမည်ပြောလိုက်တာနဲ့ ဘယ်လိုဖြစ်သွားရတာလဲ။

သူ့တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်လို့ ...။

"မင်း ... မင်းလာသေးတယ်နော် ... မင်းကို ... မင်းကို တစ်နေ့နေ့မှာရောက် ... ရောက်လာမယ်လို့ ... ဒေါက်တာ နှောင်းစွဲထင်က မျှော်နေတာ ..."

"ဒေါက်တာ ... နှောင်းစွဲထင် ဘယ်မှာလဲ ..."

"ရှိ ... ရှိတယ် ..."

နားလည်ရခက်တဲ့လူကြီး ...။

ပြောနေတာ ထစ်ထစ်ငေါ့ငေါ့နဲ့ ...။

"အဲဒါဆို လှမ်းတမှီရဲ့ခရီးဆောင်အိတ်ကို ဦးလေးပဲ သယ်ပေးပါနော် ..."

"ပေး ..."

အိတ်ကိုလှမ်းယူနေတဲ့ ဦးလေးကြီးရဲ့လက်တွေက လည်းတုန်လို့ ...။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်နေတာလဲ ... ။

သွားတော့လည်း မြန်လိုက်တာ ... ။

လှမ်းတမှီ မနည်းလိုက်ခဲ့ရသည်။

အိမ်ကြီး ... ။ အမှောင်ထဲမှာ ငြိမ်လို့ ... ။

ခြံကြီးတစ်ခုလုံး တိတ်ဆိတ်နေသည်။

"ကျွဲ ... "

အိမ်မကြီးရဲ့တံခါးရွက်ကြီးကို ဦးလေးကြီး တွန်းဖွင့်လိုက်ပြီး ...

"လာ ... ကလေးမ ... "

ကျွီခနဲ တစ်ချက်အသံမြည်ပြီး တံခါးရွက်ကြီး ပွင့်သွားသည်။

"ဟိုမှာလေ ... မင်းတွေ့ချင်တဲ့ ဒေါက်တာနှောင်စွဲထင်"

"ဟင် ... ".

ဒေါက်တာနှောင်စွဲထင် ... ။

အိပ်ရာကြီးတစ်ခုပေါ်မှာ ငြိမ်သက်လို့ ... ။

ခေါင်းရင်းမှာလည်း ဖယောင်းတိုင်တွေ အမွှေးတိုင်တွေထွန်းလို့ ... ။

"သူ ... သူ ... "

လှမ်းတမှီ ... ။





မယုံနိုင်ပါ ... ။ ထိတ်လန့်အံ့သြစွာ တိုးကပ်ရင်း ခုတင်ကြီးနားကို လှမ်းတမှီ ရောက်သွားသည်။

"အခုညနေကပဲ ဆုံးသွားတာလေ ... "

"ရှင် ... "

"မင်းရောက်လာတာ နောက်ကျသွားပြီကွာ ... "

ဦးလေးကြီး ... ။

ဆို့နင့်ထိနိုက်နေတဲ့အသံနဲ့ ... လှမ်းတမှီကို ပြောနေသည်။

"သူ ... သူ ဘယ်လိုဖြစ်သွားတာလဲ ... "

"နှလုံးသွေးရပ်သွားတာပါ ... "

"အို ... နှောင်စွဲရယ် ... "

ခုတင်ကြီးပေါ်မှာ ...

နစ်မြိုက်စွာ အိပ်မောကျနေသလိုပင် ... ။

တစ်ခုထူးဆန်းနေတာက ... ။

အနားမှာ ဘယ်သူမှမရှိ ... ။

အိမ်ကြီးတစ်ခုလုံး ခြောက်ကပ်တိတ်ဆိတ်နေသည်။

လူတစ်ယောက်လုံး သေနေတဲ့အိမ်မှာ ငိုရှိုက်သံမကြားတာ အံ့သြဖို့ကောင်းလိုက်တာ။

"ဒီ ... ဒီမှာ ... မိသားစု ဘယ်နှစ်ယောက်နေသလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"စုစုပေါင်းကိုးယောက် ..."

"တစ်ယောက်မှလည်း မရှိပါလား ..."

လှမ်းတမှိုမေးတဲ့ မေးခွန်းကို ရုတ်တရက် ပြန်မဖြေနိုင်တာ ဦးလေးကြီး ... ။

နောက်မှ ...

"ရှိ ... ရှိပါတယ် ..."

"ဒေါက် ..."

"ဒေါက် ..."

"ဟင် ..."

အိမ်ကြီးအပေါ်ထက်က ဆင်းလာတဲ့ချာမြင့် ဒေါက်ဖိနပ်သံ ... ။

"ဒေါက် ..."

"ဒေါက် ..."

နီညိုရောင်ကျွန်းလှေကားကြီးအတိုင်း ဆင်းလာနေတဲ့ ဒေါက်ဖိနပ်သံကို လှမ်းတမှိ ဆက်တိုက်ကြားလိုက်ရသည်။

"အို ..."

လှပတဲ့ မိန်းမတစ်ယောက် ... ။

ကညစ်ဆီမီးတိုင်ကြီးတွေအောက်မှာ တောက်ပတဲ့ မျက်လုံးကြီးတွေ၊ လှမ်းတမှိကို စိုက်ကြည့်နေသည်။





"ဦးအဋ္ဌ ..."

"ဗျာ ... မမလေး ..."

"သူက ဘယ်သူလဲ ..."

"လှမ်းတမှိ ..."

"ဟင် ..."

ပျက်သွားတဲ့ မျက်နှာကို ချက်ချင်းပြန်ပြင်လိုက်တဲ့ မိန်းမ ... ။

တော်တော်ဟန်ဆောင်ကောင်းတဲ့ မိန်းမပဲ ... ။

မျက်နှာမှာလည်း မိတ်ကပ်တွေဖွေးလို့ ... ။

နှုတ်ခမ်းနီကလည်းရဲလို့ ... ။

တောင့်တင်းကြွရွလွန်းတဲ့ မိန်းမ ... ။

"ဘယ်တုန်းက ရောက်တာလဲ ..."

"အခုပဲ ..."

"ဘယ်တော့ပြန်မှာလဲ ..."

"ရှင် ..."

ဒါ ... ကြာကြာမနေစေချင်တဲ့ သဘောပဲ။

မိုင်ပေါင်းများစွာဝေးတဲ့ အရပ်ကနေ တကူးတက အပင်ပန်းခံပြီး မရောက်ရောက်အောင် လာခဲ့ရတဲ့ မိန်းကလေးတစ်ယောက်ကို မငဲ့ညှာတဲ့သဘောပဲ ... ။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး ... မင်းကို မေးနေတယ် ... ဖြေလိုက်လေ"

ဦးအထွ ဦးလေးကြီး ... ။

သူမကို ပြန်မေးနေပြီ။

"ဟင့်အင်း ... အဲဒါ အတိအကျ ပြောလို့မရသေးဘူး ..."

လှမ်းတမ်ို ငြင်းပစ်လိုက်သည်။

"သူ့ကို အခန်းတစ်ခန်း စီစဉ်ပေးလိုက်ပါ ဦးအထွ ..."

"ဟင် ..."

ဒါလောက်ပဲပြောပြီး လှည့်ထွက်သွားပြီ ... ။

"ဒေါက် ..."

"ဒေါက် ..."

အိမ်ကြီးရဲ့အပြင်ဘက်ဆင်ဝင်အောက်မှာ မော်တော်ဆိုင်ကယ်တစ်စီးရပ်ထားတာဝင်လာတုန်းက သူမ တွေ့ထားသည်။

"ဝေါ ..."

"ရူး ..."

အားကောင်းတဲ့ အဂျင်စက်သံ ... ။

သူမ မော်တော်ဆိုင်ကယ်နဲ့ အပြင်ကို ထွက်သွားတာပဲ ... ။

ဘယ်ကိုလဲ ... ။

လူတစ်ယောက်လုံး ညနေကပဲ သေထားတဲ့အိမ်မှာ





ဝတ်ကောင်းစားလှတွေဝတ်ပြီး မိတ်ကပ်အဖွေးသားနဲ့ ညအချိန်မှာ ထွက်သွားတဲ့ မိန်းမ ... ။

"အဟွတ် ... ဟွတ် ..."

"အဟွတ် ... အဟွတ် ..."

ကြားရပြန်ပြီ ... ။ ချောင်းဟန့်သံတစ်ခု ... ။

အောက်ထပ်နောက်ဖေးခန်းကနေ ထွက်လာတဲ့ အဘွား ခါးက ကိုင်းနေပြီ ... ။

လူက အိုလှပြီ ... ။

ဒါပေမဲ့ သူ့လက်ထဲမှာ ပြောင်းဖက်ဆေးလိပ်ကြီး ကိုင်လို့ ... ။

"အထွ ..."

"ဗျာ ..."

"အသံတွေကြားတယ် ... ဘယ်သူလဲ ..."

"ရန်ကုန်ကလာတဲ့ ဧည့်သည်ပါ ..."

"မိန်းကလေးလား ..."

"ဟုတ်ကဲ့ ..."

"မြေးကြီးရဲ့ဧည့်သည်လား ..."

တစ်ခုပြီးတစ်ခု မေးနေသည်။

"မှန်ပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"မြေးကြီး သေပြီလေ ... သူ့ကို ပြန်ခိုင်းလိုက်တော့"

"ဘုရားရေ ..."

ပြန်ခိုင်းလိုက်တော့တဲ့ ... ။

ရက်စက်လိုက်တာ ... ။

ပြောရက်လိုက်တာ ... ။

မြေးကြီးသေပြီတဲ့ ... ။

ဒါကို အေးစက်စက်လုပ်ပြီး ပြောနေတဲ့ အဘွားကြီး။

"ဦး ... ဦးအထွ ..."

"ဟင် ... ကလေးမ ..."

"ကျွန်မ ဘာဆက်လုပ်ရမလဲ ..."

"မင်းကြိုက်တာဆက်လုပ် ..."

"ရှင် ..."

"မင်းတွေ့ချင်တဲ့ ဒေါက်တာနှောင်စွဲထင်မှ မရှိတော့တာ၊ ဒါပေမဲ့ ... ဒေါက်တာနှောင်စွဲထင်က မင်းကို မျှော်လင့်ခဲ့ တယ် မင်းစိတ်နဲ့ အိပ်ရာထဲလဲခဲ့တယ် ... ငါသိတာ အဲဒါပဲ ... ဒီထက်ပိုပြီး ငါ ဘာမှမသိဘူး ... သိရင်လည်း မင်းကို ပြောပိုင်ခွင့် ငါ့မှာ ဘာမှမရှိဘူး ..."

စကားကို ခပ်ပြတ်ပြတ်ပြောနေတဲ့ ဦးအထွ ... ။

"ကျွန်မ ..."





လှမ်းတမှီ ဦးအထွကို ဘယ်လိုရှင်းပြရမလဲ။

"ဒေါင် ..."

"ဒင် ..."

"ဒင် ..."

"ဟင် ..."

လှမ်းတမှီ မျက်လုံးကလေးတွေ ပြူးဝိုင်းသွားရပြန်ပြီ ... ။

စန္ဒရားသံ ... ။

အိမ်ကြီးအပေါ်ထပ်ဆီက ရုတ်တရက် ပေါ်ထွက်လာတဲ့ အသံပင် ... ။

"ဒင် ..."

"ဒင် ..."

"ဦး ... ဦးအထွ ..."

"ပြောလေ ကလေးမ ..."

"ဘယ်သူ ... ဘယ်သူ စန္ဒရားတီးနေတာလဲ ..."

"ခေါင်ဖျား တီးနေတာ ..."

"ခေါင်ဖျား ..."

"သူက ရူးနေတယ် ..."

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ဖျားတဲ့ ... ။ သူက ရှူးနေတယ်တဲ့ ... ။

အံ့ဩဖို့ကောင်းတဲ့ မေ့ပါနိုင်အိမ်ကြီး ... ။

လှမ်းတမ်ို ဘာဆက်လုပ်ရပါ့မလဲ ... ။

မြိုင်သာမြို့ထဲကိုပဲ ပြန်ထွက်သွားရင် ကောင်းလေမလား ... ။

"ဒီလိုလုပ် ... "

ဦးအထွ အသံဖြတ်ဝင်လာသည်။

"မင်း ဒီည ဒီမှာပဲ ညအိပ်လိုက်တော့ ... "

"ရှင် ... "

"မင်းကို မဂုဏ္ဏာနဲ့ သိပ်မယ် ... "

ဘုရားရေ ... မဂုဏ္ဏာတဲ့ ... ။

နာမည်ကြားလိုက်တာနဲ့တင် ကြောက်စရာကြီး။

"ဒါ ... မေ့ပါနိုင်မှာ လူမစုံသေးဘူး ... အရင်က ဆယ် ယောက် ... အခု ဒေါက်တာနှောင်စွဲထင် မရှိ ဘူလို့"

သူမ အကြည့်တွေက ...

ဒေါက်တာနှောင်စွဲထင်ရဲ့အလောင်းရှိရာ ခုတင်ကြီးပေါ်သို့ ပြန်ရောက်သွားသည်။

ညိုးချုန်းနေတဲ့ ဒေါက်တာနှောင်စွဲထင်ရဲ့မျက်နှာ။

အရင်ကနဲ့ တခြားစီ ... ။





မြိုင်သာကို ထွက်သွားခဲ့တာ သုံးနှစ် ... ။

သုံးနှစ်အတွင်းမှာ ... မမှတ်မိနိုင်လောက်အောင်ပြောင်း၍သွားတဲ့ ဒေါက်တာနှောင်စွဲထင်။

လှမ်းတမ်ို ရောက်လာတာ နောက်ကျသွားခဲ့သည်။

ကြမ်းတမ်းတဲ့ သည်ခရီးကို ဒေါက်တာနှောင်စွဲထင်ရဲ့ တစ်မျက်နှာနဲ့ လှမ်းတမ်ို လိုက်လာခဲ့တာပါ။

ခုတော့ ...

အသက်မဲ့နေတဲ့ ဒေါက်တာနှောင်စွဲထင်ရဲ့ခန္ဓာကိုယ်ကြီးက သူမကို ကြိုဆိုနေသည်။

မြိုင်သာမှာ ...

မေ့ပါနိုင်မှာ ...

သူမကို အပြုံးမျက်နှာနှင့် ကြိုမဲ့လူမရှိ။

သိကျွမ်းခဲ့တာဆိုလို့ ဒရိုင်ဘာကြီး ဦးမောင်ချစ် တစ်ယောက်ပဲ မြိုင်သာမြို့ထဲမှာရှိနေသည်။

ကျန်တာတွေက လူစိမ်း၊ မျက်နှာစိမ်း၊ ပြီးတော့မျက်လုံးစိမ်းတွေ။

"ဦးအထွ ... "

"ဟော ... "

"မေ့ပါနိုင်ရဲ့မိသားစုဝင်တွေဟာ တစ်မျိုးပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အင်း ..."
"ကိုယ်ထင်တာ ကိုယ်လုပ်နေကြသလိုပဲ ..."
"ဒီလိုပဲပေါ့ကွာ ..."
"နောက် ဘယ်သူတွေ ကျန်သေးလဲ ..."
"ကျန်သေးတာပေါ့ ..."
"နှောင်းစွဲ သနားပါတယ် ..."
"ဟင် ..."
"ဒီလိုလူတွေကြားထဲမှာ နေခဲ့ရတဲ့ နှောင်းစွဲ ..."

ဒေါက်တာနှောင်းစွဲထင် ...။

စိတ်ညစ်သွားခဲ့မှာ အမှန်ပဲ ...။

သုံးနှစ်ကြာသွားခဲ့ပြီ ...။

မြိုင်သာမြို့စွန်က မေ့ပါနိုင်ခြံကြီး ...။

"မဂ္ဂလာ ..."
"မဂ္ဂလာ ..."

ဦးအဏ္ဏ ...

မဂ္ဂလာနာမည်ကို ခေါ်နေသည်။

"ရှင် ... လာပါပြီ ဘဘကြီး ..."

မျက်နှာမှာ သနပ်ခါးအဖွေးသားနဲ့ ပြေးထွက်လာ တဲ့ မဂ္ဂလာ ...။





"နင် ... ဒီည သူနဲ့ အိပ်ရမယ် ..."
"ဟုတ် ..."

အသက်ဆယ့်နှစ်နှစ်လောက်ရှိမဲ့ မိန်းကလေး။

ကိုယ်လုံးကိုယ်ပေါက်က လှသလောက် ...။

ရုပ်ကျတော့ ဆိုးလိုက်တာ ...။

သွားတွေက မညီညာ။

နှာခေါင်းကျတော့ ပြားချင်နေသည်။

"သွား ... အောက်ထပ်မှာပဲ အခန်းပြင်လိုက် ..."

လှမ်းတမိုက်ကို တစ်ချက်လှမ်းကြည့်ပြီး မဂ္ဂလာ ပြန်ထွက်သွားသည်။

"သူက ... ဦးအဏ္ဏနဲ့ ဘာတော်လဲ ..."
"ဘာမှမတော်ဘူး ..."

လိုအပ်သလောက်ပဲ ပြန်ဖြေနေတဲ့ ဦးအဏ္ဏ။

"မှောင်လိုက်တာ ... ဒီမှာ ... မီးစက် မသုံးဘူးလားဟင်"
"သုံးတယ် ..."
"အခုဘာလို့ မီးစက်မဖွင့်သေးတာလဲ ..."
"ဖွင့်မှာပေါ့ ..."

ဖြေနေတာကလည်း အေးတိအေးစက်ကြီး။

"ကဲ ... မင်းနားလိုက်တော့ ..."



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂလာလက်ထဲကိုအပ်ပြီး ဦးအဋ္ဌ ပြန်ထွက်သွားပြီ။

အိပ်ရမဲ့အခန်းထဲမှာ ...

မဂ္ဂလာနဲ့ လှမ်းတမီ နှစ်ယောက်တည်း။

အုံ့သြဖို့ကောင်းတဲ့ လူတွေ။

ဒါကြောင့်မို့ ဒရိုင်ဘာဦးမောင်ချစ်က လှမ်းတမီကို သေသေချာချာ မှာလိုက်တာ။

"မဂ္ဂလာ ..."

"ရှင် ..."

"မင်း ဗိုက်ဆာတယ် ..."

"ကြွေးမှာပေါ့ ..."

သွက်လက်တဲ့ မဂ္ဂလာ ... ။

အခန်းထဲထိ ထမင်းဟင်းတွေ ယူလာသည်။

တကယ်တမ်း စားကြည့်တော့လည်း လှမ်းတမီ မစားနိုင်။ ရင်ထဲမှာ နင့်နေသည်။

ဒေါက်တာနှောင်စွဲထင်ရဲ့ အသက်ကိုတောင် လှမ်းတမီ မမီလိုက်။ စိတ်ဓာတ်ကျနေရ၏။

သူ့တစ်မျက်နှာနဲ့ မြိုင်သာရောက်အောင် လှမ်းတမီ လာခဲ့ရတာပါ။

"ဟင် ... မမ ... စားလို့မကောင်းဘူးလား ..."





"တော်ပြီကွာ ..."

ဆက်မစားတော့သဖြင့် မဂ္ဂလာ အံ့သြသွားသည်။

"မမ ..."

"ဟင် ... မဂ္ဂလာ ..."

"မမ ... ဒီမှာ ကြာကြာမနေနဲ့ ..."

"ဘာ ..."

"မမကို စေတနာနဲ့ ပြောတာ ..."

မဂ္ဂလာ ... တောက်ပတဲ့ မျက်လုံး စူးစူးကြီးတွေနဲ့ လှမ်းတမီကို စိုက်ကြည့်နေ၏။

"ဘာ ... ဘာဖြစ်လို့လဲဟင် မဂ္ဂလာ ..."

"မကောင်းဘူး ..."

မဂ္ဂလာ အသံလေးတိုးသွားသည်။

"ဘယ်လိုမကောင်းတာလဲ မဂ္ဂလာရဲ့ ..."

"ရိုင်းတယ် ..."

"ဟင် ..."

"ကိုယ်လုပ်ချင်တာတွေ လျှောက်လုပ်နေကြတယ် ... အရူးတွေလိုပဲ ..."

"ဒေါင် ..."

"ဒေါင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒင် ..."

"ဟော ... ဟော ... မမ ကြားလား ... အဲဒါ ကိုကိုခေါင် ဖျား စန္ဒရားတီးနေတာ ..."

"သူက ရူးနေတယ်ဆို ..."

"ဟာ ... အများကြီးရူးတာ မဟုတ်ဘူး ... နည်းနည်းပဲ ရူးတာ ... ကောင်းချင်ရင်လည်း ကောင်းနေရော ... မမ ကြည့်နေ ... ညသန်းခေါင်ကျော်ရင် တယောထိုးလိမ့်ဦး မယ် ..."

"တယောလည်းထိုးတယ် ..."

မျက်လုံးလေးတွေ ဝိုင်းသွားရတာ လှမ်းတမှီ ...။

"ထိုးတာပေါ့ ... ဒီမှာထိုးတာတော့ မဟုတ်ဘူး ... ဒီအိမ်ကြီး ရဲ့အရှေ့ဘက်မှာ တောင်ကုန်းလေးတစ်ခုရှိတယ် ... အဲဒီကို သွားပြီးထိုးတာ ..."

"သူတစ်ယောက်တည်းလား ..."

"တစ်ခါတလေ တစ်ယောက်တည်း ... တစ်ခါတလေကျ တော့လည်း သူ့ကို စိတ်မချလို့ ဘအထွတ်လိုက်သွားတယ်၊ ဒီအိမ်မှာ အကောင်းဆုံးက ကိုကိုခေါင်ဖျား ..."

"ဩော် ..."

"အခုဆုံးသွားတဲ့ ဆရာဝန်ဆိုရင် တစ်နေ့ကုန် တစ်နေ့ခမ်း မိုးလင်းက မိုးချုပ် အရက်သောက်တယ် ..."





"ဘာ ..."

"သူ့ရည်းစားက သူ့ကိုပစ်သွားလို့တဲ့ ..."

ရင်နင့်ရတာ လှမ်းတမှီ ...။

ရည်းစားမဟုတ်ပါဘူး။ မဂ္ဂဿာရယ် ... ရန်ကုန်မှာ ကတည်းက သူ တစ်ဘက်သတ်စွဲလမ်းခဲ့တဲ့ အချစ်ဆုံးသူငယ်ချင်း တစ်ယောက်ပါ ...။

အခု ...

သူရှိနေတဲ့ မြို့င်သာကို ...

အဲဒီအချစ်ဆုံး သူငယ်ချင်းလိုက်လာခဲ့တာပါ ...။

မဂ္ဂဿာမသိတော့ စွတ်ပြောနေသည်။

လှမ်းတမှီ မဂ္ဂဿာကို မျက်နှာပူနေမိ၏။

"ဒီအိမ်မှာ နောက်ထပ်ဆိုးတဲ့လူ တစ်ယောက်ရှိသေးတယ်၊ သူက ဒီအိမ်မှာဗိုလ်ပဲ ... သူ့ကို ဘယ်သူမှ မပြောရဲဘူး"

"ဘယ်သူလဲ ..."

"တိမ်ဖျား ... ယံတိမ်ဖျား ...

"ခေါင်ဖျားက ..."

"သူနာမည် အပြည့်အစုံက ယံခေါင်ဖျား ..."

"ဩော် ..."

"ကိုကိုကြီး ယံခေါင်ဖျားနဲ့ ကိုကိုလေး ယံတိမ်ဖျားက ...



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုအရင်းတွေ ... ဒေါက်တာနှောင်စွဲထင်က မွေးစားသား ...”

“ဘာ ...”

“ဒါပေမဲ့ ကိုကိုလေးတိမ်ဖျားက ဒေါက်တာနှောင်စွဲထင်ကို အရမ်းချစ်တယ် ... အစ်ကိုအရင်းခေါင်ဖျားထက်တောင် ပို ချစ်သေးတယ် ...”

“သူ အခုဘယ်မှာလဲ ...”

“တောထဲမှာ ... အိမ်တစ်လုံးဆောက်ပြီး သူ့ဘာသူ တစ်ယောက်တည်းနေတာ ...”

“ဟင် ...”

“နေတာထိုင်တာ ပြောတာဆိုတာ အရမ်းကြမ်းတယ် ... အမဲလိုက်တယ် ... တောထဲက သူ့အိမ်မှာဆို သူပစ်လို့ရထားတဲ့ သားကောင်တွေရဲ့ အရိုး၊ သားရည်တွေ၊ ချိုတွေ၊ ခေါင်းတွေ တစ်ပုံကြီးပဲ ...”

“ဒေါက်တာနှောင်စွဲထင်ဆုံးသွားတာ သူ သိသွားပြီလား”

“အခုမှ တောထဲကို လူလွှတ်ပြီး အကြောင်းကြားနိုင်းထားတာ ... သိတာနဲ့ ချက်ချင်းပြန်လာမှာပဲ ...”

“ဟော် ...”





အိမ်ကြီးရှေ့မှာ ရပ်လိုက်တဲ့ ... ဆိုင်ကယ်အင်ဂျင်စက်သံ ...။

မိတ်ကပ်အဖွေးသားနဲ့ ...။

အလှဆုံးပြင်ဆင်ထွက်သွားတဲ့ မိန်းမ ...။

သူ ပြန်ရောက်လာတဲ့ပုံပဲ ...။

“ဒေါက် ...”

“ဒေါက် ...”

ကြမ်းပြင်ပေါ် နင်းတက်လာတဲ့ ဒေါက်ဖိနပ်သံကို ကြားလိုက်ရပြီ။

“မဂ္ဂဇာ ...”

“မဂ္ဂဇာ ...”

“ရှင် ... လာပါပြီ မမကြီး ...”

မဂ္ဂဇာ ကြောက်အားလန့်အား ပြေးထွက်သွားသည်။

“လှမ်းတမို့ ဘယ်မှာလဲ ...”

“အိပ်နေပြီ ...”

ဒေါက်တာနှောင်စွဲထင်ရဲ့ အလောင်းကို တစ်ချက်လေးတောင် လှည့်မကြည့်။

အသည်းမာလိုက်တာ ...။

ရက်စက်လိုက်တာ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနှောင်စွဲထင် အပေါ်မှာ တစ်စက်ကလေးမှ အကြင်နာတရားမရှိတဲ့ မိန်းမ ... ။

"ခဏနေရင် ငါ့အတွက် အချိုရည်တစ်ခွက်ပို့ပေးစမ်း ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

"ဒေါက် ..."

"ဒေါက် ..."

တဒေါက်ဒေါက်အသံပေးရင်း အပေါ်ထပ်ကို တက်သွားပြီ။

မဂုဏ္ဍာ ...

အချိုရည်တစ်ခွက်ကို အမြန်ဖျော်လိုက်ရသည်။

"မဂုဏ္ဍာ ..."

"ရှင် ... မမကြီး ..."

"ဒီမှာ ထိုင်စမ်း ..."

"ဟုတ် ..."

အချိုရည်ခွက်ကလေးကို စားပွဲပေါ်တင်ပေးရင်း သူ့အနားက ခုံပုကလေးမှာ ဝင်ထိုင်လိုက်ရသည်။

"ငါ့ကိုကြည့် ..."

"ရှင် ..."

နားမလည်ပါ။ မမကြီး ဘာဖြစ်လာတာလဲ ... ။





"ကြည့်စမ်း ..."

"ဟုတ် ... ဟုတ် ..."

အတင်းကြည့်ခိုင်းနေလို့ မဂုဏ္ဍာ ကြည့်လိုက်ရသည်။

"ငါ မလှဘူးလား ..."

"ရှင် ..."

"ငါ ... မလှဘူးလားလို့ ..."

"လှ ... လှပါတယ် ..."

"ငါ ... ဒီနေ့ပျော်တယ် ..."

ပျော်တယ်တဲ့ ... ။

"ဒေါက်တာနှောင်စွဲထင် သေသွားလို့ ..."

"ဘုရား ... ဘုရား ..."

မဂုဏ္ဍာစိတ်ထဲက ကျိတ်ပြီး ဘုရားတ,လိုက်သည်။

"လက်ထပ်တဲ့ ညကတည်းက ... ငါနဲ့ အတူတူမအိပ်ခဲ့တဲ့ ယောကျ်ား ..."

"ရှင် ..."

"သုံးနှစ်ရှိသွားပြီ ..."

နာကြည်းနေတဲ့ မမကြီးရဲ့မျက်လုံးတွေ။

"သူ စွဲလမ်းခဲ့တာ ဟိုမိန်းမ ..."

ဘယ်မိန်းမလဲ ... ။



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇာမသိပါ ... ။

"ဟင်း ... ဟင်း ... ။

ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာရပ်ပြီး သူ့တစ်ကိုယ်လုံးရှိနေတဲ့ အလှတွေကို တမက်တမော ပြန်ကြည့်နေတဲ့ ပန်းမာလာ။

သဘောကျနေသည်။

တဟင်းဟင်းနဲ့ ရယ်မောနေသည်။

ဒေါက်တာနှောင်စွဲထင် အလကား ... ။

ဘာတစ်ခုမှ အသုံးမကျတဲ့ ယောက်ျား ... ။

သူမ မျက်ရည်တောင် တစ်စက်မကျခဲ့ ... ။

မိဘတွေ အတင်းပေးစားလို့ ယူလိုက်ရတာ ... ။

ညားကတည်းကလည်း သူမနဲ့ ဒေါက်တာနှောင်စွဲထင်တို့ အိမ်ထောင်ရေး အဆင်မပြေခဲ့ပေ ... ။

ပြန်ကွာချင်ပေမဲ့ ... အမွေကိစ္စတွေက ရှိသေးသည်။

ခုတော့ ရှင်းရှင်းလင်းလင်းဖြစ်သွားပြီ ... ။

ညီအစ်ကိုသုံးယောက် ညီတူမျှတူရထားတဲ့ အမွေတွေ။

ဘဏ်တွေမှာ ကိုယ်စီအပ်ထားခဲ့ကြသည်။

ဥပဒေအရ ... ဒေါက်တာနှောင်စွဲထင် နာမည်နဲ့ အပ်ထားခဲ့တဲ့ငွေတွေ။





ပန်းမာလာတစ်ယောက်တည်း အပိုင်သိမ်းပစ်လိုက်ရုံပဲ။

ကိုကိုခေါင်ဖျားမှာလည်း ဘဏ်မှာအပ်ထားတဲ့ငွေတွေက အများကြီး ... ။

ပန်းမာလာ မကျေနပ်တာက ... တိမ်ဖျားကိုပင် ... ။

ယောက္ခထီးနဲ့ ယောက္ခမ လက်ထက်ပွား။

ရတနာတွေ ပျောက်နေတာ တိမ်ဖျားလက်ချက်ဖြစ်နိုင်နေသည်။ အမွေစုစာရင်းမှာ ပါမလာခဲ့။

ဒေါက်တာနှောင်စွဲထင်နဲ့ ပန်းမာလာ။

နှစ်ဘက်လူကြီးတွေရှေ့မှာ လက်ထပ်စာချုပ်လက်မှတ် ထိုးခဲ့ကြတဲ့နေ့က ပန်းမာလာရဲ့ယောက္ခမလည်ပင်းက အိနေတဲ့ စိန်လည်တုန်ကြိုးကြီး။

သူမ တစ်ရက်ပဲ မြင်လိုက်ရသည်။

တခြားဟာတွေ ဘာမှမရရင်နေပါစေ။

အဲဒီစိန်လည်တုန်ကြိုးကြီးကိုရရင် သူမ ကျေနပ်ပါပြီ။

တိမ်ဖျား ... လည်လိုက်တာ ... ။

အပျောက်ရိုက်ပြီး တောထဲမှာ တစ်ယောက်တည်းသွားနေသည်။

ကြည့်လိုက်ရင် အမွေတွေကို ဘာမှမမက်တဲ့ ပုံစံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ဖျားကလည်း ရှူးနေသည်။

စန္ဒရားတီးဖို့နဲ့ တယောထိုးဖို့ကလွဲရင် ဘာကိုမှ စိတ်မဝင်စား။

ပန်းမာလာ ... သက်ပြင်းရှည်ကြီးကို ချလိုက်သည်။

"ရပြီ မဂုဏ္ဍာ ... နင် သွားတော့ ..."

မဂုဏ္ဍာကို ပြန်မောင်းထုတ်လိုက်သည်။

"ဟင်း ... ဟင်း ..."

မှန်ကြီးရှေ့မှာ သူမတစ်ယောက်တည်း။

သေပြီ ... ။

ဒေါက်တာနှောင်စွဲထင် သေပြီ ... ။

"ဟား ... ဟား ..."

အရူးတစ်ယောက်လို သူမ အော်ရယ်နေသည်။

သည်အသံကြောင့် ... ။

နှာခေါင်းရှုံ့ပြီး ... လှေကားပေါ်က ဆင်းလာတာ မဂုဏ္ဍာ။

မမကြီး ...

သူကတော့ ကမ္ဘာပေါ်မှာ ရှားမှရှားတဲ့ မိန်းမ ...

ယောကျ်ားသေတာပဲ ပျော်ရတယ်လို့ ... ။

ဂုဏ္ဍာကတော့ ...





တစ်သက်နဲ့ တစ်ကိုယ် သည်တစ်ခါပဲ ကြားဖူးသေးသည်။

"မဂုဏ္ဍာရယ် ... ကြာလိုက်တာ ..."

"ဟင် ... မမ မအိပ်သေးဘူးလား ..."

အိပ်လို့မရတာ လှမ်းတမှီ ... ။

စိတ်တွေ ချောက်ချားနေသည်။

အိမ်ရှေ့ခန်းမှာ အသက်မဲ့နေတဲ့ ဒေါက်တာနှောင်စွဲထင်ရဲ့ရုပ်အလောင်းကြီး။

သည်အလောင်းကြီးနားမှာ ဘယ်သူမှမရှိ။

မီးစက်ကိုလည်း ခုထိမဖွင့်သေး။

စန္ဒရားသံကလည်း လွမ်းဆွတ်ကြေကွဲဖွယ်ကောင်းအောင် ပေါ်ထွက်နေသည်။

သည်အသံကလွဲရင်

တခြားအသံမရှိလောက်အောင် တိတ်ဆိတ်ခြောက်ကပ်နေတဲ့ အိမ်ကြီး။

"ခွပ် ... ခွပ် ..."

"ခွပ် ... ခွပ် ..."

"ဟာ ... ကိုကိုလေးတိမ်ဖျား ပြန်လာပြီ ..."

အဆက်မပြတ်ပေါ်ထွက်လာတဲ့ မြင်းခွာသံတွေ။



www.burmeseclassic.com

www.burmeseclassic.com



မဂုဏ္ဏာ ပျာယာခတ်သွားသည်။

ကိုကိုလေးတိမ်ဖျား ပြန်လာပြီတဲ့။

မြင်းနဲ့ အရောက်ပြန်လာတာပဲ။

မဂုဏ္ဏာ အိမ်ရှေ့ကို ပြေးထွက်သွားသည်။

တစ်အိမ်လုံး ကြားအောင်လည်း အော်လိုက်၏။

"ကိုကိုလေးတိမ်ဖျား ပြန်လာပြီ ..."

"ဟော ..."

မီးတွေပါ လင်းထိန်သွားပြီ။

လှမ်းတမ်း အခန်းဝကနေ အခြေအနေကို အကဲခတ်လိုက်သည်။

တိမ်ဖျား ...

ညီအစ်ကိုသုံးယောက်တည်းက အငယ်ဆုံးညီလေး တိမ်ဖျား။

ဟာ ...

တိမ်ဖျားကို ကြည့်ပြီး ... ။

တစ်ကိုယ်လုံး အေးစက်သွားခဲ့ရတာ လှမ်းတမ်း ...

သူမ ရင်တွေပါ တုန်သွားသည်။





## အခန်း (၂)

မျက်နှာမှာ ပါးမြိုင်းမွေးစိမ်းတွေနဲ့ ... ။

အရပ်ကလည်း မြင့်လိုက်တာ ... ။

ဂျင်းအင်္ကျီနဲ့ ဂျင်းဘောင်းဘီကို တွဲဝတ်ထားသည်။

သို့သော် ... ။

သူ့မျက်လုံးတွေက ကြေကွဲလို့ ... ။

စောစောက ဘယ်သူမှ မရှိခဲ့တဲ့ ဒေါက်တာနှောင်ဖွဲ့ထင်ရဲ့အလာင်းဘေးမှာ ခုတော့လည်း လူတွေပြည့်လို့ ... ။

"ဘယ်လိုဖြစ်သွားတာလဲ ..."

သူမေးလိုက်တာ တစ်ခွန်းတည်း ... ။

ဘယ်သူမှ ရုတ်တရက် မဖြေရဲကြ ... ။



www.burmeseclassic.com

www.burmeseclassic.com



မဖြေနိုင်ကြ ...။

"ဘယ်လိုဖြစ်သွားတာလဲလို့ မေးနေတယ်လေဗျာ ..."

ပန်းမာလာဆင်းလာပြီ ...။

"ဟို ... ဟို ..."

ဖြေဖို့လှုပ်နေတဲ့ ဦးအထွားကို တွန်းဖယ်ပြီး တိမ်ဖျားကို သူမ မျက်နှာချင်းဆိုင်လိုက်သည်။

"စန္ဒရားတီးနေရင်း နှလုံးသွေးရပ်သွားတာ ..."

"ဟင် ..."

ပန်းမာလာကိုမြင်တော့ တိမ်ဖျား မျက်လုံးတွေပို ပြီး ကြေကွဲဖအားစက်သွားသည်။

"ခင်ဗျားကမှ ကိုလတ်ကို ဂရုမစိုက်တာ ..."

"ဘာ ..."

"ခင်ဗျားတို့အားလုံး အလကားပဲ ..."

တိမ်ဖျား ပေါက်ကွဲသွားပြီ။

"ဦးအထွ ..."

"ဦးအထွ ..."

ဦးအထွကို အော်ခေါ်နေသည်။

"ငါ ... ငါ ... ဒီမှာရှိတယ်လေကွာ ... တိမ်ဖျား ..."

"ကိုလတ်အလောင်းကို ညတွင်းချင်း သင်္ဂြိုဟ်မယ် ..."





တိမ်ဖျားအမိန့်ကို ဘယ်သူမှ မလွန်ဆန်ရဲ ...။

ဒေါက်တာနှောင်စွဲထင် ...။

သူ မသေခင်ကတည်းက အားလုံးကို အကွက်ကျကျ စီစဉ်ထားခဲ့ပြီးသားပါ။

မေ့ပါနိုင်ခြံကြီးရဲ့ အရှေ့ဘက်က တောင်ကုန်းပေါ်မှာ ...။

သူ ထာဝရ အိပ်စက်ရမဲ့နေရာကို သူကိုယ်တိုင် ရွေးချယ်ပြီး ပြင်ဆင်သွားခဲ့သည်။

အုတ်ကြွပ်မိုးအနီရောင်နဲ့ အဆောက်အဦ ကလေး။

ထိုအဆောက်အအုံကလေးရဲ့ ဘေးပတ်ပတ်လည်မှာ တိမ်တောင်ညိုပြာပန်းတွေကိုစိုက်လို့ ...။

"တောင်ကုန်းပေါ်မှာ မီးတွန်းစမ်း ..."

လင်းထိန်သွားပြီ။

တောင်ကုန်းပေါ်ကို သွားတဲ့လမ်းတစ်လျှောက်က မီးတွေ။ အိမ်ကြီးထဲကနေ လှမ်းကြည့်ရင်တောင် မြင်နေရသည်။

"တိမ်ဖျား ..."

"ဟင် ..."

မခံချင်ဖြစ်နေတာ ပန်းမာလာ။

"မင်း သူ့ကို ချက်ချင်းသင်္ဂြိုဟ်တော့မလို့လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ကိုလတ်ရဲ့ဆန္ဒ ..."

"သိတယ် ... အဲဒါကိုလည်း မာလာသိတယ် ..."

ပန်းမာလာရဲ့နှုတ်ခမ်းတွေ တွန့်ကွေးသွားသည်။

"မာလာမကျေနပ်တာ အဲဒါ မဟုတ်ဘူး ..."

"ဟင် ..."

မာကျောအေးစက်နေတဲ့ တိမ်ဖျားရဲ့အကြည့်တွေ။

သူမဘက်ကို ဆတ်ခနဲ လှည့်လာပြီ။

"မာလာ ဂရုမစိုက်ခဲ့တာ မဟုတ်ဘူး ... သူ့ကို မာလာ ပစ်ပယ်ထားခဲ့တာ မဟုတ်ဘူး ... မေ့ပါနိုင်တစ်ခုလုံး အဲဒါကို သိတယ် ..."

"ခင်ဖျား မပြောနဲ့ ..."

"ဘာ ..."

တိမ်ဖျား ... ပန်းမာလာကို လှည့်မကြည့်တော့ပါ။

မျက်နှာကို ချက်ချင်းလွှဲဖယ်ပစ်လိုက်သည်။

"တိမ်ဖျားလေး ... မဆိုင်တာတွေ အခုမှ လျှောက်ပြော မနေနဲ့ ... နှောင်းစွဲလည်းသေပြီ ... သူ့ဆန္ဒအတိုင်း ဘယ်လို မကောင်းအောင်လုပ်မလဲပဲစဉ်းစား ..."

စောစောက ပြောင်းဖက်ဆေးလိပ်ကြီးကိုင်ပြီး ... ထွက်လာခဲ့တဲ့ အဘွားကြီး ...။





လှမ်းတမှီကို ချက်ချင်းပြန်ခိုင်းနေတဲ့ အဘွားကြီး။

တိမ်ဖျားကို ဝင်ပြောနေသည်။

"ကျွန်တော် သိတယ်ဘွား ... ကိုလတ် ဘာကြောင့် အခုလို ဖြစ်ရတာလဲဆိုတာကိုလည်း ကျွန်တော် နားလည်တယ်၊ ဒါပေမဲ့ဗျာ ..."

"တောက် ..."

နာကျင်စွာ တောက်ခေါက်နေတဲ့ တိမ်ဖျား။

သူတို့ကြားထဲကို မဝင်ရဲတာ လှမ်းတမှီပါ။

အခြေအနေကို စောင့်ကြည့်ရင်း ခြေဖျားလက်ဖျားတွေပါ အေးစက်နေရသည်။

မေ့ပါနိုင်မှာ သူမ မသိနိုင်တဲ့ ဇာတ်လမ်းတွေ။

သူမ သိခဲ့တာ ဒေါက်တာနှောင်းစွဲထင်တစ်ယောက်ကိုပဲ သိထားခဲ့သည်။

ဒေါက်တာနှောင်းစွဲထင်သည် သူမနဲ့ ကျောင်းနေ ဖက်သူငယ်ချင်း။

ကျောင်းမှာကတည်းက သူမ အချစ်ကို တောင်းခံခဲ့သည်။

သို့သော် ... အချစ်ကို မယုံကြည်ခဲ့တာ သူမ ...။

အချစ်ကို မလိုအပ်ခဲ့တာ သူမ ...။



www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်စက်စက်ပင် ဒေါက်တာနှောင်စွဲထင်ရဲ့ အချစ်တွေကို သူမ ငြင်းပယ်ခဲ့သည်။

သည်လိုနဲ့ ...

သူမကို စိတ်နာသွားခဲ့တာ ဒေါက်တာနှောင်စွဲထင်။

မြိုင်သာပြန်သွားသည်။

မြိုင်သာက မိန်းမချောတစ်ယောက်နဲ့ လက်ထပ်သွားခဲ့သည်။

သူမ အခုလိုလာတာ ... ။

ဆိုးဝါးစွာ ကျန်းမာရေး ချို့တဲ့နေတဲ့ ဒေါက်တာနှောင်စွဲထင်ကို သူမကိုယ်တိုင် ဆေးကုပေးချင်လို့။ သူငယ်ချင်း သံယောဇဉ်နဲ့ လိုက်လာခဲ့တာပါ။

ဆေးလည်း မသောက်ဘူးတဲ့ ... ။

ဆေးလည်း မကုဘူးတဲ့ ... ။

ဘယ်ဆရာဝန်ကိုမှလည်း သူ့အနားကို အကပ်မခံဘူးတဲ့ ... ။

ဒေါက်တာနှောင်စွဲထင်ကိုယ်တိုင် သူမဆီကို စာရေးလိုက်လို့ သူမ သိခဲ့ရတာပါ။

ခုတော့ ...

သူမ မြိုင်သာကိုရောက်တော့ နောက်ကျသွားခဲ့သည်။





ဒေါက်တာနှောင်စွဲထင်သည် ...

သူမကိုပင် နှုတ်ဆက်မသွားနိုင်တော့။

"ဦးအထွေ ..."

"ပြောလေကွာ ... တိမ်ဖျား ..."

"တောင်ကုန်းပေါ်မှာ အဆင်သင့်ဖြစ်ပြီလား ..."

"ဖြစ်ပြီ ..."

"ဒါဆို ... အလောင်းကို တောင်ကုန်းပေါ်ရောက်အောင် ရွှေ့မယ်"

မေ့ပါနိုင်ရဲ့အလုပ်သမားတွေ ... ။

ပျာယာခတ်အောင် အလုပ်များသွားသည်။

"ဟွန့် ..."

နှုတ်ခမ်းတွေ ဆူတင်းနေတာ ပန်းမာလာ။

ကောင်းတယ် ... ။

ချက်ချင်းသင်္ဂြိုဟ်လိုက်တော့ အိမ်ကြီးထဲမှာ ရှင်းသွားတာပေါ့။

ဒီအတိုင်းကြီးကို ဘာလို့ ထိုင်ကြည့်တော့မှာလဲ။

စိတ်ဆင်းရဲစရာကြီး။

စိတ်ပျက်စရာကြီး။

တောင်ကုန်းပေါ်ကို သယ်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



မေ့ပါနိုင်ရဲ့မိသားစုဝင်တွေ စီတန်းပြီး တောင်ကုန်းပေါ်ကို လိုက်သွားကြပြီ။

"မမ ... လာလေ ..."

မဂ္ဂဇာ ... လှမ်းတမှီကို ဆွဲခေါ်နေသည်။

"နေ ... နေဦး ... မဂ္ဂဇာ ..."

သတိရလိုက်တာ ...

ဒေါက်တာနောင်စွဲထင် လူပျိုတုန်းက သူမကို အမှတ်တရပေးခဲ့တဲ့ ပစ္စည်းလေး။

အဖြူရောင်နှင်းဆီ စက္ကူပန်းပွင့်ကလေး။

သူမအိတ်ထဲက ဆွဲထုတ်လိုက်သည်။

ပြီးတော့ ... သူမလက်ထဲက လက်ကိုင်ပဝါလေးမှာ တွဲပြီး နှင်းဆီဖြူကလေးကို ချည်လိုက်သည်။

"မမရေ ... မြန်မြန်လာ ... ဟိုမှာ သွားကုန်ကြပြီ ..."

မဂ္ဂဇာ အော်နေပြီ။

မီးရောင်တွေနဲ့လည်းထိန်နေတဲ့ တောင်ကုန်းလေး။

သူမပါ မဂ္ဂဇာနဲ့အတူ ရောက်သွားသည်။

"ခဏလေးနေပါဦး ..."

ပန်းပွင့်လေးကို အလောင်းသေတ္တာထဲကို ထည့်ပေးလိုက်ဖို့ ကြိုးစားလိုက်တဲ့ လှမ်းတမှီ။





"ဟင် ..."

သူမကို တိမ်ဖျား တွေ့သွားသည်။

"သူ ... သူက ဘယ်သူလဲ ဦးအတ္တ ... မေ့ပါနိုင်ထဲကို သူ ဘယ်လိုရောက်လာတာလဲ ..."

အထိတ်တလန့်နဲ့ ဖြစ်သွားတဲ့ တိမ်ဖျား ... ။

လှမ်းတမှီကိုကြည့်ပြီး အသက်ရှူမှားသွားသည်။

"ဟို ... ဟို ... နောင်ဖွဲ့ရဲ့ကျောင်းနေဘက်သူငယ်ချင်း"

"ဘာ ..."

"သူ့နာမည်က လှမ်းတမှီတဲ့ ..."

"လှမ်းတမှီ ..."

တိမ်ဖျား ... ။

တစ်ကိုယ်လုံး တောင့်တင်းအေးစက်သွားသည်။

ကိုလတ် ... တဖွဖွပြောခဲ့တဲ့ လှမ်းတမှီ ... ။

ကိုလတ် အမြဲတမ်းတခဲ့တဲ့ လှမ်းတမှီ ... ။

သူ ... သူ ...

မေ့ပါနိုင်ကို ဘာလာလုပ်တာလဲ။

ကိုလတ်ကို စွဲလမ်းယစ်မူးစေခဲ့တဲ့ မိန်းမ ... ။

သူ့ကြောင့် ... မြိုင်သာကို ဒဏ်ရာတွေနဲ့ ပြန်ရောက်လာခဲ့တဲ့ ကိုလတ်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးအထ္တ ..."

"ပြောလေ ... တိမ်ဖျား ..."

"သူ ဘယ်တုန်းက ရောက်နေတာလဲ ..."

"အခုညနေ မိုးချုပ်မှ ရောက်လာတာ ... နှောင်စွဲအသက်ကို တောင် မမီလိုက်ဘူး ..."

"ကဲ ... ကြာတယ် ... အလောင်းကို မြေကျင်းထဲချမယ်"

ပေါက်တာနှောင်းစွဲထင်ရဲ့ရုပ်အလောင်းကို ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ပေးနေတဲ့ တိမ်ဖျား။

ကြေကွဲခြင်းများစွာဖြင့်။

ထိုအချိန်မှာ ...

ချာခနဲလှည့်ထွက်သွားတာ ...။

ပန်းမာလာပင် ...။

သင်္ဂြိုဟ်ပြီးတဲ့အချိန်ထိတောင် မစောင့်။

"ဟင် ..."

ပန်းမာလာကိုကြည့်ပြီး အံ့သြရသူတွေက မေ့ပါနိုင်၏မိသားစုဝင်များပင်ဖြစ်သည်။

စိတ်မကောင်းတာ ...။

သူထင်တာ သူလုပ်နေတဲ့ ပန်းမာလာပဲ ...။

"ဦးအထ္တ ..."





"ဟင် ..."

"လှမ်းတမှီနဲ့ ကျွန်တော် စကားပြောချင်တယ် ..."

"ပြောလေ ..."

"သူ့ကို ခဏစောင့်ခိုင်းလိုက်ပါ ..."

လူရှင်းသွားပြီ။

တောင်ကုန်းပေါ်မှာ ...။

ဦးအထ္တရယ် ...။

လှမ်းတမှီရယ် ...။

တိမ်ဖျားရယ် ... သုံးယောက်တည်း ...။

"လှမ်းတမှီ ..."

"ရှင် ..."

ဦးအထ္တ ...။

သူမအနားကို တိုးကပ်လာသည်။

"တိမ်ဖျားက မင်းနဲ့ စကားပြောချင်နေတယ် ..."

"ရပါတယ် ... လှမ်းတမှီကလည်း တိမ်ဖျားနဲ့ တွေ့ချင်ပါတယ်"

တိမ်ဖျား ...။

လှမ်းတမှီကိုရော ဦးအထ္တကိုပါ ပြောခိုင်းထားသည်။

"ခင်ဗျား ... ခင်ဗျား ... မေ့ပါနိုင်ကို ဘာကိစ္စနဲ့ လာခဲ့တာလဲ၊ အဲဒါ ကျုပ် သိပ်သိချင်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဖျားမေးပြီ ... ။

သူမကို လှည့်မကြည့်ဘဲ မေးလိုက်တဲ့ မေးခွန်း။

"အဲဒါ နှောင်ဖွဲ့ကြောင့် ... ဒေါက်တာနှောင်ဖွဲ့ထင်ကြောင့်"

"ဟင် ... "

ပြောရမဲ့တာဝန်က သူမရဲ့တာဝန်ပဲ။

"ကျွန်မ ... ဒေါက်တာနှောင်ဖွဲ့ထင်ကို ဆေးကုပေးချင်လို့ သူငယ်ချင်းဆိုတဲ့ သံယောဇဉ်စိတ်တစ်ခုတည်းနဲ့ လာခဲ့တာ"

အဖြေက ရှင်းပါသည်။

သည်သံယောဇဉ်စိတ်တစ်ခု တခြား ဘယ်စိတ်မှ လုံးတမှီထဲမှာမရှိ။

ကျောင်းနေဖက်သူငယ်ချင်းတွေ။

စာတွေကျက်တော့လည်း အတူတူ။

ဟောက်ဆာဂျင်ဆင်းတော့လည်း အတူတူ။

အမြဲတတွဲတွဲနေလာခဲ့တဲ့ သူငယ်ချင်းနှစ်ယောက်။

"ခင်ဗျားကြောင့် ကိုလတ် ဘဝပျက်ခဲ့တာပါလို့ ကျုပ်က စွဲချက်တင်မယ်ဆိုရင် ခင်ဗျား ဘယ်လိုဖြေရှင်းမလဲ ... "

"ဟင်း ... ဟင်း ... "

သူမ ...

မရယ်ချင်ဘဲနဲ့ ရယ်လိုက်ရသည်။





"အဲဒါ ... နှောင်ဖွဲ့ရဲ့ ပုဂ္ဂလိက တစ်ဖက်သတ်ခံစားချက်ပါ၊ ကျွန်မမှာ အပြစ်မရှိဘူးလို့ ဒီနေ့အထိ ကျွန်မကိုယ်ကျွန်မ ယုံတယ် ... ကျွန်မ နှောင်ဖွဲ့ကို မလိမ်ခဲ့ဘူး ... ကျွန်မ နှောင်ဖွဲ့ကို မညာခဲ့ဘူး ... သူငယ်ချင်းအချစ်ထက် မချစ်ခဲ့ တာ ကျွန်မ အပြစ်လားဟင် တိမ်ဖျား ... "

"ဟုတ်တယ် တိမ်ဖျား ... ဦးအဏ္ဏကို ဒေါက်တာနှောင်ဖွဲ့ထင် ခဏခဏ ပြောဖူးတယ် ... လုံးတမှီမှာ အပြစ်မရှိဘူးတဲ့ ... "

"ထားလိုက်ပါတော့ဗျာ ... ဒီကိစ္စတွေကို အခုချိန်မှာ ဆွေးနွေးနေတော့လည်း အပိုပဲ ... ကဲ ... ခင်ဗျားတွေ့ချင်တဲ့ ဒေါက်တာနှောင်ဖွဲ့ထင်လည်း မေ့ပါနိုင်မှာ မရှိတော့ဘူး ... ခင်ဗျား ဘယ်တော့ပြန်မှာလဲ ... "

အပြတ်ပဲ ... ။

သူမကို မေ့ပါနိုင်မှာ ဆက်ပြီးမနေစေချင်တဲ့လူတွေ။

အဲဒီအထဲမှာ တိမ်ဖျားပါ ပါလာခဲ့ပြီ။

"ကျွန်မ ပြန်မှာပါ ... ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူး"

"ဟင် ... "

"စိတ်ပြေလက်ပျောက် မြို့သာမှာ ဆက်နေဖို့ ကျွန်မ ဆုံးဖြတ်ထားတယ် ... "

"မင်း ... "



www.burmeseclassic.com

www.burmeseclassic.com



ဦးအထွေးရော။ တိမ်ဖျားပါ ... ဘာမှမပြောသာ။

“ဆရာဝန်ရှားပါးတဲ့ ဒီမြို့သာတစ်ပိုက်မှာ ကျွန်မ လူတွေကို ဆေးကုပေးချင်သေးတယ် ... နှောင်းစွဲအတွက် ကောင်းမှု ကုသိုလ်လုပ်ပေးချင်တဲ့ သဘောပါ ...”

“ဦးအထွေ ...”

“ဟင် ... တိမ်ဖျား ...”

“သူ နေတဲ့ရက်တွေမှာ ခင်ဗျား သူ့ကို စောင့်ရှောက်လိုက်ပါ လား ...”

“အေးပါကွာ ...”

“ကျွန်တော် မနက်မိုးလင်းတာနဲ့ ပြန်လာခဲ့မယ် ...”

“အေး ... အေး ...”

တိမ်ဖျား ထွက်သွားပြီ။

ကျန်ခဲ့တာ ဦးအထွေနဲ့ လှမ်းတမို နှစ်ယောက်တည်း။

“မင်း သိပ်ကံကောင်းတယ် လှမ်းတမို ...”

“ရှင် ...”

“တိမ်ဖျားက မင်းကို ဒီမှာ နေခွင့်ပေးလိုက်ပြီ”

“ကျေး ... ကျေးဇူးတင်ပါတယ် ဦးအထွေ ...”

“ဒီမေ့ပါနိုင်မှာ တိမ်ဖျားက အစိကပဲ ...”

မြင်းခွာသံတွေ ကြားလိုက်ရသည်။





“သူ ... သူ ဘယ်ကို ပြန်သွားတာလဲ ...”

“ရင်ကွဲတောင်ချောင်းဖျား ...”

“ဟင် ...”

“သူ တစ်ယောက်တည်းနေတာလား ...”

“ဟုတ်တယ် ... ဘယ်သူနဲ့မှ အရောတဝင် သူ မနေတတ်ဘူး၊ ငါးမျှားတယ် ... အမဲလိုက်တယ် ... အဲဒါ သူ့အလုပ်ပဲ ...”

လှမ်းတမိုရဲ့ မျက်လုံးထဲမှာ ... ။

တိမ်ဖျားရဲ့ အရိပ်တွေက စွဲထင်ကျန်နေခဲ့ရသည်။

ယံတိမ်ဖျား ... ။

အဲ ... ယံခေါင်ဖျားကျတော့ ... ။

တစ်မျိုး ... ။

www.burmeseclassic.com



## အခန်း (၃)

"သွား ..."
"သွား ..."
"မလာနဲ့ ... ငါ့အနားကို ဘယ်သူမှ မလာနဲ့ ..."
"ဒေါင် ..."
"ဒင် ..."
"ဒင် ..."

စူးစူးဝါးဝါး အော်ပစ်လိုက်တဲ့အသံ ...။
ပြီးတော့ ...
ဆူဆူညံညံပေါ်ထွက်လာတဲ့ စန္ဒရားသံ။





"ခေါင်ဖျား ..."
"ခေါင်ဖျား ..."
"အိပ်တော့လေ ... ဘယ်အချိန်ရှိနေပြီလဲ ..."

ဘွားအိမ်စိုးရဲ့အသံ ...။

အပေါ်ထက်ဆီက တဖျပ်ဖျပ် နင်းရွှေ့သွားတဲ့ ခြေသံတွေကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။

"မဂ္ဂလာ ..."
"မဂ္ဂလာ ..."
"ဟင် ... မမ ..."

လှမ်းတမှီ လှုပ်နှိုးလိုက်လို့ အိပ်မှုန်စုံမွှား ထ,လာတဲ့ မဂ္ဂလာ။

မျက်လုံးတွေကို ပွတ်သပ်ပြီး လှမ်းတမှီကို အသည်းအသန် လိုက်ကြည့်နေ၏။

"ဘာဖြစ်လို့လဲ ..."
"ဘာဖြစ်လို့လဲ ..."
"အပေါ် ... အပေါ်ထပ်မှာ ..."
"ဟင် ..."

ဆူညံနေတဲ့အသံတွေ ...။
မဂ္ဂလာလည်း ကြားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ကိုကိုကြီးခေါင်ဖျားအသံပဲ ..."

မဂ္ဂလာ သဘောပေါက်သွားသည်။

"မကြောက်နဲ့ မမ ... ကိုကိုကြီးခေါင်ဖျားက အမြဲ အဲလို ဖြစ်တတ်တယ် ... အဲဒါ သူ အိပ်မပျော်လို့ ..."

"မဂ္ဂလာရေ ..."

"မဂ္ဂလာ ..."

အပေါ်ထပ်က မဂ္ဂလာနာမည်ကို လှမ်းခေါ်နေတဲ့ အသံ။

"ဟင် ..."

"မဂ္ဂလာကို ခေါ်နေပြီ ..."

မဂ္ဂလာ အပေါ်ထပ်ကို ပြေးတက်လာခဲ့သည်။

"ဘာဖြစ်လို့လဲ ဘွား ..."

ဘွားအိမ်စိုးက ကိုကိုကြီးခေါင်ဖျားအနားမှာ ...။

"ခေါင်ဖျား ကိုယ်တွေအရမ်းပူနေတယ် ... ဆေးတစ်ခွက် ယူလာစမ်း ..."

ခေါင်ဖျား ကိုယ်တွေအရမ်းပူနေလို့တဲ့ ...။

"မမ ..."

"ဟင် ..."

မဂ္ဂလာ သူမဆီကို ပြန်ရောက်လာသည်။





"ကိုကိုကြီးခေါင်ဖျား ကိုယ်တွေအရမ်းပူနေလို့တဲ့ ..."

"ဟုတ်လား ... ဒါဆို မမ လိုက်ကြည့်မယ် ..."

ဆေးအိတ်ကလေးကိုယူပြီး ...

နှစ်ယောက်သား ပြေးတက်လာခဲ့သည်။

"ဟဲ့ ... မဂ္ဂလာ ... သူ့ကို ဘာဖြစ်လို့ ခေါ်လာတာလဲ"

"သူ ... သူက ... ဒေါက်တာလေ ... ဘွားရဲ့ ..."

ဘွားအုပ်စိုး မကြိုက်ပေ။

မလိုလားတဲ့ မျက်လုံးတွေနဲ့ လှမ်းတမှီကို ကြည့်နေသည်။

"သွား ... သွား ... မလိုဘူး ... သူ့ကို ပြန်ဆင်းခိုင်းလိုက်"

"ဟင် ..."

လှမ်းတမှီ စိတ်ထဲ ထင့်ခနဲတော့ ဖြစ်သွားသည်။

ဘွားအိမ်စိုး ... မာကျောလိုက်တာ။

လှမ်းတမှီနဲ့ ပတ်သက်ချစ်ပုံမရ။

အတင်းပြန်ဆင်းခိုင်းနေသည်။

"ဟို ... ဟို ..."

မဂ္ဂလာ ဘာဆက်ပြောရမှန်းမသိ။

လှမ်းတမှီကိုပဲ အားနာနေတဲ့ မျက်လုံးတွေနဲ့ ပြန် လှည့်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ...

လှမ်းတမှီကို ရုတ်တရက်တွေ့သွားတာ ယံခေါင် ဖျားး။

"သူ ... သူက ဘယ်သူလဲ ..."

ထိတ်လန့်တုန်လှုပ်စွာ မေးနေပြီ။

"နှောင်စွဲ သူငယ်ချင်း ... ညဦးပိုင်းကမှ ရောက်လာတာ"

ဘွားအိမ်စိုး မဖြေချင်ဖြေချင်နဲ့ ပြန်ဖြေနေသည်။

"နှောင်စွဲ သူငယ်ချင်း ..."

ခေါင်ဖျား မျက်လုံးတွေက ဝိုင်းစက်လို့ ... ။

"သိတယ် ... သိတယ် ... သူ့ကို ခေါင်ဖျားသိတယ် ... နှောင်စွဲ သူငယ်ချင်း ဒေါက်တာမ ..."

"ဟင် ..."

"နှောင်စွဲအမြဲပြောနေတဲ့ ဒေါက်တာမလေး ..."

သိသားပဲ ... ခေါင်ဖျားဆိုတဲ့လူ ... ။

သူ ဘယ်မှာရှုးလို့လဲ ... သူလည်း တိမ်ဖျားလိုပင်။

ခပ်တေတေ ... ခပ်ကြွမ်းကြွမ်းရုပ် ... ။

ပြုံပြုံပြင်ပြင်လေး နေလိုက်ရင် တော်တော်ချောလာမဲ့ ယောကျ်ားတစ်ယောက်။

"ကိုခေါင်ဖျား နေမကောင်းဘူးဆိုလို့ လှမ်းတမှီ လာကြည့်ပေးတာပါ ..."





"ဩော် ..."

သူ့မျက်လုံးတွေ ရွှန်းလက်သွားသည်။

"မလိုဘူး မြေးကြီး ... မင်း နေမကောင်းရင် တိုက်ရမဲ့ဆေးတွေ ဘွားတို့မှာ အကုန်ရှိတယ် ... မင်း သူနဲ့ ဘာမှ ပတ်သက်စရာ အကြောင်းမရှိဘူး ..."

ဘွားအိမ်စိုး တင်းမာနေဆဲ။

လှမ်းတမှီ ရောက်လာတာကို ဆန့်ကျင်နေဆဲ။

"အဲလို မပြောနဲ့လေ ... ဘွားရဲ့ ... သူက ဧည့်သည် ... ပြီးတော့ နှောင်စွဲ အချစ်ဆုံးသူငယ်ချင်း ... သူ ကြည့်ပါစေ"

"တိတ်စမ်း ..."

ဘွားအိမ်စိုး ဆက်ပြီး ...

"ဘာဖြစ်နေတာလဲ မဂုဏ္ဍာ ..."

အပေါ်ထပ်က ဆူဆူညံညံအသံတွေကြောင့် ပြေးတက်လာတာ ဦးအဏ္ဍ ... ။

"ကိုကိုကြီးခေါင်ဖျား နေမကောင်းလို့ မမလှမ်းတမှီ လာကြည့်ပေးတာ ... အဲဒါ ... ဘွား ... ဘွားက ..."

မဂုဏ္ဍာ ဆက်မပြောရဲပေ။

"တိမ်ဖျားက မှာသွားတယ် ... မေ့ပါနိုင်မှာ လှမ်းတမှီကို လက်ခံထားလိုက်ရမယ်တဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးအထွဲစကားက ရှင်းရှင်းလေး။

ဘွားအိမ်စိုး စိတ်လျှော့သွားသည်။

"မင်းတို့သဘော ... မင်းတို့သဘော ... မင်းတို့ ကျေနပ်ရင်ပြီးတာပဲ ..."

သူ့အခန်းထဲကို ဘွားအိမ်စိုး ပြန်ဝင်သွားသည်။

"တော်တော်ဖျားနေတာပဲ ..."

ယံခေါင်ဖျား ... ဆေးကုပေးတာကို ငြိမ်ခံနေ၏။

"ဆေးထိုးပေးမယ်နော် ..."

လှမ်းတမှီ ဆေးထိုးပေးလိုက်သည်။

"အင်း ..."

ကျေနပ်နေမိတာ ယံခေါဖ်ဖျား ...။

နှောင်စွဲသူငယ်ချင်း ဆရာဝန်မလေးတဲ့။

ချောလိုက်တာ။

အသားလေးတွေ အိစက်လို့။

နှောင်စွဲက သေပြီ။

သေမှာပေါ့ ...။

အရက်တွေ ဒီလောက်သောက်နေတဲ့ဟာ။

ဒီကောင် တကယ်စွဲလမ်းခဲ့တာ သူ့ရဲ့သူငယ်ချင်းကောင်မလေး ဒေါက်တာလှမ်းတမှီ ...။





ခေါင်ဖျား။

အမြဲကြားနေရတဲ့ နာမည်လေး။

ပန်းမာလာနဲ့ လက်ထပ်လိုက်ရတော့ ...။

ဒီကောင် ပိုဆိုးသွားခဲ့သည်။

နောက်ဆုံးတော့ ဆရာဝန်အရက်သမားဘဝနဲ့ နိဂုံးချုပ်သွားခဲ့ရပြီလေ။

ပန်းမာလာ ... သူမကတော့ အေးအေးဆေးဆေးပင်။

ဒေါက်တာနှောင်စွဲထင်အတွက် ဘာတစ်ခုမှ မခံစားရတဲ့ ပုံစံမျိုးဖြင့် အလုပြင်မပျက်။

မနက်မိုးလင်းတာနဲ့ ...။

ဆိုင်ကယ်တစ်စီးနဲ့ မြို့ထဲကိုထွက်ပြီ။

ကြော့လို့မော့လို့ ...။

ဘယ်သူ့ကိုမှလည်း ပန်းမာလာ ဂရုမစိုက်။

"ဟဲ့ ... မဂုဏ္ဍာ ..."

"ရှင် ... မမကြီး ..."

"ငါ့ကို ဘယ်သူမေးမေး ညနေမှ ပြန်လာမယ်ပြောလိုက်"

"ဟုတ် ... ဟုတ်ကဲ့ ..."

"ငါ့အခန်းကို သန့်ရှင်းရေးလုပ်ထား ..."

"စိတ်ချပါ ..."



www.burmeseclassic.com

www.burmeseclassic.com



သွားတာတောင် ကောင်းကောင်းမသွား ... ။

မဂ္ဂဇာကို နိုင်းသွားသေးသည်။

"ဟင် ... ယောကျ်ားသေတာတောင် မျက်ရည်တစ်စက် မကျတဲ့ မမကြီး ..."

မဂ္ဂဇာ ... ။

မျက်နှာလေးမဲ့ပြီး အခန်းဝမှာ ကျန်နေခဲ့သည်။

"မဂ္ဂဇာ ..."

"ဟင် ..."

မမလှမ်းတမှီ ... အဖြူရောင်ဝတ်စုံလေးနဲ့ ... ။

"တောင်ကုန်းလေးပေါ်ကို သွားရအောင် ..."

ဒေါက်တာနှောင်စွဲထင်ရှိနေတဲ့ တောင်ကုန်းလေး။

အိမ်ကြီးထဲကနေ လှမ်းမြင်နေရ၏။

မနက်မိုးလင်းတော့မှ လှမ်းတမှီ အံ့သြသွားသည်။

အရမ်းလှတဲ့ မေ့ပါနိုင်ခြံကြီးပဲ ... ။

မြက်ခင်းစိမ်းစိမ်းလေးတွေနဲ့ ... ။

ပန်းတွေကလည်း သူ့ထက်ငါအပြိုင် ရောင်စုံပွင့်လို့။

"ဟာ ... လှလိုက်တာ ..."

မယုံပေ ... ။ ညက မှောင်မည်းနေလို့ လှမ်းတမှီ သေချာမတွေ့လိုက်တာပါ ... ။





"အဲဒါတွေအားလုံး ... ဒေါက်တာနှောင်စွဲထင် လုပ်သွားတာလေ ... မမ ... တောင်ကုန်းလေးပေါ်က အဆောက်အအုံကိုတောင် သူကိုယ်တိုင် မသေခင် လှလှပပ လုပ်သွားတာ"

အမိုးစိမ်းစိမ်းလေးတွေနဲ့ အဆောက်အအုံကလေး။

"ဘာပြောတယ် ... နှောင်စွဲထင်မသေခင်ကတည်းက လုပ်ထားတာ ..."

လှမ်းတမှီ မျက်လုံးဝိုင်းနေသည်။

"ဟုတ်တယ် မမ ... သူသေရင် ဒီနေရာမှာပဲ သူ့ကို မြေမြှုပ်သင်္ဂြိုဟ်ပေးပါတဲ့ ..."

"ဟုတ်လား ..."

"အရက်ကတော့ နေ့တိုင်းသောက်တယ် ..."

"ဟင် ..."

"မမနဲ့ ရည်းစားဖြစ်ဖူးလားဟင် ..."

မဂ္ဂဇာ ... ဟန်မဆောင်တတ် ... ။

သူမကို ပွင့်ပွင့်လင်းလင်း မေးနေသည်။

"သူငယ်ချင်းတွေပါကွာ ..."

ရင်ထဲမှာ မကောင်း ... ။

နှောင်စွဲကို သတိရသွားသည်။

"လာ ... မမ ..."



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်ကလေးတွေအတိုင်း မဂုဏ္ဍာ ရှေ့က တက်သည်။

လှမ်းတမှီသည် မဂုဏ္ဍာနောက်က ဖြည်းဖြည်းမှန်မှန် လိုက်လာခဲ့၏။

ညက ...

ဒေါက်တာနှောင်စွဲထင်ကို ဂူသွင်းသင်္ဂြိုဟ်ခဲ့ရာနေရာလေး ... ။

ဦးအဋ္ဌ ... အလုပ်သမားတွေနဲ့ တစ်ညလုံးမအိပ်ခဲ့ရ။

အပြီးလုပ်လိုက်ကြသည်။

ခုတော့ ...

အကြွမ်းဖျဉ်းပြီးနေပြီ ... ။

"မမ ..."

"ဟင် ..."

"မမဒီမှာ အကြာကြီးနေမှာလားဟင် ..."

"စိတ်ပြေလက်ပျောက်ပါ မဂုဏ္ဍာရယ် ..."

လေပြည်လေးတွေ ဝှေ့ခတ်လိုက်တော့ လေပြည်ထဲမှာ ပန်းရနံ့လေးတွေ လွင့်ပါလာသည်။

"အကြာကြီးနေရင် မမစိတ်ညစ်သွားလိမ့်မယ် ..."

"ဟင် ... ဘာဖြစ်လို့လဲ ..."





"မမကြီး ပန်းမာလာက ဆိုးတယ် ..."

"ဩော် ..."

"ခုလည်း ထွက်သွားပြီ ..."

"ဘယ်ကို ထွက်သွားတာလဲ ..."

"ဖဲဝိုင်း ..."

"ဘာ ..."

"သူက လောင်းကစားဆို အရမ်းဝါသနာပါတယ် မမရဲ့ ... ဒေါက်တာနှောင်စွဲထင်ရထားတဲ့ အမွေတွေ သူ ဖြုန်းတာနဲ့ တင် ကုန်နေပြီ ..."

"ဟုတ်လား ..."

"သူတို့နှစ်ယောက် စကားလည်း မပြောဘူး ..."

"ဟင် ..."

"အိပ်တော့လည်း တစ်ယောက်တစ်ခန်းစီ ခွဲအိပ်တယ် ... မမကြီး ပန်းမာလာက ဆရာဝန်ဆိုတဲ့ ဂုဏ်နဲ့ ရလာမဲ့ အမွေတွေကိုမက်ပြီး လက် ပ်ခဲ့တာလေ ..."

"ဖြစ်မှဖြစ်ရလေကွယ် ..."

"ခုတော့ ... ဒေါက်တာက မရှိတော့ဘူးဆိုတော့ ... သူ ပိုပြီး လွတ်လပ်သွားတာပေါ့ ..."

မဂုဏ္ဍာ ... ။



www.burmeseclassic.com

www.burmeseclassic.com



သူသိသမျှတွေကို တစ်ခုမကျန် ဖောက်သည်ချနေသည်။

တကယ်တော့ ...

ဒေါက်တာနေ ောင်စွဲထင်ချစ်မြတ်နိုးခဲ့တာ လှမ်းတမှီ။

လှမ်းတမှီရဲ့အချစ်တွေကို ဘယ်လိုမှ မရတဲ့အဆုံး မြိုင်သာကို အပြီးပြန်သွားခဲ့တာ ... ။

လှမ်းတမှီကလည်း ... ဒေါက်တာနောင်စွဲထင်ကို သူငယ်ချင်းအချစ်ထက် မပိုချင်ခဲ့ပေ။

ခုတော့ ...

သူငယ်ချင်းနှစ်ယောက် ဝေးခဲ့ကြရပြီ။

"ဟာ ... မမ ... ကိုကိုလေးတိမ်ဖျားလာနေပြီ ..."

"ခွပ် ..."

"ခွပ် ..."

မေ့ပါနိုင့်ခြံကြီးထဲကို ခပ်ကြမ်းကြမ်းဝင်လာနေတဲ့ မြင်းခွာသံတွေ ... ။

အိမ်ကြီးဆီကိုမသွား ... ။

တောင်ကုန်းလေးဘက်ကို တိမ်ဖျား တန်းတက်လာခဲ့သည်။

"ဟင် ..."





လှမ်းတမှီကိုမြင်တော့ တိမ်ဖျား မျက်လုံးဝိုင်းသွားသည်။

လှလိုက်တာ ... ။

အဖြူရောင်ဝမ်းဆက်လေးနဲ့ ... ။

"မဂ္ဂလာ ..."

"ရှင် ... ကိုကိုလေး ..."

"ဦးအဏ္ဏကို သွားခေါ်စမ်း ..."

"ဟုတ် ..."

မဂ္ဂလာ လှေကားအတိုင်း အိမ်ကြီးဘက်ကို ပြေးဆင်းသွားသည်။

"ညက ခင်ဗျား အိပ်ရတာ အဆင်ပြေရဲ့လား ..."

"ပြေပါတယ် ..."

"လိုအပ်တာရှိရင် ဦးအဏ္ဏကိုပြော ..."

"ဟုတ်ကဲ့ ..."

တိမ်ဖျား ... ။

သဘောတော့ ကောင်းသားပင်။

လှမ်းတမှီကို ရဲရဲမကြည့်တာ ခက်နေသည်။

"နောင်စွဲက သူ့ထာဝရအိပ်စက်ရမဲ့ နေရာကလေးကို သေသေချာချာ ပြုပြင်ထားခဲ့တာပဲနော် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ..."

စကားပြောတာကတော့ နည်းနည်းမာသလိုဖြစ်နေသည်။

"ကျွန်မ ရောက်လာတာ နောက်ကျသွားတယ် ..."

"သူ့ကို ဘယ်သူမှ ပြောလို့မရဘူးလား ..."

"ကျွန်မဆိုရင် ရမှာပါ ..."

"မထင်နဲ့ ..."

"ကျွန်မ သူ့ကို ဆေးကုပေးချင်တာပါ ..."

"ဘယ်သူမှ သူ့ကို ဆေးကုပေးလို့ မရဘူးဗျ ..."

တိမ်ဖျား ...။

ပြောနေရပေမဲ့ ရင်တွေခုန်နေသည်။

ဘယ်လိုဖြစ်သွားတာလဲ ...။

ညကလည်း တစ်ညလုံး အိပ်လို့မရ ...။

မျက်လုံးထဲမှာ အနက်ရောင်ဝမ်းဆက်ဝတ်ထားတဲ့ လှမ်းတမှီကိုပဲ ပြန်မြင်နေသည်။

ကိုလတ်စွဲလမ်းမယ်ဆိုလည်း စွဲလမ်းချင်စရာ။

ကိုယ်လုံးကိုယ်ပေါက်ကအစ ...။

တောင့်ဖြောင့်လှပလွန်းတဲ့ လှမ်းတမှီ။

မေ့ပါနိုင်မှာ ...။





နေဦးမယ်တဲ့ ...။

မြိုင်သာက လူတွေကို ဆေးကုပေးရင်းနဲ့ ကိုလတ်အတွက် ကောင်းမှုကုသိုလ်လုပ်ပေးချင်တယ်တဲ့ ...။

ဒါကြောင့်မို့လည်း ...။

တိမ်ဖျား ခွင့်ပြုလိုက်တာပါ ...။

"ဟော ..."

ဦးအဋ္ဌရောက်လာပြီ ...။

မဂုဏ္ဍာလည်း ပြန်လိုက်လာသည်။

"တိမ်ဖျား ... မင်း ရောက်လာပြီလား ..."

"ရောက်လာပြီ ..."

"အုတ်ဂူကို အကြမ်းထည်ပြီးအောင် ညက တစ်ခါတည်း ကိုင်လိုက်တယ်ကွ ..."

"ကျွန်တော် မြင်တယ် ... အင်္ဂတေခြောက်ရင် ကြွေပြား ဆက်ကပ်လို့ရပြီ ..."

"ညနေမှ ဆက်လုပ်မယ်လေကွာ ..."

ဦးအဋ္ဌနဲ့ လုပ်ရမဲ့အစီအစဉ်တွေကို အသေးစိတ် တိုင်ပင်လိုက်ကြသည်။

"တိမ်ဖျား ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းလေးပေါ်ကို တစ်ယောက်တည်းတက်လာတဲ့ ဘွားအိမ်စိုး ... ။

"မင်း သူ့ကို ဘာကြောင့်လက်ခံထားတာလဲ ..."

ခုထိ မကျေမနပ်ဖြစ်နေတဲ့ ဘွားအိမ်စိုး ... ။

သည်ကိစ္စကို မေးချင်လို့ ... ။

မြေးတိမ်ဖျားဆီကို ဘွားအိမ်စိုး လိုက်လာခဲ့တာ။

"ဘာဖြစ်လို့လဲ ဘွားရဲ့ ..."

"ဘွား မထားချင်ဘူး ..."

"ဟင် ..."

လှမ်းတမှီ အားငယ်သွားသည်။

"အကုန်ရှုပ်ကုန်လိမ့်မယ် ..."

"ဘုရားရေ ..."

မဂ္ဂဇာနဲ့ လှမ်းတမှီ ဟစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"ဘွားကတော့ ဘယ်လူစိမ်းနဲ့မှ မပတ်သက်ချင်ဘူး ... ပြီးတော့ နှောင်ဖွဲ့သူငယ်ချင်းမိန်းကလေးကို မင်း လက်မခံပါနဲ့ ..."

လျှို့ဝှက်မှုတွေ ... ။

မေ့ပါနိုင်မှာ အမှန်တကယ်ရှိနေပြီလား ... ။





ဘွားအိမ်စိုးက ပြောနေသည်။

ဘယ်လူစိမ်းနဲ့မှ မပတ်သက်ချင်ဘူးတဲ့ ... ။

"ဘွား မပူနဲ့ ... ကျွန်တော် နေ့တိုင်း ဒီကိုပြန်လာမယ်"

"ဟင် ..."

ဘွားအိမ်စိုး မျက်နှာပျက်သွားသည်။

"ဒါ ... ဒါဆို မင်းကိုယ်တိုင် လက်ခံထားချင်တဲ့သဘောဖြစ်နေပြီပေါ့ ... ဟုတ်လား တိမ်ဖျား ..."

"ကျွန်တော် တာဝန်ယူတယ် ..."

ပြတ်သားလွန်းတဲ့ တိမ်ဖျား ... ။

ဘွားအိမ်စိုး ထပ်မပြောရဲတော့ပေ ... ။

ညနေရောက်တော့ ...

ဦးအထွန်းကို မှာစရာရှိတာတွေမှာပြီး တိမ်ဖျား ပြန်သွားသည်။

ထိုအချိန်မှာ ... ပန်းခြံလေးထဲမှာ တစ်ယောက်တည်းထိုင်နေတဲ့ လှမ်းတမှီအနားကို မထင်မှတ်ဘဲ ရောက်လာတာ ... ။

ယံခေါင်ဖျား ... ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဟင် ..."

လှမ်းတမှီ ရုတ်တရက် ကြောက်သွားသည်။

ကိုကိုကြီးယံခေါင်ဖျား ... ။

လှမ်းတမှီ နောက်မှာ မားမားကြီးရပ်လို့ ... ။

သူ ...

လှမ်းတမှီကို ငေးစိုက်ကြည့်နေသည်။

ငေးစိုက်ကြည့်နေတဲ့ သူ့မျက်လုံးတွေက အရောင်တွေ ပြေးနေသလို၊ လှမ်းတမှီ ခံစားလိုက်ရ၏။

"မင်း ဘာလုပ်နေတာလဲ လှမ်းတမှီ ..."





"ရှင် ..."

သူ ... လှမ်းတမှီအနားကို တိုးကပ်လာပြီ ... ။

"ဟို ... ဟို ... ပန်းတွေကို ကြည့်နေတာပါ ..."

ကြောက်ကြောက်နဲ့ပဲ လှမ်းတမှီ ဖြေလိုက်သည်။

အရေးထဲမှာ မဂုဏ္ဍာကလည်းမရှိ။

အိမ်ကြီးထဲမှာ အလုပ်တွေရှိလို့ စောစောကပဲ ပြန်ဝင်သွားသည်။

"မေ့ပါနိုင်မှာ မင်းပျော်ရဲ့လား ..."

"ဟုတ် ..."

"နှောင်းစွဲထင်ကိုပေါ့ မင်း သတိရနေမှာပေါ့လေ ..."

"ဟာ ... ရတာပေါ့ ..."

သည်မေးခွန်းကိုတော့ သူမ အသွက်လက်ဆုံး ဖြေလိုက်သည်။

သူမအတွက် ...

နှောင်းစွဲဟာ အဓိကပဲ ... ။

နှောင်းစွဲကြောင့် မေ့ပါနိုင်အိမ်ကြီးထဲကို သူမ ရောက်ခဲ့ရတာ။

"မင်း ... နှောင်းစွဲထင်တစ်ယောက်တည်းနေတဲ့ အိမ်ကို ရောက်ဖူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"မရောက်သေးရင် ကိုယ် မင်းကိုလိုက်ပြမယ် ..."

နှောင်းဖွဲ့ တစ်ယောက်တည်း နေခဲ့တဲ့အိမ်တဲ့ ...။

မဂ္ဂဇင်း ... သည်အကြောင်းတွေကို ဘာမှမပြော ...။

လှမ်းတမှီ စိတ်ဝင်စားသွားသည်။

"ဘယ် ... ဘယ်နားမှာရှိတာလဲဟင် ..."

"ဟိုးမှာမြင်နေရတဲ့ ဝါးရုံတောကြီးထဲမှာ ..."

"လှမ်း ... လှမ်းတမှီသွားကြည့်ချင်တယ် ..."

"လာ ... ကိုယ် လိုက်ပြမယ် ..."

နှောင်းဖွဲ့ထင်တစ်ယောက်တည်း နေခဲ့တဲ့နေရာလေးမို့ လှမ်းတမှီ ကြည့်ချင်စိတ်ပေါက်သွားတာပါ ...။

"အို ..."

ဝါးရုံပင်ကြီးတွေအောက်မှာ သစ်သားအိမ်ကလေး။

"အဲဒါ နှောင်းဖွဲ့တစ်ယောက်တည်းနေခဲ့တဲ့အိမ်ပဲ ..."

ယံခေါင်ဖျား ...။

အိမ်ကလေးကို အသေအချာလိုက်ပြနေ၏။

အိမ်ကလေးက သပ်သပ်ရပ်ရပ်ကလေးပင် ...။

အိမ်ရှေ့မှာ ဝါးကွပ်ပျစ်ကလေးနဲ့ သစ်သားကုလားထိုင်ကလေးတစ်လုံး။





ပိုင်ရှင်ကင်းမဲ့နေသည်။

ခြောက်ကပ်တိတ်ဆိတ်နေသည်။

"လာလေ ... အိမ်ပေါ်တက်ကြည့်ရအောင် ..."

"ရှင် ..."

လှမ်းတမှီ မတက်ရဲပေ။

ယံခေါင်ဖျားရဲ့ မျက်ဝန်းညိုညိုကြီးတွေကို သူမ စိတ်မချ။

"ရပါတယ် ... ဒီလောက်ကြည့်ရရင် လှမ်းတမှီ ကျေနပ်ပါပြီ၊ ပြန်ကြစို့ ..."

ယံခေါင်ဖျားဆီက ပင့်သက်ရှိုက်သံ ကြားလိုက်ရသည်။

"ဖျပ် ..."

"ဖျပ် ..."

"ဖလပ် ..."

"ဟင် ..."

သူမတို့နောက်ကို မထင်မှတ်ဘဲ ရောက်လာတာ ဦးအထွ ...။

"ခေါင်ဖျား ... မင်း ဘာလို့ ဒီနေရာကို ... သူ့ကို ခေါ်လာတာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးအထ္ထ မျက်လုံးပြူးနေသည်။

ခေါင်ဖျားကို အပြစ်တင်နေ၏။

"သူက နှောင်ဖွဲ့တစ်ယောက်တည်းနေတဲ့ အိမ်ကလေးကို ကြည့်ချင်တယ်ဆိုလို့ ခေါ်လာတာဗျ ..."

"မခေါ်နဲ့ ... မခေါ်နဲ့ ... နောက် ဘယ်တော့မှ ဒီနေရာကို ခေါ်မလာနဲ့ ..."

စိုးရိမ်နေတာ ဦးအထ္ထ ...။

မျက်လုံးဝိုင်းကြီးတွေနဲ့ လှမ်းတမီကိုပါ စူးစမ်းသလို ကြည့်နေ၏။

"ဟုတ်ပါတယ် ဦးအထ္ထ ... နှောင်ဖွဲ့တစ်ယောက်တည်းနေခဲ့တဲ့အိမ်ကလေးကို ကြည့်ချင်လို့ လှမ်းတမီ ထွက်လာခဲ့တာပါ ..."

"မင်း ... မင်း နားမလည်ဘူးလားဟင် ... လှမ်းတမီ ... ခေါင် ... ခေါင်ဖျားက ..."

ဦးအထ္ထ ...။

စကားကို တစ်ဝက်မှာတင် ရပ်ပစ်လိုက်သည်။

ဦးအထ္ထရယ် ...။

အဲဒါကို လှမ်းတမီ သိပါတယ်။

မစိုးရိမ်ပါနဲ့ ...။





"ကဲ ... ပြန်ကြစို့ ..."

ဦးအထ္ထ ပြန်ခေါ်လာသည်။

အိမ်ကြီးဆီကိုရောက်တော့ မဂုဏ္ဏာ အဆင်သင့်စောင့်နေ၏။

ပန်းမာလာလည်း ပြန်ရောက်နေပြီ ...။

"မမ ... ဘယ်ကိုသွားနေတာလဲ ..."

"ဝါးရုံတောထဲ ..."

"ဟင် ..."

မျက်နှာပျက်သွားတဲ့ မဂုဏ္ဏာ ...။

"ဘာ ... ဘာဖြစ်လို့လဲ မဂုဏ္ဏာ ..."

"အဲဒီမှာ ဒေါက်တာနှောင်ဖွဲ့ထင်နေသွားတဲ့ အိမ်ကလေးရှိတယ် ..."

"တွေ့ပါတယ် ..."

"နောက်တစ်ခါ အဲဒီဘက်ကို မမ မသွားနဲ့ ..."

အံ့သြရတာ လှမ်းတမီ ...။

အဲ့ဒီဘက်ကို ဘာကြောင့် မသွားစေချင်ရတာလဲ။

တစ်ခုခုတော့ ... တစ်ခုခုပဲ ...။

"ပြောစမ်း ... မဂုဏ္ဏာ ... အဲဒီကိုသွားရင် ဘာဖြစ်တတ်လို့ [illegible]"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... ဘာမှတော့ မဖြစ်ပါဘူး ... လူ ... လူပြတ်လို့"

မဂုဏ္ဏာ ... ။

အကြောင်းအရာတစ်ခုကို မျက်စိစုံမှိတ်ပြီး ဖုံးကွယ်ပစ်လိုက်သည်။

သူမ ...

သံသယတော့ ဖြစ်သွားမိသည်။

ဦးအဋ္ဌကလည်း မကြိုက် ... ။

"ဒီခြံထဲမှာနေရင် ဟိုသွားဒီသွား သိပ်မလုပ်ပါနဲ့ ... ဘွားအိမ်စိုးက မင်းကို သိပ်လက်ခံချင်တာ မဟုတ်ဘူး ... တိမ်ဖျားကို ပြောမရလို့ ..."

"တိမ်ဖျားကို ဘာဖြစ်လို့ မေ့ပါနိုင်ကလူတွေ ကြောက်နေရတာလဲ ..."

"တိမ်ဖျားက အမွေခံသားလေ ... လှမ်းတမီရဲ့ ... ဘွားအိမ်စိုးက တိမ်ဖျားနာမည်နဲ့ အကုန်လွှဲထားတာ ... လက်ဖက်ခင်းတွေ ... လိမ္မော်ခြံတွေ ... ကော်ဖီခြံတွေအားလုံး တိမ်ဖျားနာမည်နဲ့ချည်းပဲ ..."

စောစောလေးကမှ ဦးအဋ္ဌ ရှင်းပြသွားတဲ့စကား။

လှမ်းတမီ နားထဲမှာ ကြားယောင်နေဆဲပင်။

"မမ ..."





"ဟင် ..."

"ပန်းမာလာကို သတိထား ..."

"ဘာ ..."

"ဉာဏ်များတယ် ... ဘွားအိမ်စိုးရဲ့ အမွေတွေအားလုံးကို လုချင်နေတယ် ..."

မဂုဏ္ဏာ ... ။

သတိပေးနေ၏။

"မဂုဏ္ဏာရေ ..."

"မဂုဏ္ဏာ ..."

"ဟင် ..."

မမကြီး ပန်းမာလာ အော်ခေါ်နေတဲ့အသံ။

အိမ်ပေါ်ထပ်ကလာတဲ့အသံ။

"လာပါပြီ မမကြီး ..."

မဂုဏ္ဏာတစ်ယောက်တည်း အပေါ်ထပ်ကို ပြေးတက်သွားသည်။

"မဂုဏ္ဏာ ..."

"ရှင် ... မမကြီး ..."

"တိမ်ဖျားလာသလား ..."

တိမ်ဖျားတဲ့ ... ။



www.burmeseclassic.com

www.burmeseclassic.com



"လာ ... လာတယ် ..."
"ဘယ်အချိန်က လာတာလဲ ..."
"မမကြီး ... မမကြီး အပြင်ကိုထွက်သွားတော့မှ မြင်းနဲ့ ရောက်လာတာ ..."
"ငါ့အခန်းကို ဝင်သေးလား ..."
"ရှင် ..."
"ဟဲ့ ... ငါ့အခန်းထဲကို တိမ်ဖျား ဝင်သွားသေးလားလို့ မေးနေတယ်လေ ..."
"မဝင် ... မဝင်ဘူး မမကြီး ... အိမ်ကိုတောင် မလာဘူး၊ တောင်ကုန်းပေါ်ကဆင်းပြီး တစ်ခါတည်း တန်းပြန်သွား တာ ..."
"နင်ပြောတာ တကယ်နော် ..."
"တကယ်ပါ မမကြီးရဲ့ ..."
"သွား ... သွား ... ငါသိချင်တာ အဲဒါပဲ ... နင်ပြန်တော့"

မမကြီး ဘာဖြစ်သွားတာလဲ ...။

ခေါ်တော့လည်း အသည်းအသန်။

ပြန်ခိုင်းတော့လည်း ချက်ချင်းကြီး။

မဂုဏ္ဏာအောက်ထပ်ကို ပြန်ဆင်းလာခဲ့ရသည်။

"ဘာလဲ ... မဂုဏ္ဏာ ..."





လှမ်းတမှီ မေးလိုက်သည်။

"ကိုကိုလေးတိမ်ဖျား အကြောင်းကိုမေးတာ ..."
"ဟင် ..."
"သူ့အခန်းထဲကို ဝင်သေးလားတဲ့ ..."
"ဘာဖြစ်လို့ မေးတာလဲ ..."
"သူ့အခန်းထဲမှာ ခြေရာလက်ရာ တစ်ခုခုပျက်နေလို့ နေမှာပေါ့ ..."

မဂုဏ္ဏာ မစဉ်းစားတတ် ...။

အရင်တုန်းက တစ်ခါမှ ဒီလိုမမေးခဲ့ဖူးပါဘူး ...။

အခု ...

မမကြီးပန်းမာလာ ထူးခြားနေသည်။

အလှအပတွေကိုလည်း အစွမ်းကုန်ပြင်နေသည်။

"ဟင်း ..."

မဂုဏ္ဏာပင့်သက်ချလိုက်သည်။

"မဂုဏ္ဏာ ..."
"ရှင် ..."
"ဒီအိမ်မှာ မိသားစုကိုးယောက်ရှိတယ်ဆိုတာ ဘယ်သူတွေလဲ ... တို့တွေ့တာ ခြောက်ယောက်ပဲ ရှိသေးတယ် ... နောက်ထပ် သုံးယောက်ကို ခုထိမတွေ့ရသေးဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် ... ရှိတယ် ... သူတို့လာကြလိမ့်မယ် ..."
"ဘယ်သူတွေလဲ ..."
"မမကြီးပန်းမာလာရဲ့မောင်ရယ် ... ထမင်းချက် ဒေါ်စံတို့ လင်မယားရယ် ... သုံးယောက်ရှိသေးတယ်လေ ..."
"ပန်းမာလာရဲ့မောင် ဟုတ်လား ..."
"ဟုတ်တယ် ..."
"ဘယ်အရွယ်လဲ ..."
"ကိုကိုလေးတိမ်ဖျားနဲ့ ရွယ်တူပဲ ... သူ ... သူက မိန်းမပွေ တယ် ... ရုပ်ကတော့ တကယ့်မင်းသားပဲ ..."

မဂ္ဂဇင်း တစ်ခုမကျန် ဖောက်သည်ချနေ၏။

ညရောက်တော့ ...

ပထမဆုံးကြားလိုက်ရတာ ... ။

ဆိုင်ကယ်တစ်စီး မောင်းဝင်လာတဲ့ အင်ဂျင်စက်သံ။

ဧည့်ခန်းကျယ်ကြီးထဲမှာ တစ်ယောက်တည်း ထိုင်နေတဲ့ လှမ်းတမှီ ... ။

အံ့သြသွားသည်။

လူတစ်ယောက် ...

နှုတ်ခမ်းမှာ စီးကရက်တစ်လိပ်ကို ချိတ်လို့ ... ။

"ဟင် ..."





လှမ်းတမှီကို စူးစိုက်ကြည့်နေတဲ့လူ ... ။

အကြည့်တွေက စူးစူးရှရှနဲ့ ... ။

ရဲတင်းလိုက်တာ ... ။

"မင်း ... မင်းဘယ်သူလဲ ..."

သူ ...

အံ့သြနေပုံရသည်။

စီးကရက်ကိုလည်း အိမ်အပြင်ဘက်ကို တောက် လွှတ်ပစ်လိုက်သည်။

"ဧည့် ... ဧည့်သည်ပါ ..."

"ဧည့်သည် ဟုတ်လား ... ဘယ်က ဧည့်သည်လဲ ... ဘယ် သူ့ဧည့်သည်လဲ ..."

"ဟဲ့ ... ခေမရ ... နင် ... နင်ပြန်လာသေးတယ်နော်"

အပေါ်က ပြေးဆင်းလာတဲ့ မမကြီးပန်းမာလာ။

ခေမရဆိုတဲ့လူဆီကို ချက်ချင်းရောက်သွားသည်။

"သူက ဘယ်သူလဲ မမ ..."

"ဪ ..."

ဆက်တီခုံမှာထိုင်နေတဲ့ လှမ်းတမှီကို ခုမှ ပန်းမာ လာကို တွေ့သွားသည်။

"ရန်ကုန်ကလာတဲ့ ဧည့်သည်ပါကွယ် ... နင်နဲ့ ဘာမှမဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး ... လာ ... လာ ... အပေါ်ကို တစ်ခါတည်းတက်လိုက် ... ”

မပတ်သက်စေလိုပေ ... ။

ခေမရ ... ။

ပန်းမာလာရဲ့မောင်လေး ... ။

မိဘတွေဆုံးသွားလို့ မောင်လေးကို မေ့ပါနိုင်မှာပဲ အပြီးခေါ် ထားလိုက်တာပါ။

“မမ ... ”

“ဟင် ... ”

အပေါ်ထပ်မှာ ခေမရကပ်မေးနေသည်။

“ရန်ကုန်ကလာတဲ့ စည့်သည်က တော်တော်ချောတာပဲ”

“တိတ်စမ်း ... ”

ဒီကောင့်အကြောင်းကို ပန်းမာလာ သိပြီးသား။

“စိတ်ဝင်စားတယ်ဗျာ ... ”

“ဘာ ... ”

“လုံးဝလက်ခံတယ် ... ”

“ဟဲ့ကောင် ... ”

ပန်းမာလာ မျက်လုံးပြူးပြလိုက်သည်။

“ဘာဖြစ်လို့လဲ မမရဲ့ ... ”





“ဓာတ်လမ်းတွေရှုပ်အောင် သွားမလုပ်နဲ့ ... ငါ မကြိုက်ဘူး၊ ငါတို့မှာ လုပ်စရာအလုပ်တွေ အများကြီးကျန်သေးတယ်”

“ကိုနှောင်စွဲအသုဘကို တစ်ခါတည်း မြေမြှုပ်သင်္ဂြိုဟ်လိုက်တယ်ဆို ... ”

“ဘယ်သူပြောတာလဲ ... ”

“မြို့ထဲမှာ ကြားခဲ့တာ ... ”

“မေ့ထားလိုက်စမ်းပါ ခေမရရယ် ... ဒီမှာ ဘာဆက်လုပ်ရင် ကောင်းမယ်ဆိုတာ စဉ်းစားရလွန်းလို့ ခေါင်းခြောက်နေရတဲ့ကြားထဲ ... ”

“ကိုနှောင်စွဲ သနားပါတယ်ဗျာ ... ”

ခေမရ ... ။

ဒေါက်တာနှောင်စွဲထင်ကိုတော့ သံယောဇဉ်ရှိသူ ပင်။

မမနဲ့ ကိုနှောင်စွဲတို့နှစ်ယောက်ကြားက ပြဿနာကို ခေမရ သိနေသည်။

နှစ်ယောက်စလုံး ... ။

တစ်ယောက်ကိုတစ်ယောက် မချစ်မနှစ်သက်ဘဲနဲ့ လက်ထပ်ခဲ့ကြတာ ... ။

ငွေမက်လွန်းတဲ့ မမ ... ။

မေ့ပါနိုင်ရဲ့အမွေဝေစုကို မက်မောခဲ့တာလေ ... ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ...

မမသုံးဖြုန်းခဲ့တာ နည်းတာမှ မဟုတ်တာ။

ခေမရ လက်ဖြန့်လိုက်ရင်တောင် သိန်းနဲ့ချီပြီး မမက ပေးသုံးတာ ... ။

သူကိုယ်တိုင်သာဆို ဘယ်လောက်သုံးလိုက်မလဲ။

စဉ်းစားတာကြည့်တော့ ... ။

ပြီးတော့လည်း မမတို့အိမ်ထောင်ရေးက အဆင်မပြေ။

တစ်ယောက်တစ်ကွဲစီနေကြသည်။

ကိုနောင်စွဲ နေမကောင်းဖြစ်နေတော့လည်း မမက ဂရုမစိုက်ခဲ့ပေ။

ခုတော့ ...

ကိုနောင်စွဲ ဆုံးသွားပြီတဲ့ ... ။

အလောင်းကိုတောင် ...

ခေမရ မမြင်လိုက်ရ ... ။

"အဲဒါက အရေးမကြီးဘူး ခေမရ ..."

"ဟင် ..."

"မမမှာ လက်ကျန်ငွေနည်းသွားပြီ ..."

"မမရှုံးနေတယ်ဆို ..."





မမရဲ့သတင်းတွေကို ... မြိုင်သာကို မရောက်ခင်ကတည်းက ခေမရ ကြားနေခဲ့တာပါ။

"ဟုတ်တယ် ... အကြီးအကျယ်ပဲ ... မမ အခု စိတ်ညစ်နေတယ်ကွာ ..."

ပန်းမာလာ ...

တစ်ခုခုကို ကြံဖို့စဉ်းစားနေသည်။

တိမ်ဖျား ... ။

သူရထားတဲ့ အမွေဝေစုတွေက အများကြီး။

သူ့ကို အပိုင်ချုပ်ထားလိုက်ဖို့ ...

ဒေါက်တာနောင်စွဲထင် မရှိတော့ဘူးဆိုတော့ ... ပန်းမာလာ ပိုလွတ်လပ်သွားပြီလေ ... ။

အကွက်ပဲ ... ။

ခေမရကို ဖွင့်တိုင်ပင်လိုက်ရင် ကောင်းမလား။

ပန်းမာလာ စဉ်းစားမိသေးသည်။

သို့သော် ...

တိုင်ပင်ရမှာလည်း ခက်နေသည်။

"ခေမရ ပြန်လာပြီလား ..."

"ဟင် ..."

ဘွားအိမ်စိုး ... ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းမာလာတို့နှစ်ယောက် နောက်မှာ ရောက်နေသည်။

"ဟုတ်ကဲ့ ပြန်လာပြီ ဘွား ..."

"အေး ... အေး ... မောင်နှမနှစ်ယောက် စကားပြောလိုက်ဦး ..."

ဘွားအိမ်စိုး ပြန်လှည့်ထွက်သွားသည်။

"ဒေါင် ..."

"ဒေါင် ..."

"ဒင် ..."

စန္ဒရားသံကြားရပြီ ...။

ပန်းမာလာ စိတ်ညစ်သွားသည်။

ဒီအိမ်ကြီးပေါ်မှာ နေရတဲ့ဒုက္ခက အဲဒါပဲ ...။

ကိုကိုခေါင်ဖျား ...။

ရူးနေတာ ...။

သူ့အတွက်ဝေစုကိုလည်း တိမ်ဖျားက ထိန်းပေးထားတယ်တဲ့ ...။

တိမ်ဖျားကို အပိုင်ကိုင်လိုက်ရင် ပြီးတာပဲ ...။

ဟုတ်တယ် ...။

"မမ ..."





"ဟင် ..."

"ဘာတွေစဉ်းစားနေတာလဲ ..."

"နင်မသိပါဘူး ခေမရရယ် ... ဟင်း ... ဟင်း ..."

ပြောရင်းနဲ့ တစ်ယောက်တည်း ပြုံးလိုက်တဲ့ ပန်းမာလာ ...။

"ပင်ပန်းလာတယ်ဗျာ ... ရေချိုးလိုက်တော့မယ် ..."

"ချိုး ... ချိုး ... ပြီးရင် တို့နှစ်ယောက် မြို့သာမြို့ထဲကို ခဏသွားမယ် ..."

ပန်းမာလာ ...။

စိတ်ကို ဒုန်းဒုန်းချလိုက်သည်။

သူမ အလှတွေနဲ့ ...။

တိမ်ဖျားကိုပဲ ...။

"ဟင်း ... ဟင်း ..."

တိမ်ဖျားကတော့ ...

ရင်ကွဲတောင်ခြေမှာ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဝုန်း ..."

"ဝေါ ..."

"ဝေါ ..."

ရှင့်ကွဲချောင်းထဲမှာ ရေတွေ တဝေါဝေါစီးနေသည်။

ကျောက်တုံးကြီးပေါ်မှာ ထိုင်နေတာ တိမ်ဖျား ...။

သူ့မျက်လုံးထဲမှာ ချောင်းထဲက ရေတွေကိုမမြင်။

ချောင်းရေပေါ်က ဒေါက်တာလှမ်းတမှီရဲ့ အရိပ်ကိုပဲ မြင်နေသည်။

ကိုလတ်ချစ်ခဲ့တဲ့ လှမ်းတမှီ ...။

သိပ်ကိုလှတဲ့ ကောင်မလေး ...။





ဂွေးရင်းနဲ့ တိမ်ဖျား စိတ်တွေညစ်နေသည်။

မေ့ပါနိုင်ကိုလည်း မသွားချင် ...။

ချောင်းဖျားထိပ်မှာ ဆောက်ထားတဲ့ အိမ်ကလေးမှာပဲ တစ်ယောက်တည်း နေချင်နေ၏။

"ဟင် ..."

တိမ်ဖျား အသံတစ်သံကို ကြားလိုက်ရသည်။

ဆိုင်ကယ်အင်ဂျင်သံ။

ချောင်းဖျားအတိ ဆင်းလာတဲ့အင်ဂျင်သံ။

လှည့်ကြည့်လိုက်တော့ ...။

ကိုလတ်မိန်းမ ... ပန်းမာလာဖြစ်နေသည်။

"ခင်ဗျား ဘာလာလုပ်တာလဲ ..."

"စိတ်ညစ်လို့ မင်းဆီကို တမင်ထွက်လာတာ ..."

ဆိုင်ကယ်ပေါ်က ခုန်ဆင်းလာတဲ့ သူမ ...။

ကိုယ်ကျပ်ဘောင်းဘီရှည်နဲ့ ...။

မိတ်ကပ်တွေကလည်း ဖွေးလို့ ...။

ရေမွှေးကလည်း အကောင်းစားရေမွှေး ...။

စိတ်ညစ်လို့တဲ့ ...။

မင်းဆီကို တမင်ထွက်လာတာတဲ့ ...။

အဖော်လည်းမပါ ...။



www.burmeseclassic.com

www.burmeseclassic.com



သူမတစ်ယောက်တည်း ... ။

တိမ်ဖျား ထိုင်နေတဲ့ ကျောက်တုံးကြီးပေါ်ရောက်အောင် ကျောက်တုံးတွေ တစ်တုံးပြီးတစ်တုံး ခုန်ကျော်လာတဲ့ ပန်းမာလာ ... ။

တိမ်ဖျားနားကို ရောက်ခါနီးတော့မှ ... ။

ကိုယ်က တစ်ချက်ယိုင်ပြီး ချော်လဲတော့မလို ဖြစ်သွားသည်။

"ဟာ ..."

တိမ်ဖျား လျင်လိုက်လို့ ... ။

ပန်းမာလာရဲ့လက်မောင်းကို လှမ်းဆွဲပြီး ထိန်းလိုက်လို့ ... ။

"အို ..."

လူချင်း အိခနဲ ထိကပ်သွားသည်။

ပန်းမာလာရဲ့ဆံပင်တွေ တိမ်ဖျားမျက်နှာကို ရိုက်ခတ်သွားသည်။

"တော်ပါသေးရဲ့ ... မင်း ... မင်းလှမ်းဆွဲလိုက်လို့ ... ဟင်း ဟင်း ..."

ပန်းမာလာ ခပ်ညည ရယ်ပစ်လိုက်တာကို တိမ် ဖျား သတိမထားမိ။





ပိုပြီး စိတ်ညစ်သွားရတာကိုပဲ တိမ်ဖျား သိနေသည်။

"ရေကူးလိုက်ရရင် လန်းဆန်းသွားမယ်ထင်တယ် ..."

"ခင်ဗျားသဘောပဲ ..."

"ကူးမယ်ကွာ ..."

ပန်းမာလာ ဆိုင်ကယ်ဆီကို ပြန်သွားသည်။

အဝတ်အစားတွေကို သစ်ပင်ကြီးနောက်ကွယ်မှာ လဲလိုက်၏။

ရေကူးဝတ်စုံ ပန်းဆီရောင်လေး ... ။

သည်ဝတ်စုံလေးကို လဲလိုက်တော့ ကြွရွနေတဲ့ သူမရဲ့အလှတွေ ပိုပြီးပေါ်လွင်သွားသည်။

"ဟင် ..."

တိမ်ဖျား အသက်ရှူမှားနေသည်။

အေးနေတဲ့သွေးတွေ ဆူပွက်သွားရ၏။

ပန်းမာလာ ... ။

ဘာသဘောနဲ့ ရင်ကွဲချောင်းကို ရောက်လာရတာ လဲ။

ပြီးတော့လည်း ...

ခေါင်ဖျားရေ့က ချောင်းရေထဲမှာ ...

ကြွရွတင်းရင်းနေတဲ့ ရေကူးဝတ်စုံနဲ့ ...

တိမ်ဖျား ဆက်မကြည့်ချင်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



ပန်းမာလာကို တစ်ယောက်တည်းထားခဲ့ပြီး ချောင်းဖျားထိပ်က အိမ်ကလေးဆီကိုပဲ ပြန်လာခဲ့သည်။

တိမ်ဖျား သတိရနေတာ ... ။

လှမ်းတမ်းဆိုတဲ့ မိန်းမချောလေးကိုပါပဲ ... ။

ကိုလတ်အတွက် ကောင်းမှုကုသိုလ်တွေ မြိုင်သာမှာ လုပ်ပေးသွားချင်တယ်တဲ့ ... ။

မွန်မြတ်တဲ့စေတနာ ... ။

သည်စေတနာကို တိမ်ဖျား နားလည်နေမိ၏။

ပန်းမာလာနဲ့တော့ တခြားစီပင်။

ယောကျ်ားဆုံးသွားတဲ့ ရက်ပိုင်းအတွင်းမှာ ...

တစ်ယောက်တည်း လျှောက်သွားနေတာ ...

အလှပဆုံးပြင်ဆင်ပြီး ယောင်းကစားဝိုင်းတွေကို လိုက်ရှာနေတာ။

မိလိုက်ရင်မလွယ် ... ။

ဥပဒေကလည်း သူမကို ခွင့်လွှတ်မှာမဟုတ်။

နလည်း ...

ချောင်းထဲမှာ ...

တစ်ယောက်တည်း ရေကူးကျန်နေခဲ့သည်။

တိမ်ဖျား ...





သူမကို ထားခဲ့ပြီး မေပါနိုင်ကိုသွားဖို့ ဆုံးဖြတ်လိုက်သည်။

ဝေါ ... "

"ဝေါ ... "

သူမ ... ချောင်းဖျားထိပ်က သစ်လုံးအိမ်ကလေးဆီကို လိုက်လာပြီ ... ။

အင်ဂျင်စက်သံ ခပ်လှမ်းလှမ်းတစ်နေရာမှာ ရပ်သွားသည်။

"တိမ်ဖျားရေ ... "

"တိမ်ဖျား ... "

တက်ကြွလန်းဆန်းနေတဲ့ ပန်းမာလာ ... ။

နာမည်ကိုခေါ်ရင်း အိမ်ပေါ်အထိ တက်လာသည်။

"ဟင် ... မင်း ဘယ်သွားမလို့လဲ တိမ်ဖျား ... "

"မေပါနိုင် ... "

"ဟာကွာ ... တိမ်ဖျားကလည်း ... တို့က စိတ်ညစ်နေလို့ မင်းဆီကို တမင်ထွက်လာခဲ့ပါတယ်ဆိုမှ ... "

ပန်းမာလာ စိတ်ဓာတ်ကျသွား၏။

နှုတ်ခမ်းလေးတွေကိုလည်း တမင်စူတင်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တိမ်ဖျား ..."

"ဟင် ..."

"မင်း စိမ်းတယ်ကွာ ..."

တိမ်ဖျားကတော့ ပန်းမာလာကို ငေးကြောင်စွာ ကြည့်နေမိသည်။

ကိုကြီးမိန်းမ ...

တိမ်ဖျားတို့ ပန်းမာလာတို့က ငယ်သူငယ်ချင်းတွေ ဖြစ်ပေမဲ့ ငွေကြေးဂုဏ်ဒြပ်တွေကိုမက်တဲ့ ပန်းမာလာက ကိုကြီးကို ရွေးချယ်ခဲ့သည်။

ဆရာဝန်တစ်ယောက်ဖြစ်တဲ့ ဒေါက်တာနောင်စွဲထင်ကိုပဲ ရွေး၏။

ကိုကြီးနှင့် လက်ထပ်ပြီးမှ တိမ်ဖျားကိုလည်း အခွင့်အရေးတွေ ပေးနေပြန်သည်။

တိမ်ဖျားက မကြိုက်။

ဒါကြောင့် မေ့ပါနိုင်မှာ မနေတာဘဲ။

"ဝေါ ..."

"ဝေါ ..."

"ဝေါ ..."





ရင်ကွဲတောင်ချောင်းဖျားက ရေစီးဆင်းသံတွေ ကြားနေရသည်။

"တိမ်ဖျား ..."

"ဟင် ..."

"ပန်းမာလာနဲ့ စကားမပြောချင်တော့ဘူးလားကွာ ..."

"ပန်းမာလာ ..."

"ဟင် ..."

"ပြန်ပါ ..."

"ဘာဖြစ်လို့လဲ ..."

"မသင့်လို့ ..."

"ဟာကွာ ..."

တိမ်ဖျားက ခပ်ကြမ်းကြမ်း ခပ်ပြတ်ပြတ်နေတတ်ပေမဲ့ စိတ်သဘောထား နူးညံ့ဖြူစင်တာကတော့ ပန်း သိထား သည်။

ငယ်ငယ်လေးတည်းက အတူနေလာခဲ့ကြတာပဲ။

တိမ်ဖျားနဲ့ ပန်းက ပိုရင်းနှီးကြတယ်လေ။

"ပန်း ကိုကြီးနဲ့ လက်ထပ်သွားလို့ တိမ်ဖျား ရင်ကွဲတောင်မှာ သွားနေတာလေ ..."

"ကိုကြီး အသုဘရက်မလည်သေးဘူးနော် ပန်း ..."

"တိမ်ဖျားရယ် ... ပန်း ဘယ်လောက် စိတ်သောကတွေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ရလဲ ... ပန်းတို့က လင်မယားဆိုတာပဲ အဲ့ညည်ခံထားရတာပါ ...”

ပန်းမာလာ တွေးမိတိုင်း ဒေါသဖြစ်နေရသည်။

ကိုယ်ချစ်တာက ဒေါက်တာလှမ်းတမှီပဲ ဖြစ်၏။

အမြဲတမ်း လွမ်းဆွတ်ကြေကွဲနေပြီး ... အရက်ပဲ သောက်နေသည်။ အရက်သမားကြီး။

“တိမ်ဖျား ...”

“ဟင် ...”

“ပန်းမာလာဘဝက အခုထိ အပျိုစင်မလေးပဲ ရှိသေးတာပါ”

အရင်ကတော့ ... ပန်းမာလာကို သူ နှစ်သက်ခဲ့ဖူးသည်။

ကိုလတ်နဲ့ လက်ထပ်လိုက်တော့ သူ ရင်ကွဲတောင်ကို ပြောင်းလာခဲ့၏။

ဒေါသတွေနှင့် အမြဲတမ်း ပေါက်ကွဲချင်နေတဲ့ လူကြမ်းတစ်ယောက်အဖြစ် ပြောင်းလဲသွားရသည်။

ဘွားအိမ်စိုးကိုယ်တိုင်ကလည်း ပတ်ဝန်းကျင်နှင့် ကင်းကင်းနေပြီး ဒေါသတကြီး ဆက်ဆံတတ်လေ၏။

တစ်ခုရှိသေးသည်။ ပန်းမာလာကို ဘွားအိမ်စိုး မလွန်ဆန်နိုင်ပေ။





ဘာကြောင့်မှန်းမသိ။

လှပချောမွတ်နေပြီး ညို့ယူအားပြင်းတဲ့ ပန်းမာလာက ကိုကြီးအား စွဲဆောင်နိုင်စွမ်း မရှိခဲ့။

“ပန်း အရမ်းအထီးကျန်လို့ တိမ်ဖျားဆီကို လာတာပါ ... အားပေးပါဦး ... တိမ်ဖျားရယ် ...”

တိမ်ဖျား လက်တွေကို ဆုပ်ကိုင်ပြီး ပြောနေသည်။

“ပန်းမာလာပြန်ပါ ... ငါ မင်းကို အားပေးနှစ်သိမ့်တာတွေ မလုပ်နိုင်ဘူး ...”

“တိမ်ဖျား ...”

“မင်းပြန်ပါ ... မင်း ဒီကိုလာတာတောင် လုံးဝမသင့်တော်ဘူး ...”

“လာမှာပဲ ... တိမ်ဖျားနဲ့ ပန်းက အမြဲတမ်း တတွဲတွဲနေလာကြတာပဲဟာ ... ဘာဖြစ်လဲ ... မေ့ပါနိုင်နဲ့ ရင်ကွဲတောင်မှာ ပတ်ဝန်းကျင်လည်း မရှိဘူး ... ပြောနိုင်တဲ့သူမှ မရှိတာဘဲ ...”

ယောက္ခမအဘွားအိမ်စိုးကလည်း ပန်းမာလာမှ ပန်းမာလာပဲ။

ပန်းမာလာ ဆန္ဒကို မလွန်ဆန်ရဲ။



www.burmeseclassic.com

www.burmeseclassic.com



မေ့ပါနိုင်စံအိမ်ကြီးထဲမှာ တိမ်ဖျားအမိန့်ပြီးရင် သူမ အမိန့်ပဲ။

ပန်းမာလာ မိဘတွေ ကွယ်လွန်သွားရတာ ဘွား အိမ်စိုးရဲ့ပယောဂလည်း ပါနေသည်။ ဒါကို ပန်းမာလာတစ်ယောက် ပဲ သိနေသည်။ အိမ်ဖော်ကောင်မလေးကို အရိုက်လွန်ပြီး သေဆုံး သွားစဉ် ပန်းရဲ့မိဘတွေ ဖုန်းဆက်ခေါ်ရာမှ ကားအက်ဆီးဒင့်ဖြစ် ပြီး ကွယ်လွန်ရသည်။

ဘယ်သူမှ မသိဘူး။

"တိမ်ဖျား ..."

"ဟင် ..."

"တကယ်တော့ ပန်း ချစ်မြတ်နိုးရတာက တိမ်ဖျားပါ"

"ဟင် ..."

ပန်းမာလာက ပေါ်တင်ကြီး ပြောလာ၍ တိမ်ဖျား အထိတ်တလန့်တော့ ဖြစ်သွားမိသည်။

"အဟွန်း ... အဟွန်း ..."

"မင်း ဘာရယ်တာလဲ ..."

"ဒေါက်တာနှောင်စွဲထင်က ဟိုဟာမ ဒေါက်တာလှမ်းတမ့်ကို အစွဲကြီးစွဲလမ်း၊ အချစ်ကြီးချစ်နေတာလေ ... ဒီမှာ လူကြီးတွေက အတင်းလက်ထပ်ပေးကြတော့ ရှင့်အစ်ကိုကြီး





အရမ်းကြေကွဲသွားပြီး အရက်သမားကြီးလုံးလုံးဖြစ်သွားတာ ပဲ ..."

"သေတဲ့လူက သေပြီပဲ ပန်းမာလာ ... ကိုကြီးအကြောင်း တွေ ဘာမှမပြောပါနဲ့လို့ ငါ တောင်းပန်ပါတယ် ..."

"ပန်းက နစ်နာရတဲ့သူပဲ ... ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ထားပြီး မုဆိုးမဆိုတဲ့ ရာထူးပဲ ရလိုက်တာလေ"

"တော်ပါတော့ ပန်းမာလာ ... မင်း ပြန်ပါတော့ ..."

"တိမ်ဖျား ... နင်ကရော ဘာဖြစ်လို့ ဟိုဒေါက်တာမကို လက်ခံရတာလဲ ... မေ့ပါနိုင်မှာ နေခွင့်ပြုရတာလဲ ..."

"သူက ဧည့်သည်ပဲ ... ကိုလတ်ဧည့်သည်လေ ..."

"ကျွန်မယောကျ်ားရဲ့ချစ်သူဟောင်းလာတာကို ရှင်တို့က ဧည့်ဝတ်ကျေကျေနဲ့ ဧည့်ခံနေတာလား ..."

ဒေါက်တာလှမ်းတမ့် ရှိနေတာကို ပန်းမာလာ လုံးဝ မကျေနပ်။

တိမ်ဖျားထားတာလေ။

ဒီမိန်းမကို ချက်ချင်းပြန်စေချင်တာပါ။

"လှမ်းတမ့်က ခရီးအဝေးကြီးကနေ လာရတာပဲ ... မိန်းကလေးတစ်ယောက်လေ ..."

"မိန်းကလေးတစ်ယောက်ဖြစ်ပြီး ဒီလောက်ဝေးလံတဲ့ ခရီး



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာလာလုပ်ရတာလဲ ... ဒေါက်တာနှောင်စွဲထင်က မိန်းမနဲ့လေ ... ”

ဒေါက်တာလှမ်းတမီက အတော်လေးလှပစွဲမက်စရာပါပဲ။ ပန်းမာလာလို လှပချောမောသူပင် အားကျရသည်။

ဖူးစင်ဝင်းဖန့်နေတဲ့ မိန်းကလေးပါပဲ။

ကိုလတ် စွဲမက်မယ်ဆိုလည်း စွဲမက်စရာပါပဲ။

ဒေါက်တာလှမ်းတမီကို တွေ့လိုက်တဲ့ ယောကျ်ားတိုင်းက ချစ်ခင်နှစ်သက် စွဲမက်မှာပဲဖြစ်သည်။

တိမ်ဖျားတော့ မရဘူး။

ရှင် မစွဲလမ်းရဘူး။

တိမ်ဖျားကို ပန်းမာလာ နှလုံးသားထဲမှာ ချစ်မိနေပေမဲ့ လက်ထပ်ဖို့ ရွေးချယ်လိုက်တာက ဒေါက်တာနှောင်စွဲထင်ကိုပဲဖြစ်သည်။

ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံနေလို့ပဲလေ။

အလကားပဲ။

ဒင်းက ရန်ကုန်မှာ ကျန်ခဲ့တဲ့ ချစ်သူကို တမ်းတနေတယ်။

ရှင် သေတာတောင် နည်းသေးတယ် ဒေါက်တာနှောင်စွဲထင်။





“မင်းကို ငါ မချစ်ဘူး ... အဘွားဆီမှာ မင်းငါ့ကိုတောင်းဆိုတာပဲ ... မင်းမှားသွားပြီ ပန်းမာလာ ... ငါချစ်တာက လှမ်းတမီပဲ ... ”

ဒေါက်တာနှောင်စွဲထင် ပြောခဲ့တဲ့စကားတွေကို ကြားယောင်လာမိသည်။

ဒေါသတွေနှင့် အံသွားတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိ၏။

“တိမ်ဖျား ... ”

“ပြော ... ”

“ဒေါက်တာလှမ်းတမီ ပြန်ပါစေ ... ”

“ပြန်မှာပါ ... မင်း မပြန်နိုင်နေရင်တောင် ဒေါက်တာလှမ်းတမီက ပြန်မှာပဲ ... ”

တိမ်ဖျားကိုယ်တိုင်က ... ဒေါက်တာလှမ်းတမီကို သတိရတမ်းတနေမိလေသည်။

နယ်ကနေလာရ၍ အပြန်ခက်ခဲမှာ စိုးနေမိ၏။

အနားယူစေချင်မိသည်။

တိမ်ဖျား သတိရနေတာက လှမ်းတမီပဲ။

“ဧည့်သည်ကို တစ်ပတ်လောက်နေခိုင်းတာ ... ကိုယ်တို့ရဲ့ ဝတ္တရားပဲ ပန်းမာလာ ... ”



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း ... ဟွန်း ... အဟင်း ... ဟင်း ..."

"မင်းဘာရယ်တာလဲ ပန်းမာလာ ..."

"ရှင်တို့မိသားစုက လူမှုရေးသိတတ်လို့လား ... ပတ်ဝန်းကျင်နဲ့ အဆက်အဆံလုပ်လို့လား ..."

"တော်ပါတော့ ပန်းမာလာ ... မင်းသွားသင့်ပြီ ..."

ဘွားအိမ်စိုးကြောင့် အိမ်ဖော်မလေးကို သတ်ပြီးကတည်းက အပြင်နှင့် အဆက်အသွယ်ဖြတ်လိုက်သည်။

မေ့ပါနိုင်ကို အထီးကျန်နေစေတော့၏။

"တိမ်ဖျား ..."

"ပြော ..."

"ရှင်လည်း ဟိုဟာမလေးကို စိတ်ဝင်စားမယ်တော့ မကြံနဲ့နော် ... ပန်းမာလာ လက်မခံဘူး ..."

"မင်းဘာတွေလာပြောနေတာလဲ ... တိမ်ဖျားကတော့ ကိုယ့်အလုပ်တွေကလွဲပြီး ဘာမှမစဉ်းစားဘူးနော် ..."

"တိမ်ဖျားကို ထပ်ပြောလိုက်ဦးမယ် ... ဒီတစ်ခါ ပန်းမာလာ ထပ်ပြီးရွေးချယ် ..."

"ဘာ ..."

"ဘွားအိမ်စိုးကို ပြောလိုက်မယ် ... ကျွန်မ ရွေးချယ်မှာ တိမ်ဖျားလို့ ..."





သူမ ပြန်ထွက်သွားတော့သည်။

တိမ်ဖျား မကျေမနပ်နှင့် ကျန်ရစ်ခဲ့တော့၏။

ရင်ကွဲချောင်းဖျားမှ သူ ရပ်နေမိသည်။

ဘွားအိမ်စိုးက ပန်းမာလာကို အရမ်းကြောက်တာ ပဲ။ ပန်းမာလာ တစ်ခွန်းဟလိုက်တာနှင့် လိုက်လျောဖြည့်ဆည်းပေးပြီးသားပဲ။

"တောက် ..."

ဒေါသတွေ ဖြစ်နေမိသည်။

ပန်းမာလာ ... ။

မင်း ရက်စက်တယ်။ ကိုလတ်သေဆုံးရတာ တစ်ရက်လောက်ပဲ ရှိသေးသည်။

"ဒေါက်တာလှမ်းတမီဆိုတာ ကိုလတ်အရမ်းချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ပဲ ... ဒါပေမဲ့ ... ကိုလတ်ရဲ့ချစ်သူတော့ မဟုတ်ဘူး ... သူငယ်ချင်းလေ ... ကိုလတ်ဘက်က ပဲ တစ်ဘက်သတ်ချစ်နေတာပါ ..."

ကိုလတ်ပြောသွားတဲ့စကားတွေကို တိမ်ဖျား ကြားယောင်မိလာသည်။

"ကိုလတ် လှမ်းတမီကို ခေါ်ထားတယ် ... မသေခင် ခဏလေးတော့ တွေ့ချင်တယ် တိမ်ဖျားရာ ..."



www.burmeseclassic.com

www.burmeseclassic.com



မေ့ပါနိုင် အိမ်ကြီးထဲကလူတွေ ပတ်ဝန်းကျင်နှင့် ကင်းကွာပြီး နေချင်သလိုနေကြသည်။

ဘွားအိမ်စိုးကအစ တစ်လောကလုံးကို မကျေမနပ် ဖြစ်နေ၏။

တိမ်ဖျားကိုတော့ ချစ်သည်။

အလိုလိုက်၏။

ပြီးတော့ ... ။

ကိုကြီးယံခေါင်ဖျား။

စိတ်ဝေဒနာရှင်လိုပဲ ယဉ်ယဉ်လေးနှင့် စိတ်ဖောက် ပြန်နေသည်။

အပေါ်ထပ်မှာပဲနေ၏။

စန္ဒရားတစ်လုံးနှင့် အလုပ်ရှုပ်နေတတ်လေသည်။

"ဒီတစ်ခါ ကျွန်မ ရွေးချယ်မှာက တိမ်ဖျားပဲလေ ... ဘွား ကို ပြောလိုက်မယ် ... ကျွန်မ ရွေးချယ်မှာက တိမ်ဖျားလို့"

ပန်းမာလာပြောတဲ့ စကားတွေကြောင့် တိမ်ဖျား တစ်ယောက်တည်း ဒေါသတွေ ဖြစ်ကျန်ခဲ့ရသည်။





## အခန်း (၆)

နှောင်းစွဲထင်မှာ ဘယ်လိုအခက်အခဲတွေ ရင်ဆိုင်နေ ရမှန်းမသိ။

လှမ်းတမို့ထံ စာရေးခဲ့သည်။

"ကိုယ့်ကျန်းမာရေး အခြေအနေသိပ်မကောင်းတော့ဘူး ... သူငယ်ချင်းလာခဲ့ပါကွာ ... မေ့ပါနိုင်အိမ်ကြီးကိုရောက် အောင်လာခဲ့ပါ ... လှမ်းတမို့ ... ကိုယ့်ကို ဆေးလာကုပေး ပါ ... ကိုယ့်ရဲ့နောက်ဆုံးအချိန်လေးတွေ ဖြစ်နေပြီ ... လှမ်း တမို့ကို တွေ့ချင်တယ် ... လာခဲ့ပါကွာ ..."

ဒေါက်တာနှောင်းစွဲထင်က အတင်းအကျပ်တောင်း တောင်းပန်ခေါ်၍ လှမ်းတမို့ လာခဲ့ခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတမီလည်း စွန့်စားပြီးလာခဲ့ခြင်းပင်။ ဒီရောက်တော့ ဒေါက်တာနှောင်စွဲထင်က ဆုံးနေပြီ။

ရှင် ဘာဖြစ်လို့ ကျွန်မကို မစောင့်ရတာလဲဟင်။

ပြီးတော့ ...

ချက်ချင်း သင်္ဂြိုဟ်လိုက်သည်။

မေ့ပါနိုင်မှာ လှမ်းတမီ နေစရာအကြောင်း မရှိတော့ပေ။

အိမ်ရှင်ဒေါ်အိမ်စိုးကိုယ်တိုင်ကလည်း လှမ်းတမီကို မနေစေချင်တော့။

ချက်ချင်းကြီး ပြန်စေချင်နေတာပါ။

ဘယ်လိုလူတွေလဲ။

အရမ်းရိုင်းစိုင်းကြမ်းတမ်းပါတယ်ဆိုတဲ့ ယံတိမ်ဖျား ဆိုတဲ့လူက လှမ်းတမီအပေါ် သဘောကောင်းနေသည်။

ဧည့်သည်ကို ဧည့်ဝတ်ကျေအောင်နေပါတဲ့။

လှမ်းတမီ ပြန်တော့မယ်။

နှောင်စွဲမှ မရှိတော့ဘဲ။

လှမ်းတမီကို နှောင်စွဲ ချစ်ခင်နှစ်သက်တဲ့ ဟန်တွေ ဖြစ်ခဲ့ပေမဲ့ နှုတ်ကတော့ ဖွင့်မပြောခဲ့။

နှောင်စွဲ လက်ထပ်တာ လှမ်းတမီ လုံးဝမသိခဲ့။





ကျန်းမာရေးချို့တဲ့နေသည်ပြော၍ ဆေးကုသရန် လာရောက်ခြင်းပင်။

"ဒေါက်တာ ... ဒေါက်တာ ..."

"ဟင် ... ဘာလဲ ဦးအဋ္ဌ ..."

"မောင်ခေါင်ဖျား အရမ်းနေမကောင်းဖြစ်နေလို့ ... လာကြည့်ပေးပါတဲ့ ..."

"ဘယ်သူကလဲ ..."

"ဘွားအိမ်စိုးက ..."

"ဟုတ်ကဲ့ ..."

လှမ်းတမီ ဆေးအိတ်ဆွဲပြီး ဦးအဋ္ဌနောက်လိုက်လာခဲ့သည်။

အပေါ်ထပ်မှာ ...

အခန်းထဲရောက်တော့ ယံ့ခေါင်ဖျား အရမ်းဖျားနေသည်။

ကိုယ်အပူရှိန်က အရမ်းပဲတက်နေ၏။

လှမ်းတမီကုသစရာရှိတာတွေ ကုသပေးနေမိသည်။

သတိလစ်တော့မတတ် ဖြစ်နေတဲ့ ယံခေါင်ဖျားကို လှမ်းတမီ အမြန်ဆုံး ကိုယ်အပူရှိန်ကျအောင် ဆေးကုသပေးနေရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးထိုးပေးလိုက်သည်။

ကိုယ်အပူရှိန်ကျသွား၏။

မဂ္ဂဿာက ရေပတ်တိုက်သည်။

"ဒေါက်တာ ..."

"ရှင် ..."

"ကျွန်မ မြေးလေး ဘာဖြစ်တာလဲ ..."

"အအေးပတ်တာပါ ..."

မြေးတစ်ယောက်အသက်ဆုံးရှုံးသွားရပြီးနောက် တစ်ယောက်ထပ်ဆုံးရှုံးမှာ ဒေါ်အိမ်စိုး စိတ်ပူနေမိသည်။

"စိတ်ပူစရာတော့ မရှိပါဘူး ... အခု အိပ်ပျော်နေပါပြီ ... ခဏနေရင် နေကောင်းသွားမှာပါ ..."

"စောင့်ကြည့်ပေးပါ ဒေါက်တာ ... ကျွန်မမြေးရဲ့အသက်ကို ကယ်ပါ ..."

စောစောကတော့ ... ချေးမဖြစ်သူ ပန်းမာလာ မကြည်ဖြူမှာစိုး၍ ဒေါက်တာလှမ်းတမ်ိုကို ပြန်စေချင်မိသည်။

ပန်းမာလာ။

အသက်ကြီးမှ အချုပ်ထဲရောက်နေမှာ စိုးမိသည်။

အိမ်ဖော်မလေးခင်ငွေ သေဆုံးရတဲ့အမှုကို ပန်းမာလာနှင့် မိဘတွေက သိထားလေသည်။





မိမိပတ်ဝန်းကျင်နှင့် မပတ်သက်အောင်နေတာ ကြာပြီပဲ။ ကင်းအောင်နေ၏။ ဟာမင် မပတ်သက်တာပါ။

သားလတ်ဆုံးသွားပြီ။

"အဘွား ... နှောင်စွဲချစ်တာက ဒေါက်တာလှမ်းတမ်ိုကိုပါ။ ပန်းမာလာကို မြေး လက်မထပ်ပါရစေနဲ့နော် ..."

မြေးလတ်ကတော့ ဆုံးသွားပြီ။

အရက်သမားဘဝနဲ့ပါ။

ဒေါ်အိမ်စိုး မြေးတွေထဲမှာ ပညာအတော်ဆုံးမြေး ပဲ။

ပန်းမာလာက တောင်းဆိုတော့ မိမိအတင်းအကျပ် လက်ထပ်ပေးလိုက်ရတော့သည်။

"ဒေါက်တာ ..."

"ရှင် ..."

"မပြန်ပါနဲ့ဦး ... ဒီမှာက ပြင်ပဆရာဝန်တွေခေါ်ဖို့ ဝေးတယ်လေ ... ဒေါက်တာနေပေးပါ ..."

မြေးကြီးထပ်ပြီး အသက်ဆုံးရှုံးသွားရမှာ မိမိစိုးရိမ်ပူပန်နေမိသည်။

"ကျွန်မမြေးက စိတ်ဝေဒနာရှင်ပဲ ... ချစ်သူသေဆုံးသွားကတည်းက စိတ်ဝေဒနာတွေ ခံစားရပြီး အပေါ်မှာပဲနေတာပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"လှမ်း အတတ်နိုင်ဆုံးတော့ စောင့်ရှောက်ပေးပါ့မယ်ကွာ"

လှမ်းတမှီလည်း ချက်ချင်းကြီးပြန်ဖို့ မလွယ်သေး ပေ။

ဒီနေရာလေးရဲ့ သဘာဝအလှအပတွေလည်း သူမ စွဲလမ်းနေမိပါပြီ။ ခဏတော့ နေချင်မိသည်။

ဒီနားပတ်ဝန်းကျင်ကိုလည်း ဆေးဝါးများ ကုသပေး ချင်မိသည်။

မေ့ပါနိုင်ရဲ့ လူတွေက ပတ်ဝန်းကျင်နဲ့ လုံးဝအဆက် အဆံမလုပ်ဘူးတဲ့။

"ဒေါက်တာ ဒီမှာတစ်ပတ်လောက်တော့ နေပေးပါ ... ကျွန်မမြေးကို စောင့်ရှောက်ကြည့်ရှုကုသပေးပါဦး"

"ဟုတ်ကဲ့ ..."

"မြေးကြီးကပေါ့တယ် ... လသာဆောင်မှာထွက်ပြီး တစ်ည လုံး စန္ဒရားတီးတာပဲ ... ပြောလို့မရဘူး ..."

"အအေးပတ်တာပါ ..."

"ဟုတ်မယ်ထင်တယ် ..."

"လှမ်း ဒီမှာရှိနေသရွေ့တော့ စောင့်ရှောက်ပေးပါ့မယ်"

ဒီအဘွားကြီးက အတွကြီးပုံပင်။

ရောက်ကာစမှာ လှမ်းတမှီအား ချက်ချင်းပြန်စေ ချင်တဲ့သဘောမျိုးဖြစ်နေသည်။





"လှမ်းတမှီ ... ညည်းကို အားကိုးပါတယ်အေ ... ကျုပ်မြေး တစ်ယောက် ထပ်မဆုံးရှုံးချင်တော့ဘူး ..."

ဒေါ်အိမ်စိုးပြောပြီး လှည့်ထွက်လာခဲ့မိသည်။

အခန်းထဲပြန်ရောက်လာခဲ့၏။

မိမိအမှားအယွင်းတစ်ခုကို ကျူးလွန်ခဲ့မိသည်။

ဒေါသအလျောက် အိမ်ဖော်မလေးကို စောင့်တွန်း ပစ်လိုက်မိ၏။

"ခွပ် ..."

နံရံနှင့် အိမ်ဖော်မလေးဦးခေါင်း ထိရိုက်သံက ခွပ်ခနဲ ကြားလိုက်ရပြီး ကောင်မလေး လဲကျသွားသည်။

"အား ..."

"ဟင် ..."

မိမိ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး မိတ်ဆွေနှစ် ယောက်ဆီ ဖုန်းဆက်မိသည်။

ပန်းမာလာရဲ့ မိဘတွေ။

မိမိနှင့် တိုင်ပင်ဖော်တိုင်ပင်ဖက် မိတ်ဆွေတွေဖြစ် သည်။

ကံကြမ္မာက ဆိုးချင်တော့ ထိုမိတ်ဆွေတွေပါ လမ်း မှာ ကားအက်ဆီးဒင့်ဖြစ်သွားပြီး ဆုံးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စတွေကို သိနေသူက ပန်းမာလာပင်။

အိမ်ဖော်ကောင်မလေးကို မိမိအပျောက်ရှင်းလိုက်သည်။

ထိုအမှုကိစ္စအတွက် မိမိစိတ်တွေ အမြဲချောက်ချားနေရ၏။

ပန်းမာလာရဲ့အမိန့် ဩဇာကို မလွန်ဆန်နိုင်ဖြစ်ရသည်။

ဒေါက်တာလှမ်းတမှီကိုထားတာ ဘာပြောမလဲ။

ကျေနပ်မှာတော့မဟုတ်။

လှမ်းတမှီက မြေးလတ်ချစ်သူပဲ။

မြေးနှောင်းစွဲထင် အမြဲတမ်းလွမ်းဆွတ်ကြေကွဲစွာ တမ်းတနေတဲ့ မိန်းကလေး။

"ဒေါက် ... ဒေါက် ..."

"ဒေါက် ..."

"ဟင် ..."

မိမိဆီကိုလာတာ ပန်းမာလာပဲဖြစ်မည်။

အသံမပြုဘဲ တံခါးခေါက်တတ်တာ ပန်းမာလာပဲရှိသည်။

"ဖွင့်ထားတယ်လေ ..."





ထင်ထားတဲ့အတိုင်းပင် အခန်းထဲဝင်လာသူက ပန်းမာလာပင်။

"ဘွား ..."

"လာလေ ပန်းမာလာ ... ကိစ္စရှိလို့လား ... ပြောလေ"

"ဘွားဆီကို ကိစ္စရှိမှ ပန်းမာလာက လာရမှာလားဟင်"

"မဟုတ်ပါဘူးကွယ် ... ပန်းမာလာက ရောက်လာရင် တောင်းဆိုမှုတစ်ခုခုတော့ ရှိနေမှာပဲဆိုတာ ..."

"ရှိတယ်လေ ..."

"ဘာလဲကွယ် ..."

"နောက်မှပြောမယ် ... ခုလောလောဆယ်တော့ ဟိုဒေါက်တာမကို ပြန်နိုင်းလိုက်တော့လေဘွား ..."

ဒေါ်အိမ်စိုးအတွက် အခက်ကြီးခက်သွားရသည်။

မြေးကြီး နေမကောင်း၍ ဒေါက်တာလှမ်းတမှီကိုတော့ ရှိနေစေချင်မိလေသည်။

"ဒီမိန်းမ နေစရာအကြောင်းမှ မရှိတော့တာဘဲ ..."

"မြေးကြီးခေါင်ဖျား နေမကောင်းဘူး ..."

"ဘာဖြစ်လို့လဲ ..."

"အအေးပတ်တာ ..."

"ကိုခေါင်က အမြဲတမ်း လသာဆောင်မှာနေတယ် ... မြို



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ညသန်းခေါင်ကျော်အထိနေတတ်တယ်နော်”

“အအေးပတ်တာလေ … ဒီဆရာဝန်မကို တစ်ပတ်လောက်တော့ နေစေရဦးမှာပဲကွယ် … မထားပါဘူး … ဘွားလည်း မထားချင်ပါဘူး … မြေးငယ်တိမ်ဖျားကလည်း ထားနေတယ်လေ …”

မေ့ပါနိုင်မှာရှိတဲ့ မိသားစုဝင်တွေအားလုံး တိမ်ဖျားကိုတော့ ကြောက်ကြရသည်။ ပန်းမာလာ အပါအဝင်ပေါ့။

“တော်ကြာ ဒီဆရာဝန်မက ဘွားမြေးတွေကို ချိုင်ဦးမှာ နော် …”

“ခေါင်ဖျားကို ချိန်ချင်လည်း ချိန်ပစေပေါ့ …”

ပန်းမာလာ စိတ်ပူနေတာက တိမ်ဖျားပဲ။

“တိမ်ဖျားက ဒီမှာရှိနေတာမှ မဟုတ်တာဘဲ ရင်ကွတောင်မှာပဲနေတာလေ …”

ပန်းမာလာစိတ်ပူနေတာကဒေါ်အိမ်စိုး သိနေသည်။

မြေးလတ်နှောင်စွဲကို ရွေးချယ်တာက ပညာတတ်လို့။

တိမ်ဖျားနှင့် ပန်းမာလာက ရင်းနီးကြသည်။ ငယ်ငယ်လေးတည်းက ကျောင်းနေဖက် သူငယ်ချင်းတွေ။

ပန်းမာလာချစ်တာက တိမ်ဖျားပါ။ လက်ထပ်ဖို့ ရွေးချယ်တာကတော့ ဒေါက်တာနှောင်စွဲထင်ပါပဲ။





“ဘွား …”

“ဟင် …”

“ဒီမိန်းမကို မမြင်မတွေ့ချင်ပါဘူး … အမြန်ဆုံးပြန်ခိုင်းလိုက်ပါနော် …”

“အေးပါကွယ် … တစ်ပတ်လောက်ပဲ နေစေရမှာပါ … ဒီမှာက အရေးအကြောင်းဖြစ်ရင် ဆရာဝန်မရှိဘူးလေ …”

“အင်းလေ … ပန်းမာလာကတော့ ဘွားဆီမှာ တောင်းဆိုစရာတစ်ခုရှိတယ် … အဲဒါ နောက်မှနော် …”

“ရပါတယ်ကွယ် … ပန်းမာလာရဲ့ဆန္ဒက ဘွားဆန္ဒပဲဟာ”

ပန်းမာလာကိုတော့ ဒေါ်အိမ်စိုး အချိုသတ်နေမိလေသည်။

မိမိကျူးလွန်ထားတဲ့ ပြစ်မှုကို ဖော်ထုတ်မဲ့သူပဲ။

ပန်းမာလာ ထွက်သွားမှ ဒေါ်အိမ်စိုး စိတ်သက်သာရာရသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"မင်း ... မင်းဘယ်သူလဲ ... ထား ... ထားလား ... မဟုတ်ပါဘူး ... မင်း ... မင်းဘယ်သူလဲ ..."

"ကျွန်မက ဒေါက်တာလှမ်းတမှီပါ ... ကိုခေါင်ဖျား ... နေမကောင်းဖြစ်နေလို့ လာကြည့်ပေးတာပါ ..."

"မင်းက ညီလေးနှောင်စွဲရဲ့ချစ်သူလား ..."

"မဟုတ်ပါဘူး ... ကျွန်မတို့က သူငယ်ချင်းတွေပါ ..."

"မင်းက တော်တော်လှတာပဲ ..."

"ရှင် ..."

"အဟွန်း ... ဟွန်း ... အဟွန်း ... ငါ့ညီက မင်းကို အရမ်းစွဲလမ်းတာကွ ..."





ဘယ်လိုလူလဲ။

မဂ္ဂလာက စားစရာသွားလုပ်နေ၍ လှမ်းတမှီ ဒီလူ့ကို စိတ်ပူပြီး စောင့်ကြည့်နေတာပါ။

"လှမ်းတမှီ ..."

"ရှင် ..."

"မင်း ငါ့ကို ဆေးကုပေးတဲ့အတွက် မင်းကို ကျေးဇူးမတင်ဘူး ..."

"ရှင် ..."

"ငါက သေချင်တာ ..."

ဒုက္ခပါပဲ။ ရူးကြောင်မူးကြောင်နဲ့ ... ။

သူ့မျက်ဝန်းအကြည့်တွေကလည်း တစ်မျိုးဖြစ်နေသည်။

နေလို့ဖြစ်ပါ့မလား။ မဂ္ဂလာကလည်း ကြာလိုက်တာ။

"ကိုယ့်ကို ကြောက်သွားတာလား ... လှမ်းတမှီ ..."

"ရှင် ... အဖျားကျသွားပြီ ... ခဏနေရင် မဂ္ဂလာ ကော်ဖီနဲ့ မုန့်လာကျွေးမယ်နော် ..."

"နေဦး ..."

"ရှင် ..."

သူမ ထ,ပြန်မယ်လုပ်တော့ သူက နေဦးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နေကောင်းပြီပဲ ... ကျွန်မ ဆက်နေစရာအကြောင်း မရှိတော့ပါဘူး ..."

"နေပါဦး အမိ ... ကျုပ်အနားမှာ ခဏလောက် ထိုင်နေပါဦး"

သူ့ကိုယ်ကြီးက သူမအနား တိုးလာ၍ လန့်သွားရသည်။

မျက်နှာက လှမ်းတမှီရဲ့မျက်နှာအနားကပ်လာ၏။

"လှမ်းတမှီ ..."

"ရှင် ..."

"မင်း အရမ်းလှတယ် ... တကယ့်ကို ထိုင်ကြည့်ချင်စရာ ကောင်းအောင်ချောတာပဲ ..."

"ဟင် ..."

သူမ ထ,ဖို့ပြင်လိုက်စဉ် သူက ဆတ်ခနဲ လှမ်းဆွဲလိုက်သဖြင့် သူ့ရင်ခွင်ထဲ သူမကိုယ်လုံးလေး လဲပြိုသွားရသည်။

"ရှင် ... ရှင် ဘာလုပ်တာလဲ ... ကျွန်မကို အဲဒီလို နိုင့်ထက်စီးနင်းလုပ်ရင် ကျွန်မ ပြန်မှာနော် ..."

သူမ ရုန်းကန်ထွက်လိုက်ပြီး သူ့ကို ခပ်တင်းတင်း ကြည့်ပြီး ပြောမိသည်။

"ကျွန်မ ပြန်တော့မယ် ... နှောင်စွဲလည်း မရှိတော့ဘူးလေ၊ ကျွန်မ ပြန်မယ် ..."





"မင်း မပြန်ရဘူး ... ကိုယ်တောင်းပန်ပါတယ် ... မင်းနေပါ၊ ကိုယ့်ရောဂါဝေဒနာတွေ ကုပေးပါဦး ..."

ဒေါက်တာလှမ်းတမှီဆိုတဲ့ မိန်းကလေးကို သူ နှစ်သက်သဘောကျသွားမိသည်။

မင်းရှိမှဖြစ်မယ်။

ကိုယ့်ဘ၀တွေက အရမ်းအထီးကျန်နေတာပါ။

ချစ်သူထားသေဆုံးပြီးတည်းက သူ စိတ်ဝေဒနာ တွေ ခံစားခဲ့ရသည်။

"ကိုယ်နဲ့ နှောင်စွဲက ကံတူအကျိုးပေးတွေပဲ ... နှောင်စွဲ မင်းကို စွဲလမ်းပြီး အရက်သမားကြီးဘ၀နဲ့ ကွယ်လွန်ရ တယ် ..."

နှောင်စွဲ သူမ့ကို စွဲလမ်းနှစ်သက်နေတယ်ဆိုတာ မသိပေ။

သူငယ်ချင်းတွေပဲ။

"နှောင်စွဲလိုပဲ ကိုယ့်လည်း အချစ်အတွက် သောကဝေဒနာတွေ ခံစားနေရတယ် ..."

"နှောင်စွဲနဲ့ ကျွန်မက သူငယ်ချင်းတွေပါ ... သူ အဲဒီလိုဖြစ်နေတာတွေ ကျွန်မ လုံးဝမသိပါဘူး ..."

"လှမ်းတမှီ ..."

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦး ..."

"ကျွန်မ တာဝန်ပြီးဆုံးသွားပါပြီ ..."

"မင်းထွက်မသွားပါနဲ့ ... ကိုယ်နေမကောင်းဘူး ... မင်း သာ ဒီကနေထွက်သွားရင်တော့ ကိုယ်သေမှာပဲ ..."

မဂ္ဂလာဝင်လာ၍ လှမ်းတမှီ ကပျာကယာထွက်လာ ခဲ့မိသည်။

"လှမ်းတမှီ ..."

"ဟင် ဘွား ..."

"ခဏ ..."

"ရှင် ..."

ဘွားအိမ်စိုးခေါ်၍ သူမအနားရောက်သွားရသည်။

"မင်းကိုပြောစရာရှိလို့ ..."

"ရှင် ..."

"မင်း ဒီမှာ တစ်လလောက် နေပေးပါ ..."

သူမရောက်ကာစက အမြန်ဆုံးပြန်နိုင်းနေသော အဘွားကြီး။

မလိုလားတဲ့မျက်နှာတင်းတင်းနှင့်ကြည့်တတ်သည်။

အခုတော့ ...

နေပါဦးတဲ့။





မြေးတွေကို အခြေတကျဖြစ်ချင်လာမိသည်။

မိမိမှာ ပြစ်မှုနှင့်။

သိထားသူက ပန်းမာလာ။

"ကျုပ် မင်းကို အခကြေးငွေပေးမှာပါ ..."

"မလိုချင်ပါဘူး ... ကျွန်မအတွက် ငွေမလိုပါဘူး ... နှောင်စွဲ ကို သံယောဇဉ်နဲ့ ရောက်လာတာပါ ..."

"ညည်းနဲ့ သူလား ..."

"ဟင့်အင်း ... နှောင်စွဲ ကျွန်မကို ချစ်မြတ်နိုးနေတာ ... ကျွန်မ လုံးဝမသိပါဘူး ..."

"နှောင်စွဲက ဘာမှမပြောတော့ ခက်တယ် ..."

ဒေါ်အိမ်စိုး ပတ်ဝန်းကျင်နှင့် ကင်းအောင်နေတာ ပြစ်မှုကျူးလွန်ထားမိလို့ပါပဲ။

အိမ်ဖော်မလေးကို ရိုက်နှက်မိရာကနေ လက်လွန် သွားသည်။

ထိုအချိန်မှစ၍ မိမိပတ်ဝန်းကျင်နှင့် အဆက်အဆံ မလုပ်တော့.

"စတွေ့ဝေ့. ...: ကျုပ်ရဲ့ဆက်ဆံမှုအတွက် တောင်းပန် ပါတယ် ..."

မြေးကြီးယံခေါင်ဖျာ... ... မိမိအချစ်ဆုံးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးမြေးကြီးက စိတ်ရောဂါဝေဒနာတွေနှင့် အထီးကျန်နေရသည်။

"ငါ့မြေးကို ဆေးကုပေးပါ ..."

မြေးကြီးချစ်သူထားက ကင်ဆာရောဂါဝေဒနာနဲ့ သေဆုံးသွားရသည်။

ဒီထဲက ... မြေးအထီး ကျန်နေခဲ့သည်။

စန္ဒရားတစ်လုံးနှင့် အပေါ်ထပ်မှာပဲ နေတော့၏။

"ကျုပ်မြေးကြီး ကျုပ်အချစ်ဆုံးပဲ ... လှမ်းတမီကို ကျုပ်တောင်းပန်ပါတယ်နော် ... ကျုပ်မြေးကြီးကိုထားခဲ့ပြီး ... မင်းထွက်မသွားပါနဲ့ ..."

ပန်းမာလာက မိမိကို အပြစ်တင်ရင်လည်း တင်ပါစေတော့။

မတတ်နိုင်ဘူး။

ငါ့မြေးတွေအတွက် ငါဘယ်တော့မှ အကာအကွယ် မပေးနိုင်ခဲ့ဘူး။

ကြည့်စမ်း ... ။

မြေးကြီး နှောင်ဖွဲ့ထင်။

ပန်းမာလာရဲ့ဆန္ဒနှင့် တောင်းဆိုမှုတွေကို မိမိ မလွန်ဆန်နိုင်ခဲ့။





"လှမ်းတမီ ..."

"ရှင် ..."

"ကျုပ်မြေးတွေအတွက် ညည်းရှိနေသင့်ပါတယ် ..."

မြေးကြီးအတွက် ညည်းရှိနေမှဖြစ်မယ်။

ဒေါက်တာလှမ်းတမီ ရှိနေမှ။

စိတ်ဝေဒနာတွေကို ကုစားဖို့ပဲ ဖြစ်လေသည်။

ပန်းမာလာကတော့ မကြိုက်ဘူး။

ဒါပေမဲ့ ...

မတတ်နိုင်ဘူးလေ။

ကျုပ်မြေးအတွက်ပဲ။

"မင်းဘာလိုလဲ ... ဒေါက်တာလိုအပ်တာတွေ စီစဉ်ပေးပါ့မယ် ... ဆေးဝါးတွေရော စုံရဲ့လား ... ကျုပ်မြေးတိမ်ဖျား ကို ဝယ်ခိုင်းလိုက်မယ်လေ ..."

"ရှိပါတယ် ... ကျွန်မ ဗီရိုလေးမှာ ဆေးဝါးတွေအခမဲ့ကုသပေးဖို့ ဆေးတွေယူလာပါတယ် ..."

စေတနာပြည့်ဝတဲ့ ဒေါက်တာမလေးပဲ။

မြေးနှစ်သက်မယ်ဆိုလည်း နှစ်သက်စရာပါပဲ။

"ဒေါက်တာ ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘွားမြေးအတွက် မင်းမရှိလို့ မဖြစ်ဘူးနော် ..."

"ဟုတ်ကဲ့ပါ ..."

ဒေါ်အိမ်စိုး ဒေါက်တာလှမ်းတမီကို ကျောခိုင်းပြီး ထွက်လာခဲ့တော့သည်။

မြေးနှောင်စွဲအတွက် မိမိ ဘယ်လောက်ခံစားနေရလဲ။

"နှောင်စွဲကို ပန်းမာလာနဲ့ လက်မထပ်ပေးပါနဲ့နော် ... မြေးမှာ ချစ်သူရှိနေပါတယ် ... ဒေါက်တာ လှမ်းတမီကိုပဲ လက်ထပ်ပါရစေ ..."

မိမိက လက်မခံဘဲ ပယ်ချလိုက်လေသည်။

ပန်းမာလာရဲ့ တောင်းဆိုမှုတွေကိုပဲ လိုက်လျောဖြည့်စွမ်းပေးခဲ့ရ၏။

ဒေါ်အိမ်စိုး မြေးလတ်အတွက် တွေးမိတိုင်း ကြေကွဲနေရသည်။





## အခန်း (၈)

"အို ..."

"အင့် ..."

"ဟင် ..."

"အမလေး ..."

သူမသည် ရုတ်တရက် ခြေခေါက်လဲပြီး လူတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ပြုတ်ကျသွားသည်။

မေ့ပါနိုင်ရဲ့ ခြံကြီးထဲကို လျှောက်ကြည့်ရင်းဖြစ်၏။

"အို ... ရှင် ... ရှင် ..."

သူ့လက်တွေက သူမကိုယ်လုံးလေးကို ဖမ်းချုပ်ထိန်းရင်း ပွေ့ဖက်ထားသလို ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကြောင်သွား၏။

သူကလည်း မြွေတစ်ကောင်လို ရစ်ပတ်ထားသို ရစ်ပတ်ထားသည်။

လှမ်းတမှီ အသိမဲ့သွားရ၏။

လူတစ်ယောက်ရဲ့ ရင်ခွင်ထဲကို အပြိုပြိုအလဲလဲဖြစ်ပြီး သန်မာတဲ့ လက်ကြီးများဖြင့် ထိန်းယူပွေ့ဖက်ထားခြင်း ခံလိုက်ရသည်။

"ဟင် ..."

သူမ ...

အထိတ်တလန့်နှင့် ရှန်းသည်။

ရုန်းလေ ... သူမ အလဲလဲအပြိုပြို ဖြစ်လေပဲ။

မှောင်နေပြီ။

ခြံထဲ ဆင်းလာပြီး ပန်းပင်တွေကြည့်နေရင်း လူတစ်ယောက်နှင့် ဝင်တိုက်လိုက်မိခြင်းဖြစ်သည်။

"ဒေါက်တာ ..."

"ဟို ... ကျွန်မ ... ကျွန်မ ..."

သူ ...

ယံတိမ်ဖျား ...





သူမကို ကူညီခဲ့သူဖြစ်၍ စိတ်ကတော့ နည်းနည်းအေးသွားရသည်။

ခက်နေတာက သူ့ရင်ခွင်ထဲကနေ ပြန်မထွက်နိုင်ခြင်းပင်။

ယံတိမ်ဖျားကလည်း ရုတ်တရက်တော့ ကြောင်သွားရသည်။

သူက ကိုခေါင် နေမကောင်းဘူးဆို၍ လိုက်လာကြည့်တာ။

မိန်းမချောလေး ဒေါက်တာလှမ်းတမှီ။

အရမ်းချောမွတ်နေတာပဲ။

ဖြောင့်စင်းနေတဲ့ နှာတံချွန်ချွန်လေးက တိမ်ဖျားပါးနှင့် ထိလုနီးပါးဖြစ်နေသည်။

မျက်နှာချင်းက ထိကပ်လုနီးပါး ဖြစ်နေရ၏။

"လွှတ် ... လွှတ် ... ရှင် လွှတ်လေ ..."

မိန်းမချောလေးရဲ့အသံကြားမှ သူ အသိတွေဝင်လာပြီး လွှတ်ပေးဖို့ သတိရမိသည်။

မိန်းမချောလေးကို သူ့လက်တွေကမြွေတစ်ကောင်ရစ်ပတ်ထားသလို ရစ်ပတ်ထား၏။

ဘုရားရေ ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်ရတာလဲ။

မိန်းမချောလေးတစ်ယောက်ကို ပွေ့ဖက်ထားမိ တာ ပထမဆုံးပင်။

"လွှတ်လေ ... ဘာဖြစ်လို့ မလွှတ်ရတာလဲ ..."

"အို ..."

"ဟာ ..."

သူ့ရင်ခွင်ထဲကနေ လူးလဲထလေ ပြိုလေ ဖြစ်နေသည်။

"သိပ်မရုန်းနဲ့လေ ... မင်းကို ဖက်ချင်လို့ ဖက်ထားတာမှ မဟုတ်တာဘဲ ... ပြုတ်ကျသွားမှာစိုးလို့ ထိန်းပေးထားတာပဲ ..."

သူမကိုမတ်ပြီး ရစ်ပတ်နှောင်ဖွဲ့ထားတဲ့ လက်တွေကို လွှတ်ပေးလိုက်မိသည်။

သူကိုယ်တိုင်လည်း ... အသိဝင်လာတဲ့အချိန်တွင် တစ်ကိုယ်လုံး ပူထူပြီး ရှက်စိတ်တွေဝင်လာရ၏။

မိန်းကလေးတွေနှင့် အကင်းရှင်းဆုံး နေလာခဲ့တဲ့ တိမ်ဖျား မိန်းကလေးတစ်ယောက်ရဲ့ အထိအတွေ့က ... သူ့ရင်ကို ကြီးစွာတုန်လှုပ်သွားစေသည်။

"မင်း ဘယ်သူလဲ ..."

"ကျွန်မ ဒေါက်တာ လှမ်းတမှီပါ ..."





"ဟင် ..."

ကိုလတ် ချစ်သူပဲ။

ဒေါက်တာလှမ်းတမှီအား အနီးကပ်တွေ့ခွင့်ရတော့ အတော်လေး ချောမောလှပကြောင်း တွေးမိလာရသည်။

ခြံထဲမှာ ...

"ဒေါက်တာ ..."

"ပြောပါ ..."

"ဒီမှာ အခက်အခဲရှိလား ..."

"ကျွန်မ ပြန်ချင်တယ် ..."

"ပြန်လေ ..."

"ဘွားအိမ်စိုးက လက်မခံဘူး ..."

"ဘာဖြစ်လို့လဲ ..."

"ရှင့်အစ်ကိုအတွက် ကျွန်မက လိုအပ်နေတယ်လေ ..."

"ခဏလေးတော့ ..."

"မနေချင်ဘူး ... ကျွန်မ ပြန်တော့မယ် ..."

သူ ...

ဘာပြောရမလဲ။

ဒေါက်တာ လှမ်းတမှီကို ဒီမှာနေဖို့ သူပဲ ပြောခဲ့ သည်။

တကယ်ပဲကွာ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့များ ဘာဖြစ်လို့ လာပြီးဆုံမိကြတာလဲ။

မိန်းမချောလေးက သူ့ရင်ခွင်ထဲ ပြိုဆင်းကျလာ သည်။

အတွေ့အထိတွေ ... ။

"ကျွန်မ သွားတော့မယ် ..."

"ဒေါက်တာ ..."

"ရှင် ..."

"လိုအပ်တဲ့အကူအညီ ပြောပါနော် ... ကျုပ်အစ်ကိုကိုလည်း ဆေးကုပေးပါ ..."

အစ်ကိုကြီး နေမကောင်းလို့ သူ လာကြည့်ခဲ့သည်။

မထင်မှတ်ဘဲ ...

မိန်းမချောလေးတစ်ယောက်နှင့် ဝင်တိုက်မိသည်။

ဒေါက်တာလှမ်းတမီ ... ။

"ကျွန်မ ပြန်ချင်တယ် ... ဒီကနေ ထွက်သွားချင်တယ် ... ရှင် ကူညီပါ ..."

ကိုကြီး နေမကောင်းဘူးတဲ့။

သူ လာကြည့်တာပါ။

"မမလေး အပေါ်မှာ ဘွားအိမ်စိုး ခေါ်နေတယ် ..."

သူမ ...

ပြန်ချင်သည်။





ဟိုလူ ယံတိမ်ဖျားကိုပဲ အကူအညီတောင်းရမှာပဲ။

"မမလေး ..."

"ဟင် ..."

"အဘွားအိမ်စိုး နေမကောင်းဘူး ..."

"မမလေး ပြန်ချင်ပြီ ..."

စိတ်ဝေဒနာရှင် ကိုခေါင်ဖျား အနားမှာနေရတာပင် သူမ အတော်လေး စိတ်ရှုပ်ထွေးကျဉ်းကျပ်နေမိသည်။

မေ့ပါနိုင်ကလူတွေက တစ်မျိုးပဲ။

"မမလေး ..."

"ဟင် ..."

"အစ်ကိုလေးနဲ့ ..."

"ဒီလူက ဘယ်လိုလူလဲ မဂ္ဂလာ ..."

"စိတ်သဘောထား ကောင်းပါတယ် ... အစ်ကိုလေးတိမ်ဖျားက လမ်းမှန်တယ် ... မဟုတ်တာ မလုပ်ဘူး ... မမ လေးနဲ့ ခြံထဲမှာ ဆုံကြတာလား ... အဟွန်း ... ဟွန်း ... ဖူးစာရှင်တွေများ ..."

"တော်စမ်းပါ မဂ္ဂလာရယ် ... ဒီကလူတွေနဲ့ ဖူးစာမဖက်ချင်ပါဘူး ..."

တော်တော်အတ္တကြီးတဲ့လူတွေပဲဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိုလာမီတာတောင် မမလေး နှောင်တတွေ ရနေပြီ ... စွန့်စားမှု တစ်ခုပဲ ..."

ဟုတ်တယ် ... ။

လှမ်းတမီ မှားတာပါ။

ကိုနှောင်ဖွဲ့ထင်ကို အားနာပြီး ... သူမ ရောက်လာတာ။

မေ့ပါနိုင်မှာ မနေချင်ပါဘူး။

ထွက်သွားဖို့ ကြိုးစားမယ်။

ကျွန်မကို ဒီလိုအနိုင်ကျင့် ချုပ်ချယ်ထားလို့ မဖြစ်ပါဘူး။

ဘွားအိမ်စိုးအခန်းထဲ ရောက်လာသည်။

"ထိုင် ..."

"ဟုတ်ကဲ့ ..."

"လှမ်းတမီ ..."

"ပြောပါ ..."

"ညည်း ဒီမှာဆက်နေပေးတဲ့အတွက် မနစ်နာစေရပါဘူး"

"ကျွန်မ ဘာငွေကြေးမှ မလိုချင်ပါဘူး ဘွားအိမ်စိုး ... ငွေမှ မလိုတာဘဲဟာ ..."





"ကျုပ်မြေးကြီးနဲ့ မေ့ပါနိုင်ကလူတွေရဲ့ မိသားစုဆရာဝန် လုပ်ပေးရမယ် ..."

"လုပ်မပေးနိုင်ပါဘူး ... ကျွန်မ ခွင့်ယူလာတာပါ ..."

"မင်း ဒီကနေ ထွက်မသွားပါနဲ့ ... ကျုပ်တို့ မေ့ပါနိုင်အတွက် ညည်း လိုအပ်တယ် ..."

"မနေနိုင်ဘူး ... ကျွန်မကို ပြန်လွှတ်ပါနော် ... ကျွန်မ ပြန်ပါရစေ ..."

"မရဘူး ..."

ညည်း ...

ကျုပ်အကြောင်းတွေ သိသွားတာ ဖြစ်နိုင်တယ်။

မဖြစ်ပါဘူး ...

ဒီမှာပဲ နေပါ။

"လောလောဆယ် ကျုပ် နေမကောင်းဘူး ... အရမ်းဖျား နေတယ် ... စစ်ဆေးပေးပါဦး ..."

ဘယ်လိုအဘွားကြီးလဲ ... ။

တစ်စုံတစ်ခုအတွက် ဒေါ်အိမ်စိုး ကြောက်ရွံ့တုန်လှုပ်နေသလိုပင်။

မေ့ပါနိုင်က လူတွေအားလုံး သီးသန့်နေကြသည်။

ပတ်ဝန်းကျင်နှင့် အဆက်အဆံ မရှိကြ။



www.burmeseclassic.com

www.burmeseclassic.com



ဘွားအိမ်စိုးကို စစ်ဆေးသည်။

"အဖျားနည်းနည်းတော့ ရှိတယ် ... ဟို ဘွားအိမ်စိုးရဲ့ နှလုံးခုန်ချက် သိပ်မမှန်ချင်ဘူး ... အားနည်းနေတယ် ..."

"ဟုတ်တယ် ... ကျုပ် အသက်ရှုလို့ မဝဘူး ..."

"ဆေးရုံသွားပြီး သေသေချာချာ စစ်ဆေးမှဖြစ်မယ် ဘွားအိမ်စိုး ..."

"မဖြစ်ဘူး ..."

"ရှင် ..."

"ညည်းလေးပဲ ပျောက်ကင်းချမ်းသာအောင် ကုပေးပါ ... ကျုပ် အပြင်မထွက်ချင်ဘူး ..."

"အသက်ကြီးပါပြီ ... စိတ်တွေကိုလျှော့ပစ်သင့်ပါတယ်နော်၊ ကျွန်မက ရိုးရိုးဆရာဝန်ပါ ... ဘွားအိမ်စိုးအနေနဲ့ နှလုံးသမားတော်ကြီးတွေနဲ့ပဲ ကြပ်ကြပ်မတ်မတ် ပြသင့်ပါတယ်"

"မပြဘူး ... ကျုပ် ဘယ်သူနဲ့မှ မပြဘူး ..."

ဒေါ်အိမ်စိုး ဘယ်လိုနည်းနဲ့မှ အပြင်မထွက်နိုင်ပေ။

အပြင်မထွက်တာ ကြာပြီ။

အိမ်ဖော်မလေး မိမိကြောင့် ခြေလွန်လက်လွန် ဖြစ်သွားတည်းက အပြင်လောကနှင့် အဆက်အသွယ်မလုပ်ခဲ့။





အသက်ကြီးလာတော့ ပြဿနာတက်မှာ ပို၍ပင် ကြောက်လာမိတော့သည်။

"ကျုပ် မသွားဘူး ... မေ့ပါနိုင်ကနေ ကျုပ် ဘယ်မှမသွားနိုင်ဘူး ... ညည်းပဲ ကု ... ပျောက်အောင်ကုပေးနော် ... ကျုပ် တစ်ခုခုဖြစ်သွားရင်တော့ ညည်း မလွယ်ဘူးမှတ်"

"ကျွန်မက ရိုးရိုးဆရာဝန်ပါ ..."

"မရဘူး ... လိုအပ်တဲ့ဆေးတွေ ရေးပေးပါ ... ကျုပ် မသေချင်သေးဘူး ဒေါက်တာ ... ကျုပ် သေလို့မဖြစ်ဘူး ... ကျုပ်မှာ လုပ်စရာရှိသေးတယ် ..."

မြေးကြီးအတွက် ကျုပ် စိတ်ချရအောင် စီစဉ်ထားရမယ်။

စိတ်ဝေဒနာတွေ ခံစားနေရတဲ့ မြေးကြီးယံခေါင် ဖျား။ ဒေါက်တာလှမ်းတမှီကို ချစ်ခင်နှစ်သက်မြတ်နိုးနေသည်။

လက်ထပ်ပေးရမယ်။

ညည်းလေးကတော့ ကျုပ်မြေးကြီးအတွက်ပဲ ဖြစ်စေရမယ်။

"လှမ်းတမှီ ..."

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့မိသားစုအတွက် ညည်းလေး လိုအပ်ပါတယ် ... အကျိုးအမြတ်တွေ ကြီးကြီးမားမား ခံစားရမှာပါနော်"

လှမ်းတမှီကတော့ ကိုယ်ခေါင်ဖျားအနားမှာ နေရတာ စိတ်အညစ်ဆုံးပင် ဖြစ်သည်။

စိတ်ဝေဒနာရှင်ဖြစ်၍ ပြောချင်တာ ပြောနေတတ် ၏။

မဖြစ်ဘူး ... ။

လှမ်းတမှီ ပြန်ရမယ်။

"ကျုပ်တို့ကို ကူညီပါနော် ... ကျုပ်ပိုင်တဲ့ စည်းစိမ်ဥစ္စာတွေ ရမှာပါ ..."

သူမ ...

ထွက်လာခဲ့သည်။

ကိုယ်တိမ်ဖျား ...

ရှင်ကတော့ မဆိုးပါဘူး ...

ကျွန်မ စိတ်တွေကိုတော့ ရှင်က စိုးမိုးထားနိုင်ပါတယ်။

စောစောက ...

ဆက်မတွေးရဲတော့။

ကိုယ်တိမ်ဖျားရဲ့ ရင်ခွင်ထဲကို သူမ လဲပြိုကျသွားသည်။





ယောကျ်ားတစ်ယောက်ရဲ့ ... ကျယ်ဝန်းတဲ့ရင်ခွင် တစ်ခု။

တွေးမိတိုင်း စိတ်ထဲမှာ ရင်ဖိုလိုက်မောနေရဆဲပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

သူ ...

ကြောင်ငေးစွာ ရပ်နေမိသည်။

မိန်းကလေးတစ်ယောက်ရဲ့ နူးညံ့တဲ့အထိအတွေ့။

ကိုယ်သင်းနံ့မွှေးမွှေးလေး ...

ပါးချင်းထိကပ်နေမတတ် ... အထိအတွေ့အငွေ့အသက်တွေ ...

ရင်ခုန်လှိုက်ဖိုသွားနေဆဲပင်။

ဒေါက်တာ လှမ်းတမှီ ...

သူ့ကို ဝင်တိုက်ပြီး သူ့ရင်ခွင်ထဲ ပြိုလဲကျလာသည်။





အိစက်နူးညံ့လွန်းတဲ့ အသားဆိုင်တွေကို ထိကိုင်ပွတ်သပ်မိသွား၏။

ဘယ်လိုဖြစ်ရတာလဲ ...

ရှက်ရဲနေတဲ့ ပန်းသွေးရောင်မျက်နှာလေး ...

အားပါး ...

ဘယ်လိုဖြစ်ရတာလဲ ...

ဒီနေ့ ...

ကံကောင်းတာလား။

တိမ်ဖျား ဒီကိုလာရတာက ကိုခေါင် နေမကောင်းဘူးဆိုလို့ပါ။

ဦးအထွာက ပြောတာပဲ။

မှောင်ရီပြိုးဖျမှ ရင်ခွဲတောင်ကနေ လာခဲ့မိသည်။

ခြံထဲရောက်တော့ မှောင်နေပြီ။

မထင်မှတ်ဘဲ ဒေါက်တာလှမ်းတမှီနှင့် တွေ့ဆုံခြင်းပင်။

ခုထိ ...

ရင်တွေခုန်နေဆဲပင်။

စိတ်တွေ မငြိမ်သေး ...

အသည်းထဲခိုက်သွားအောင် ခံစားမှုလေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ထုံသင်းပျံ့လွင့်နေဆဲ ဖွဲမက်စရာရနံ့လေး။

"တိမ်ဖျား ..."

"ဟင် ..."

"ရှင် ဘာလုပ်နေတာလဲ ..."

ပန်းမာလာ ...

စောစောက ပျော်ရွှင်ကြည်နူးမှုလေးတွေ ဘယ်ပျောက်ကုန်မှန်းပင် မသိတော့။

"ရှင် ဒီမှာ ဝိုင်ပြီး ဘာရပ်လုပ်နေတာလဲ ... မေ့ပါနိုင်ကို ဘာလာလုပ်တာလဲဟင် ..."

"ကိုခေါင် နေမကောင်းဖြစ်နေလို့ဆိုလို့ ကိုယ် လာကြည့် တာပါ ..."

"နေကောင်းသွားပါပြီ ... ဆရာဝန်မလေးရဲ့ အနီးကပ်ပြုစုမှုကြောင့်လေ ..."

"ကိုကြီးကို လှမ်းတမိုက ဆေးကုပေးနေတာလား ..."

"အင်း ..."

"တော်သေးတာပေါ့ ..."

"တိမ်ဖျား ..."

"ဟင် ..."

"အပေါ်ကို သွားကြည့်ရအောင် ..."





"အင်း ..."

ပန်းမာလာ သုံ့နှင့် အရောတဝင် လုပ်နေတာကို တိမ်ဖျား မနှစ်သက်မိပေ။

ကိုလတ်ဇနီး ...

အပျိုစင်ဘဝပဲရှိသေးတယ်ထားဦး ကိုလတ်ဇနီးပဲ။

ပန်းမာလာက ကိုလတ်နှင့် လက်မထပ်ခင်က တိမ်ဖျားနှင့် အနေနီးစပ်သည်။

'တိမ်ဖျားရဲ့ စိတ်ဝင်စားခြင်းကို ခံရသူ။

တတွဲတွဲ ...

ဒါပေမဲ့ ...

ပန်းမာလာက ဂုဏ်ကိုမက်ပြီး ကိုလတ်အား ရွေးချယ်ခဲ့သည်။

ဒေါက်တာနှောင်ဖွဲ့ထင်နှင့် လက်ထပ်ခဲ့လေသည်။

"တိမ်ဖျား ..."

"ဟင် ..."

"လာလေ ..."

"အင်း ..."

သူ ...

တိုက်ကြီးထဲ ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ လှမ်းတမှီနဲ့ တွေ့မလားလို့ ရင်ခုန်စွာ ရှာဖွေမိ၏။

မတွေ့ ...

"အစ်ကိုငယ်က အစ်ကိုကြီးကို သွားကြည့်မလို့လား ..."

လှေကားထစ်တွေအတိုင်း အပေါ်မှ ဆင်းလာတဲ့ မဂ္ဂလာနှင့် တွေ့လေသည်။

"ကိုခေါင် ဘာလုပ်နေလဲ ..."

"စန္ဒရားတီးမလို့ ..."

"လသာဆောင်မှာလား ..."

"အင်း ..."

"နေမကောင်းဘူးဆို ..."

"ပြောလို့မရဘူး ... လသာဆောင်မှာ ထိုင်နေတယ် ..."

သူနှင့်အတူ ပန်းမာလာကလည်း ကပ်လိုက်လာသည်။

အပေါ်ထပ်ရောက်တော့ ... လသာဆောင်ဘက် လျှောက်လာခဲ့၏။

"တင် ... တင် ... ဒေါင် ... ဒေါင် ..."

"ဒေါင် ..."

မညီမညာနှင့် စန္ဒရားသံက ထွက်ပေါ်လာသည်။





"ဒေါင် ... ဒင် ..."

"ဒင်း ..."

လသာဆောင်မှာက လေတဟူးဟူး တိုက်နေသည်။

"ကိုခေါင် ..."

"ဟင် ..."

"နေမကောင်းဘူးဆို ..."

"ကောင်းသွားပါပြီ ... ကိုခေါင် စန္ဒရားတီးချင်စိတ်တွေ ပေါ်လာလို့လေ ..."

"အေးတယ် ..."

ခေါင်ဖျားကတော့ ဒေါက်တာလှမ်းတမှီရဲ့ စိမ်းကားမှုတွေအတွက် ခံစားနေရသည်။

မင်း ရက်စက်တယ်။

ငါ့ကို အရေးမစိုက်ဘူး ... ။

"ကိုခေါင် ..."

"ဟင် ..."

"အထဲဝင်ပါ ..."

"ညီငယ် ..."

"ဗျာ ..."

"ဒီည အရက်သောက်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုခေါင် နေမကောင်းဘူးလေ ..."
"ရပါတယ် ... ပန်းမာလာ နင်သွားတော့ ..."
"ကိုခေါင် ..."
"ဘာလဲ ..."
"အသည်းတွေ ထပ်ကွဲနေပြန်ပြီလား ..."
"အင်း ..."
"သတိထားနော် ... ဒီတစ်ခါမှ အသည်းတွေ အစိတ်အစိတ် အမြွှာမြွှာဖြစ်မှာ ..."

ဒေါက်တာလှမ်းတမှီကို ချစ်သွားတဲ့အတွက် ပန်းမာလာ သဘောကျနေမိသည်။

ကောင်းတယ် ... ရှင့်အတွက်ပဲ။

မာလာ့ဘဝ နစ်နာခဲ့ရတာတွေအတွက် ဒေါက်တာ နှောင်ဖွဲ့ထင်ကိုယ်စား တိမ်ဖျား ပေးဆပ်ရမယ်။

"ညီ ..."
"ဗျာ ..."
"မင်း ဒီမှာ အိပ်မှာမဟုတ်လား ..."

ပထမတော့ မအိပ်ဘဲ နေမလို့ပဲ။

ရင်ခွဲတောင်ကို တိမ်ဖျား အချိန်မရွေး ပြန်လို့ရသည်

ဒါပေမဲ့ ...





မပြန်ချင်မိ။

ဒေါက်တာ လှမ်းတမှီကို တွေ့ချင်နေသေးသည်။

ဖူးစင်ချောမွတ်နေတဲ့ မျက်နှာလေးကို လွမ်းမော တမ်းတနေမိ၏။

"ပန်းမာလာ ..."
"ရှင် ..."
"ပြန်တော့ ..."
"မာလာလည်း ထိုင်မယ် ... ကိုကြီးတို့အတွက် အမြည်းလုပ် ပေးမယ်လေ ..."
"မလိုပါဘူး ... မင်း သွားစမ်းပါ ..."
"ကိုကြီးကလည်း ..."
"သွားလေ ..."

ကိုကြီးကိုတော့ ပန်းမာလာ နည်းနည်းကြောက် သည်။

စိတ်က မမှန်။

မထင်လျှင် မထင်သလို လက်ကပါနေတတ်၍ ပန်းမာလာ မကျေမနပ်နှင့် ပြန်သွားရသည်။

"ညီ ..."
"ကိုကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"အရက်သောက်ချင်တယ် ..."

"ကိုကြီး နေမကောင်းဘူးလေ ... ပြီးတော့ ကိုကြီးက သွေးဆိုးတယ် ..."

"သောက်မယ်ကွာ ..."

ကိုကြီးက အခန်းထဲဝင်ပြီး အကောင်းစားအရက်ပုလင်းတွေ ယူလာတော့သည်။

တိမ်ဖျား ငြင်းသင့်တယ်။

ကိုကြီး သွေးဆိုးသည်။

စိတ်ဖောက်တတ်၍ အရက်သောက်တာကို ဘွား က မကြိုက်။

ဒီနေ့ ...

တိမ်ဖျားကိုယ်တိုင် အရက်သောက်ချင်နေသည်။

ရင်ထဲမှာ နွေးထွေးနေလို့ပါ။

လှမ်းတမှီ ...

ဒုက္ခပဲကွာ ...

ကိုယ် ဘယ်လိုလုပ်ရမလဲ။

လူကြမ်းကြီးရဲ့ နှလုံးသားတွေထဲထိ စူးနစ်ထိုးဝင်လာရပြီ။

"ကိုကြီး အရက်မသောက်စေချင်ဘူးဗျာ ..."





"နည်းနည်းပါကွာ ..."

အခုတလော ကိုကြီးစိတ်တွေ မူမှန်နေသည်။

တည်ငြိမ်နေ၏။

"တိမ်ဖျား ..."

"ဗျာ ..."

"ချကွာ ..."

"ကိုကြီးနဲ့ မတည့်ဘူးလေ ..."

"ရပါတယ် ..."

ကိုကြီးက အရက်ကို တစ်ခွက်ငှဲ့ပြီးသောက်သည်။

"တိမ်ဖျား သောက်လေ ..."

သူ ...

လန့်နေမိသည်။

ဒီနေ့မှ တိမ်ဖျားကလည်း အရက်သောက်ချင်လာရ၏။

"ကိုကြီး သိပ်မသောက်နဲ့နော် ..."

"အေးပါ ..."

တိမ်ဖျားက ကိုကြီးကို ရင်ဖွင့်ချင်တာ ကိုကြီးက ရင်ဖွင့်နေသည်။

"တိမ်ဖျား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."
"ကိုကြီး ဒေါက်တာလှမ်းတမီကို ချစ်နေမိပြီ ..."
"ဗျာ ..."
"အရမ်းချစ်စရာကောင်းတယ်ကွာ ..."

သူ ...

ကိုကြီးအား တအံ့တသြ ကြည့်နေမိသည်။

"အရမ်းမာနကြီးတဲ့ မိန်းကလေး ... ကိုကြီးနှလုံးသားထဲကို အစားထိုးဝင်ရောက်လာတဲ့ မိန်းမချောလေးပဲ ..."

သူကလည်း ဒေါက်တာလှမ်းတမီကို စိတ်ဝင်စားလာရသည်။

မထင်မှတ်ဘဲ ... သူ့ရင်ခွင်ထဲကို ပြိုကျလာတဲ့ မိန်းကလေး။

အိစက်နေတဲ့ အတွေ့အထိ ...

မွှေးပျံ့သင်းထုံနေတဲ့ ကိုယ်သင်းနံ့လေး။

"ညီ ..."
"ဗျာ ..."
"မင်း ဘာတွေစဉ်းစားနေတာလဲ ..."
"ဒေါက်တာလှမ်းတမီအကြောင်း ..."
"ဘာ ..."





သူ ...

မူးနေပြီ။

ရင်ဖွင့်ချင်လာသည်။

ကျွန်တော့် ရင်ခွင်ထဲကို ပြုတ်ကျလာတဲ့ ကောင်မလေး။

မထင်မှတ်ဘူး ကိုကြီးရာ ...

"မင်း မတွေးနဲ့ ... ဒေါက်တာလှမ်းတမီအကြောင်း မင်း တွေးစရာဘာမှမလိုဘူး ..."

ကိုကြီး မူးနေသည်။

တိမ်းဈား နည်းနည်းတော့ ထိန်းချုပ်ထားရ၏။

"တော်ပြီ ..."
"နေဦး ..."
"ကိုကြီး အရမ်းမူးနေပြီပဲ ..."
"မူးပါစေကွာ ... ကိုကြီး ရင်ဖွင့်ချင်လို့ ... လှမ်းတမီရေ မင်းကို ငါ အရမ်းချစ်နေမိပြီကွာ ..."
"ဒေါင် ..."
"ဒင် ... ဒင် ..."
"ဒေါင် ဒင် ..."
"ဒင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ခင် ..."

ကိုကြီး စိတ်တွေ လွတ်ထွက်သွားပြီဖြစ်သည်။

"ကိုကြီး သတိထားပါ ... ဘွား နေမကောင်းဖြစ်သွားမယ်၊ ကိုကြီး တစ်ခုခုဖြစ်သွားမှာ ဘွား အရမ်းစိတ်ပူတာပဲ ..."

ကိုကြီး အရမ်းလွတ်သွားမှာ စိတ်ပူမိသည်။

ဒေါက်တာ လှမ်းတမ့်ကိုလည်း အားနာရ၏။

တိမ်ဖျား မှားတယ်။

ကိုကြီးနဲ့ အရက်အတူတူ မသောက်သင့်ပါဘူး။

"လှမ်းတမ့် ... မင်းကို ငါ အရမ်းချစ်တယ်ကွာ ..."

ကိုကြီးက အောက်ထပ်ဆင်းမည်ပြုနေ၍ တိမ်ဖျား အတော်လေး ထိန်းသိမ်းချော့မော့နေရလေသည်။





## အခန်း (၁၀)

"အား ... ကျွတ် ... ကျွတ် ..."

သူ့တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေလေသည်။

ခေါင်းဖျား ညက မျှားသွား၏။

အတော်ပဲ ...

သူ ...

နေမကောင်းဖြစ်ချင်နေတာ ...

ဒေါက်တာလှမ်းတမ့် ရောက်လာစေဖို့လေ။

"အား ... ကျွတ် ... ကျွတ် ..."

သူ့ဘေးနားမှာ ရှိနေတာက ညီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် မပြန်ဘဲကိုး ... ။

ခေါင်ဖျားကို စိတ်ပူလို့ဖြစ်မယ်။

"အား ... ကျွတ် ... ကျွတ် ..."

တိမ်ဖျား နိုးလာသည်။

"ဟင် ... ကိုကြီး ဘာဖြစ်လို့လဲ ... ညီ စိတ်မချလို့ စောင့်အိပ်ပေးနေတာပါ ..."

ကိုလတ် ဆုံးသွားတော့ ကိုကြီးအတွက် စိတ်ပူမိသည်။

သူ့ကို လူကြမ်းကြီးလို့ ထင်ပေမဲ့ သူ့နှလုံးသားတွေက နူးညံ့သိမ်မွေ့သူပါ။

မေ့ပါနိုင်မှာက ပြဿနာတွေက ရှုပ်ထွေးနေသည်။

ဘွားအိမ်စိုးကိုယ်တိုင် တင်းမာခက်ထန်နေ၏။

သူတို့ ငယ်ငယ်လေးတည်းက မိဘမဲ့တွေ။

"ကိုကြီး ..."

"ဟင် ..."

"ဘာလုပ်ပေးရမလဲ ..."

"မင်း ပြန်တော့ ..."

"ကိုကြီးမှ နေမကောင်းတာဘဲ ..."

"ရပါတယ် ..."





ဒေါက်တာ လှမ်းတမို့နှင့် သူ တွေ့ချင်သည်။

နှစ်ယောက်တည်း ...

"ကိုကြီး ..."

"မင်း ပြန်တော့ ..."

သူ သိသည်။

ကိုကြီးက ဒေါက်တာလှမ်းတမို့ကို ခေါ်ချင်တာ။

"ညီကိစ္စ ညီလုပ်ပါ ... ကိုကြီး ရပါတယ် ..."

"ညီ သွားမယ် ..."

"အင်း ..."

ကိုကြီး စိတ်ချမ်းသာပါစေ။

စိတ်ဝေဒနာတွေ အမြဲခံစားနေရတဲ့ ကိုကြီး။

သူလည်း ခေါင်းကိုက်နေသည်။

"အား ... ကျွတ် ... ကျွတ် ..."

"ဘာဖြစ်တာလဲ ညီ ..."

"ခေါင်းကိုက်လို့ ..."

"ဆေးသောက်လိုက်ကွာ ..."

ဒေါက်တာလှမ်းတမို့နဲ့ တွေ့မှာစိုး၍ဖြစ်သည်။

တိမ်ဖျားတို့က တွေ့ပြီးပြီ။

သူ့ရင်ခွင်ထဲကို လဲပြိုကျလာတဲ့ ဒေါက်တာလှမ်းတမို့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးတင်းတင်းလေး ...

ဖြူနုချောမွတ်ဝင်းမှည့်နေတဲ့ အသားအရေ။

"ညီ ..."

"ဗျာ ..."

"ဆေးသောက်သွား ... ဆရာဝန် ပြလောက်တဲ့အထိ မဖြစ်ပါဘူး ..."

သူ ...

ထွက်လာခဲ့သည်။

"ကျို ..."

တံခါးဖွင့်ပြီး ထွက်လိုက်သည်။

"အို ..."

"အင့် ..."

"အမလေး ..."

"ဟာ ..."

"ဟယ် ..."

ရုတ်တရက် မိန်းကလေးတစ်ယောက်နှင့် ဝင်တိုက်မိပြန်သည်။

သူ့ရင်ခွင်ထဲကို ဆွေ့ခနဲ ကျလာသူက ဒေါက်တာလှမ်းတမီ။





ဒီတစ်ခါတော့ လှမ်းတမီရဲ့ ကိုယ်လုံးလေးကို သူ တင်းကျပ်စွာ ဖက်ထားမိလိုက်သည်။

ဘေးမှာ ရပ်နေသူက မဂ္ဂလာ။

ဒေါက်တာလှမ်းတမီရဲ့ ပါးလေးကို နမ်းပစ်ချင်ပေမဲ့ မဂ္ဂလာရှိနေ၍ မနမ်းဖြစ်။

"အို ..."

ဒေါက်တာလှမ်းတမီက ရုန်းထွက်သည်။

ကိုကြီး ထွက်လာ၏။

"ဟင် ..."

လှမ်းတမီနှင့် တိမ်ဖျားတို့ ဖက်ထားတာတွေ့တော့ ခေါင်ဖျား ဒေါသဖြစ်သွားရသည်။

"တိမ်ဖျား ... မင်း ... မင်း ..."

"ကိုကြီး ... ဟို မတော်တဆ ဝင်တိုက်မိတာပါ ..."

"မင်း သွားတော့ ..."

ခေါင်ဖျား မျက်ဝန်းတွေထဲမှာ မီးတောက်တွေ ထတောက်သွားသလို ခံစားလိုက်ရသည်။

"မင်း ပြန်တော့လေ ..."

တိမ်ဖျား ထွက်သွားသည်။

"လှမ်းတမီ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို လာကြည့်တာပါ ... ရှင် ညက အရက်တွေ သောက်တယ်ဆို ..."

"အင်း ... ကိုယ် ခေါင်းတွေအရမ်းမူးနေတယ် ... တစ်ကိုယ်လုံးလည်း ကိုက်ခဲနာကျင်နေတာပဲ လှမ်းတမီ ..."

"ရှင် အရက်မသောက်သင့်ပါဘူး ..."

ဟိုလူ ...

ဒုက္ခပါပဲ။

လှမ်းတမီနှင့် သူ အမြဲတမ်း ဝင်တိုက်မိနေသည်။

ရင်တွေ လှိုက်ဖိုနေဆဲပင်။

ယောကျ်ားတစ်ယောက်ရဲ့ အထိအတွေ့။

ဘုရားရေ ...

လှမ်းတမီ ဘယ်တုန်းကမှ မကြုံတွေ့ဘူးခဲ့။

ရင်ဖိုနေဆဲပင်။

"လှမ်းတမီ ..."

"ရှင် ..."

"မင်းနဲ့တိမ်ဖျား သိကြလား ..."

"ဟင့်အင်း ..."

"မပတ်သက်နဲ့ ..."

"ရှင် ..."





"ဒီကောင် ကြမ်းတယ် ... မင်းလို နုနုဖတ်ဖတ် လှလှပပ လေးနဲ့ မလိုက်ဖက်ပါဘူးကွာ ..."

သူ့အကြည့်တွေက သူမထံ စူးစိုက်နေသည်။

တိမ်ဖျားနှင့် ဝင်တိုက်မိတာတဲ့။

လှမ်းတမီက တိမ်ဖျား ရင်ခွင်ထဲမှာ။

"အား ..."

သူ ...

ထအော်မိသည်။

"ရှင် ဘာဖြစ်တာလဲ ..."

"ခေါင်းကိုက်လို့ ..."

"သွေးပေါင်ချိန်ရအောင် ..."

ဘေးမှာ မဂုဏ္ဏာက အလိုက်မသိစွာဖြင့် ရပ်နေသည်။

သူ ...

နှစ်ယောက်တည်း နေချင်တယ်။

ဘယ်လိုလုပ်ရမလဲ။

"မဂုဏ္ဏာ ..."

"ရှင် ..."

"ကိုယ့်အလုပ် ကိုယ်သွားလုပ်တော့ ..."

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



"နင် ဒီမှာရပ်ပြီး ဘာလုပ်နေတာလဲ ... လုပ်စရာရှိတာတွေ သွားလုပ်လေ ..."

"ကျွန်မ နေနိုင်းတာပါ ..."

"ဘာဖြစ်လို့လဲ လှမ်းတမီ ..."

"မသင့်တော်လို့ပါ ..."

"ဘာလို့လဲ ..."

"ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းနေလို့ မသင့်တော်ဘူးလေ"

သူ့အကြည့်တွေ စူးရဲရဲနိုင်သွားတော့သည်။

လှမ်းတမီ ...

ကိုယ် ...

မင်းကို ချစ်နေပြီ။

အရမ်းလှတယ်။

ငါ့နှလုံးသားတွေထဲကို မင်း အစားထိုးဝင်ရောက်လာပြီ။

"မဂုရှွာ သွားတော့ ..."

"ကျွန်မလည်း ပြန်မယ် ... ရှင်နဲ့ နှစ်ယောက်တည်းတော့ မနေနိုင်ဘူး ..."

ကိုယ်ခေါင်းဖျားကို သူမ ကြောက်လာမိသည်။

စိတ်က မှန်တာမဟုတ်။



BURMESE CLASSIC .com



ချစ်သူ သွေးဆုံးပြီးတည်းက စိတ်ဝေဒနာတွေ ခံစားနေရတာပဲ။

မျက်လုံးအကြည့်တွေ ...

ရှင့်မျက်လုံးထဲမှာ တည်ငြိမ်မှုတွေ လုံးဝကင်းမဲ့နေတယ်။

"ရှင် ဆေးသောက်ရမယ် ..."

"မသောက်ဘူး ..."

"ဘာရှင့် ..."

"မင်း ထွက်သွားတော့ ..."

"ရှင် ..."

"မင်း ဆေးလာကုစရာ မလိုပါဘူး ... ငါ အမြဲတမ်း ဒီလိုပဲ နေတာ ..."

ကိုကြီးအသံတွေ ... တင်းမာခက်ထန်လာ၍ မဂုရှွာ ကြောက်လာမိသည်။

ဒေါသတွေ ပေါက်ကွဲလာရင် တစ်အိမ်လုံးကို ပေါက်ခွဲပစ်တတ်သည်။

"မမလေး ... မဂုရှွာ သွားတော့မယ် ... အစ်ကိုကြီးကို ဆေးကုပေးပါ ... နေပါနော် ... ဘာမှ မကြောက်ပါနဲ့ ... နေပါ"

မဂုရှွာက တုန်တုန်ချည့်ချည့်နှင့် ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဒုက္ခရောက်နေရ၏။

ကိုယ်ခေါင်ဖျားအကြည့်တွေက သူမထံ စူးစိုက်စွာ ကျရောက်နေသည်။

"သွေးပေါင်ချိန်ရအောင် ..."

အာရုံကို အလုပ်ဘက် လွှဲပစ်လိုက်မိသည်။

သူ ... စိတ်ကစဉ့်ကလျား ဖြစ်နေသူ။

"လှမ်းတမို ..."

"ရှင် ..."

"ကိုယ့်အနားမှာ မင်း နေပေးပါ ..."

ရီဝေတဲ့ မျက်ဝန်းတွေနှင့် တောင်းပန်ခယစွာ ပြောနေသည်။

"ကျူပ်ဘဝ တစ်သက်တာမှာ ထားကလွဲပြီး ဘယ်လိုမိန်းကလေးမျိုးကိုမှ အစားထိုးလို့မရခဲ့ပါဘူး ..."

နှောင်စွဲဆီကို လာခဲ့ကာမှ ရှုပ်ထွေးပွေလီနေတဲ့ မေပါနိုင်အိမ်ကြီးထဲ ရောက်လာရသည်။

ပြန်သင့်ပြီ။

ဆက်မနေသင့်တော့ပါဘူး။

နှောင်စွဲဇနီး ပန်းမာလာကလည်း သူမအား အမြတမ်း မလိုတမာမျက်ဝန်းတွေနှင့် ကြည့်နေတတ်သည်။





လှမ်းတမိုကို မကျေနပ်တာ နှောင်စွဲကြောင့်ထက် တိမ်ဖျားကြောင့်ပဲ ဖြစ်နိုင်၏။

"အစ်ကိုလေး တိမ်ဖျားနဲ့ ... မပန်းမာလာက ငယ်ငယ်က အရမ်းတွဲကြတာ ..."

မဂ္ဂဇွာက ပြောပြသည်။

"မပန်းမာလာက ... ဂုဏ်ဒြပ်တွေ မက်တော့ အစ်ကိုလတ် နှောင်စွဲထင်ကိုပဲ ရွေးချယ်တာ ..."

နှောင်စွဲထင်က သူမကို တိတ်တခိုးလေး ချစ်ပြီး မပန်းမာလာနှင့် အိမ်ထောင်ရေးအဆင်မပြေပုံပင်။

"လှမ်းတမို ..."

"ရှင် ..."

"ကျူပ်အနားမှာ နေပေးပါနော် ..."

ကိုယ်ခေါင်ဖျားလက်တွေက သူမလက်တွေကို ဆုပ်ကိုင်ပြီး သူ့ရင်ခွင်ထဲမှာ အပ်လိုက်သည်။

"ဟင် ... ရှင် ... ရှင် ..."

သူမ ရှန်းမိသည်။ မလွှတ် ...။

"မင်းကို ချစ်တယ် ..."

"လွှတ်ပါ ... ရှင် ဘာလုပ်တာလဲ ... ကျွန်မ စိတ်ဆိုးမှာနော် ..."



www.burmeseclassic.com

www.burmeseclassic.com



သူမ ခပ်တင်းတင်းလေး အော်ပစ်လိုက်ပြီး ရုန်းထွက်လိုက်သည်။

"မင်းကို ချစ်တယ် ... အရမ်းချစ်တာပဲ ... ကိုယ် မင်းကို အရမ်းချစ်နေမိပြီ လှမ်းတမှီရယ် ..."

သူ့လက်တွေက သူမကိုယ်လေးကို တင်းကျပ်စွာ သိုင်းဖက်ထားသည်။

ရှင် အရမ်းအတင့်ရဲတာပဲ။

"လွှတ်နော် ... ကျွန်မကို မစော်ကားနဲ့ ... ရှင် လွှတ်ပါ"

သူမ အတင်းအကျပ် ရုန်းထွက်လိုက်သဖြင့် သူ့လက်ထဲကနေ လွတ်ထွက်သွားတော့သည်။

"လှမ်းတမှီ ..."

"ရှင် အရမ်းစော်ကားတဲ့လူ ... ရှင့်အနားကို ကျွန်မ ဘယ်တော့မှ မလာတော့ဘူး ..."

သူမ ...

ကြောက်လန့်တကြားနှင့် အခန်းအပြင်ဘက် ထွက်ပြေးလာမိသည်။

အပြင်မှာက ဒေါ်အိမ်စိုး ...။

"မင်း ဘာဖြစ်လာတာလဲ လှမ်းတမှီ ..."

သူမ ဘာမှမပြောတော့ဘဲ ထွက်ပြေးလာခဲ့မိသည်။





အခန်းထဲရောက်လာ၏။

အသားတွေ တဆတ်ဆတ်တုန်ရီပြီး မောပန်းနွမ်းနယ်သွားသည်။

မနေတော့ဘူး ...။

ဒီမှာ မနေတော့ဘူး။

ဘယ်လိုလူတွေမှန်းမသိ။

ပြန်တာ အကောင်းဆုံးပဲ။

အသက်ကို ပြင်းပြစွာဖြင့် ရှူရှိုက်နေမိလေသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဒေါင် ... ဒင် ..."
"ဒင် ... ဒင် ..."
"ဒေါင် ..."
"ဒေါင် ..."
"ဝုန်း ..."
"ဒိုင်း ..."
"ဂျလွမ် ..."

စန္ဒရားသံတွေက ... သံစဉ်မညီစွာ ထွက်ပေါ်လာသည်။





သူ့ဒေါသတွေက ပေါက်ကွဲချင်တိုင်း ပေါက်ကွဲနေရ၏။

လှမ်းတမှီ ...

မင်း ငါ့ကို ဘာဖြစ်လို့ စွန့်ခွာချင်ရတာလဲ။

"ဒေါင် ... ဒေါင် ..."
"ဒင် ..."
"ဒင်း ..."
"စိတ်ညစ်တယ်ကွာ ... ငါ့နှလုံးသားထဲကို မင်း ဘာဖြစ်လို့ ထပ်ပြီး ဝင်လာရတာလဲ ..."
"ဒေါင် ..."
"ဒင် ... ဒင် ..."
"ဒင် ..."
"ဂျလွမ် ..."
"ဝုန်း ..."

မြေးရဲ့အခန်းဝမှာ ဒေါ်အိမ်စိုး ခြေလှမ်းတွေ ရပ်သွားရသည်။

စောစောက ဒေါက်တာလှမ်းတမှီ ပြေးထွက်လာ၏။

ဘာတွေဖြစ်ကုန်ပြီလဲ။

မဂ္ဂလာရေ ...

"ဒေါင် ... ဒေါင် ..."



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဒင် ... ဒင် ..."
"ဒေါင် ..."
"ငါ သေပစ်ချင်တယ် ... လောကကြီးထဲမှာ ငါ ဘာဖြစ်လို့ များ အထီးကျန်နေရတာလဲကွာ ..."
"ဒုန်း ..."
"ဒိုင်း ..."

ဒေါ်အိမ်စိုး မနေသာတော့ဘဲ အခန်းထဲ ပြေးဝင်လာမိသည်။

"မြေး စိတ်ကိုထိန်းပါကွယ် ... ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသတွေကြီးနေရတာလဲ ..."

သူ ...

ဘွားကိုကြည့်သည်။

အခန်းတစ်ခုလုံးက ပွရှုပ်ပြန့်ကြဲနေ၏။

"တစ်ခန်းလုံးလည်း အကွဲအရှတွေနဲ့ ပြန့်ကြဲနေတာပါပဲ လား ... မြေးလေး စိတ်ကို ထိန်းပါကွယ် ... တစ်ခုခု ဖြစ်ပါ့ မယ် ..."

"ဘွား ..."
"ပြောလေ မြေး ..."

မြေးကြီး ယံခေါင်ဖျားကို မိမိ အချစ်ဆုံးပင်။





စိတ်ပူနေမိသည်။

"မြေးကြီး ..."
"ဗျာ ..."
"ပြောလေ ..."
"ခေါင်ဖျား ဒေါက်တာလှမ်းတမို့နဲ့ လက်ထပ်ချင်တယ်"
"ဟင် ..."
"ဒေါက်တာ လှမ်းတမို့ ခေါင်ဖျားအနား ဘာဖြစ်လို့ရောက် လာရတာလဲ ... ကျွန်တော့်နှလုံးသားတွေကို ဘာဖြစ်လို့ စွဲကိုင်လှုပ်နိုင်ရတာလဲ ..."

သူ ...

ကြေကွဲနေသည်။

မျက်ဝန်းတွေက ရီဝေနေ၏။

ဒေါက်တာလှမ်းတမို့ စိတ်ဆိုးမာန်ဆိုး ထွက်သွားတာကို သူ ဘယ်လိုမှ မတားဆီးနိုင်ခဲ့။

"ဘွား ..."
"ဟင် ..."
"ဒေါက်တာလှမ်းတမို့ ဒီကနေ ထွက်မသွားပါစေနဲ့ ..."
"စိတ်ချပါ မြေးရယ် ... ဘွား တားပါ့မယ် ... မင်းသာ စိတ်ကို ဖြေစမ်းပါ ... ထိန်းစမ်းပါ မြေးရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



သူ ...

လှမ်းတမ့်ကို ချစ်မိနေပြီ။

မခွဲနိုင်တော့ဘူး။

"ကျွန်တော် လှမ်းတမ့်နဲ့ လက်ထပ်ပါရစေ ..."

"မြေးဆန္ဒတွေ ပြည့်ဝအောင် ဘွား လုပ်ဆောင်ပေးပါ့မယ်၊ မြေး စိတ်ကိုထိန်းပါ ... တော်ကြာ ဒေါက်တာလှမ်းတမ့်က ကြောက်သွားလိမ့်မယ် ..."

ကျုပ်ကို မကြောက်ပါနဲ့ ... ။

မင်းကို အရမ်းချစ်ပါတယ်။

ကျုပ်နှလုံးသားတွေထဲ စူးနင့်အောင် ချစ်မိတာပါ။

ရအောင်ယူမယ်။

မင်းကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားပြမယ်။

"ခေါင်းဖျားနဲ့ ဒေါက်တာလှမ်းတမ့်တို့ လက်ထပ်ဖြစ်အောင် ဘွား အမြန်ဆုံး စီစဉ်ပေးပါ ..."

"ဘွား စီစဉ်ပေးပါ့မယ် ခေါင်းဖျားရယ် ... မြေးလေး စိတ်ချမ်းသာအောင် ဘွား စီစဉ်ပေးပါ့မယ် ..."

သူ ...

ငြိမ်သက်သွားသည်။





ဒီလိုကြီး ကြမ်းနေရင် ဒေါက်တာလှမ်းတမ့်ကြောက်သွားမှာပဲ။

"ဘွား ..."

"ဟင် ..."

"ခေါင်းဖျား ... ဘွားစကားတွေကို နားထောင်ပါ့မယ် ... ဒေါက်တာလှမ်းတမ့်နဲ့ လက်ထပ်ဖို့သာ အမြန်ဆုံးစီစဉ်ပေးပါ ..."

"အေးပါကွယ် ... ဘွား စီစဉ်ပေးပါ့မယ် ..."

ဒေါ်အိမ်စိုး အပြင်သို့ ထွက်လာခဲ့သည်။

မြေးကြီး ငြိမ်သွား၏။

စိတ်မချ ...

စိတ်ဝေဒနာတွေ ခံစားနေတဲ့ မြေးကြီး ကိုယ့်ကိုယ်ကိုယ် ရန်ရှာမှာ အကြောက်ဆုံးပင်။

"အဌ ..."

"ဗျာ ..."

"မြေးကြီးကို စောင့်ကြည့်နေ ... ထူးခြားမှုရှိလာရင် အခန်းထဲဝင်ကြည့်နော် ..."

"ဟုတ်ကဲ့ ..."

"မင်းကိုတော့ မြေးကြီး နည်းနည်းကြောက်ပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ... မမအိမ်စိုး ... ကျုပ် စောင့်ကြည့်ထားပါ့မယ်"

"ဒေါက်တာရော ..."

"သူ့အခန်းထဲ ပြေးဝင်သွားတာပဲ ..."

ဒေါ်အိမ်စိုး အောက်ထပ်သို့ ဆင်းလာစဉ် ပန်းမာလာနှင့် တွေ့သည်။

"ဘာတွေဖြစ်ကြတာလဲ ဘွားအိမ်စိုး ... ဟို ဒေါက်တာမကတော့ အခန်းထဲ ပြေးဝင်သွားတာပဲ ..."

"ပန်းမာလာ ..."

"ရှင် ..."

"မြေးကြီးခေါင်ဖျားနဲ့ ပြဿနာတက်လို့လေ ..."

"ဘာဖြစ်လို့လဲ ..."

"မြေးကြီးခေါင်ဖျားက ဒေါက်တာမလေးကို လက်ထပ်ခွင့် တောင်းတယ်ထင်တယ် ..."

ကိုကြီးယံခေါင်ဖျားက စိတ်ဝင်စားနေပြီဆိုတော့ ပန်းမာလာ နည်းနည်းတော့ စိတ်အေးသွားရလေသည်။

ပန်းမာလာက ယံတိမ်ဖျားပဲ။

ဒီဒေါက်တာမနဲ့ တိမ်ဖျားတို့ မပတ်သက်ဖို့ပဲ။

"ဒေါက်တာမက လက်ခံပါ့မလား ဘွား ..."





"ဘွား ကြိုးစားမယ် ... အရေးကြီးတာက မြေးကြီး စိတ်ချမ်းသာဖို့ပဲလေ ..."

ဒေါ်အိမ်စိုးကတော့ မဖြစ်မနေ ကြိုးစားရမယ်။

မြေးကြီးအတွက်ပဲ။

တရားသည်ဖြစ်စေ၊ မတရားတာပဲ ဖြစ်ပါစေ ... မင်းကတော့ ငါ့မြေးခေါင်ဖျားအတွက်ပဲ ဖြစ်စေရမယ်။

"ဘွား ..."

"ဟင် ..."

"ပန်းမာလာလည်း ဘွားဆီမှာ တောင်းဆိုစရာရှိတယ်"

"တောင်းဆိုလေ ပန်းမာလာ ..."

"ပန်းမာလာ တိမ်ဖျားနဲ့ လက်ထပ်ပါရစေ ..."

"ဟင် ..."

"ဒေါက်တာ နှောင်စွဲထင်နဲ့ ပန်းမာလာ လက်ထပ်ကြပေမဲ့ ပန်းမာလာ အပျိုစင်ဘဝလေးပဲ ရှိပါသေးတယ် ..."

မြေးတိမ်ဖျားကို မရွေးခဲ့ဘဲ မြေးလတ် ဒေါက်တာ နှောင်စွဲထင်ကိုပဲ ရွေးချယ်ခဲ့သည်။

"ကျွန်တော် ပန်းမာလာကို လက်မထပ်ဘူး ... ကျွန်တော့်မှာ ချစ်သူရှိတယ် ဘွား ..."

"မရဘူး ... မင်း လက်ထပ်ရမယ် ... ပန်းမာလာရဲ့ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ဘွားဆန္ဒပဲ ... ဘွားကို အသက်ကြီးမှ စိတ်သောကတွေ ရောက်စေချင်လို့လား ...”

မြေးလတ်က အားလုံးထက် ပညာထူးချွန်သူ။

အေးချမ်းသူ ...

စိတ်နှလုံး နူးညံ့သူ။

“ဒေါက်တာ လုမ်းတမှီကိုတော့ ကိုကြီးနဲ့ပဲ လက်ထပ်ဖြစ်အောင် စီစဉ်ပါ ...”

ပန်းမာလာ ...

ညည်း လွန်တယ်။

ကျုပ်ကို တော်တော်အနိုင်ကျင့်တာပဲ။

ကျုပ်မြေးလတ် သေတာ ဘယ်လောက်ကြာသေး လို့ ညည်းက နောက်တစ်ယောက် ထပ်ယူဖို့ စဉ်းစားနေရတာလဲ။

တော်တော်ရက်စက်တယ်။

မြေးငယ် ယံတိမ်ဖျားက သဘောတူပါ့မလား။

အစ်ကိုကို အရမ်းချစ်တာ။

“ဘွားအိမ်စိုး ...”

“ပြောပါ ...”

“တိမ်ဖျားနဲ့ လှမ်းတမှီတို့ နီးစပ်လို့တော့ လုံးဝမဖြစ်နိုင်ပါဘူးနော် ...”





“အေးပါကွယ် ...”

မိမိ မဟာရဲ့။

ထောင်ထဲရောက်မှာ မလိုလားမိပေ။

အသက်ကြီးပြီ။

“အိမ်ဖော်မလေးကို သတ်တဲ့အမှုက ဘွားအိမ်စိုးကို ပန်းမာ ထောင်ထဲပို့နိုင်တယ်နော် ...”

“ပန်းမာလာ ...”

“မာလာ့ဆန္ဒတွေအတိုင်းပဲ ဘွားအိမ်စိုး လုပ်ဆောင်ခွင့်ပြုပါ”

“အေးပါကွယ် ...”

မိမိကတော့ ပန်းမာလာအပေါ် မတင်းမာနိုင်ပေ။

“ဘွားအိမ်စိုးရဲ့ ပြစ်မှုကို ဖော်ထုတ်ဖို့ ကျွန်မမှာ အထောက်အထား အပြည့်အစုံ ရှိတယ်နော် ...”

“ညည်းကို တောင်းပန်ပါတယ် ... ဘွားအိမ်စိုး အသက်ကြီးပါပြီ ... ပန်းမာလာ ဖြစ်စေချင်တာတွေ ဖြစ်စေရမှာပါ”

“ကျို ...”

“ဟင် ...”

မထင်မှတ်ဘဲ တံခါးပွင့်လာသဖြင့် ... ဒေါ်အိမ်စိုး အထိတ်တလန့် ဖြစ်သွားရတော့သည်။

ဒေါက်တာလှမ်းတမှီ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ညည်း ... ညည်း ..."

"ကျွန်မ ဘွားတစ်ယောက်တည်း ရှိနေတယ်ထင်လို့ပါ ..."

ပန်းမာလာက မျက်စောင်းထိုးပြီး အခန်းထဲကနေ ထွက်သွားသည်။

"ဘာကိစ္စရှိလို့ ရောက်လာရတာလဲ ဒေါက်တာ ..."

"ကျွန်မ ပြန်တော့မဲ့အကြောင်း ဘွားကို လာပြောတာပါ"

"ဟင် ..."

ညည်း ပြန်လို့မရတော့ဘူး။

ကျုပ်အကြောင်းတွေ ညည်း ကြားလိုက်ပြီမဟုတ်လား။

ပြန်လို့မရတော့ဘူး။

ဟုတ်တယ် ...။

ဒေါက်တာလှမ်းဘမို ... ကြားသွားမှာ သေချာပါတယ်။

မဖြစ်ဘူး ...

ကျုပ်မြေးကြီးကလည်း ညည်းကို ချစ်ခင်နှစ်သက်နေတယ်။

"ညည်း ပြန်လို့မဖြစ်တော့ဘူး လှမ်းတမို ..."





"ရှင် ... ဘာဖြစ်လို့လဲ၊ ဒီမှာ ကျွန်မ ဆက်နေစရာအကြောင်းမှ မရှိတော့တာဘဲ ... ကျွန်မမိတ်ဆွေ နှောင်စွဲလည်း ရှိမှမရှိတော့တာဘဲ ..."

"ဘာပဲဖြစ်ဖြစ် ညည်း ဆက်နေရမယ် ... ကျုပ်မြေးကြီးအတွက်လည်း ညည်း လိုအပ်တယ် ..."

"မနေနိုင်တော့ဘူး ... ကျွန်မ ပြန်မယ် ..."

ပြောပြီး လှမ်းတမိုက ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"အဋ္ဌ ... "

"ဗျာ ... "

"ဒေါက်တာလှမ်းတမှီကို အပြင်ထွက်ခွင့်မပေးနဲ့တော့"

"ဟုတ်ကဲ့ ... "

အဋ္ဌက မိမိလူယုံ။

ငယ်မွေးခြံပေါက်။

မိမိက သေဆိုသေ ရှင်ဆိုရှင်ပဲ။

"မင်း သတိထားပြီး ခြံတံခါးကို ပိတ်ထားပါ ... "

ဒေါ်အိမ်စိုးတို့ မေ့ပါနိုင်က သီးသန့်။





ပတ်ဝန်းကျင်နဲ့ ဆန့်ကျင်ဘက်။

"မြေးကြီးအတွက် ဒေါက်တာလှမ်းတမှီက လိုအပ်တယ်"

ဒီမိန်းကလေးကတော့ မိမိအကြောင်းတွေ သိသွားမှာ သေချာသလောက်ပင် ဖြစ်သည်။

လွှတ်လို့မဖြစ်တော့ဘူး။

"ဒေါက်တာလှမ်းတမှီကို လုံးဝပြန်လွှတ်လို့ မဖြစ်ဘူး ... မမအကြောင်းတွေ သိသွားပြီ ... "

"ဟင် ... "

"ပန်းမာလာနဲ့ မမတို့ ပြောနေတာတွေ ကြားသွားတာ"

"ဘာမှ စိတ်မပူပါနဲ့ မမ ... အဋ္ဌ တစ်ယောက်လုံး ရှိပါတယ်"

"မင်း ဂရုစိုက်ပါ ... ကျုပ်တို့မြေးနဲ့ ဒင်းကို လက်ထပ်ပေးရမယ် ... "

ခေါင်ဖျားရဲ့ ဆန္ဒပဲ။

မြေးကြီးအတွက် ဒေါက်တာလှမ်းတမှီက အလိုအပ်ဆုံးပါပဲ။

စိတ်မောလိုက်တာ။

အသက်ကြီးမှ စိတ်ဒုက္ခတွေ အများကြီးရောက်နေရတယ်။

"အဋ္ဌ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

"ပန်းမာလာက မြေးငယ် တိမ်ဖျားကို လက်ထပ်မယ်တဲ့"

"ဟင် ..."

ပန်းမာလာကို ဦးအထွဋ်လည်း ကြည့်လို့မရပေ။

အနိုင်ကျင့်သည်။

ဗိုလ်ကျသည်။

"ပန်းမာလာက မမကို ဒုက္ခပေးနေတာပဲ ..."

"အင်း ..."

"တိမ်ဖျားက လက်ခံမလား ..."

"သူ့အစ်ကို သေဆုံးရတာမှ မကြာသေးဘူး ... အစ်ကို့မယား ကို ဘယ်သူက ယူမှာလဲ ..."

"ဟုတ်တယ် ..."

"ပန်းမာလာက တောင်းဆိုလာရင် ငါ လုပ်ပေးရမှာပဲ"

ပန်းမာလာ ...

ညည်း လူ့လောကကြီးထဲမှာ မရှိရင် အကောင်းဆုံး ပဲ။

ပညာတတ်မြေးကြီးရဲ့ ဘဝကို အညွန့်ချိုးပစ်လိုက် တာပါ။

မိမိ အမြဲတမ်း စိတ်ဒုက္ခတွေ ရောက်နေခဲ့ရသည်။





"ပန်းမာလာကို ငါ မတွေ့ချင်တော့ဘူး ..."

"မမ စိတ်အေးအေး နေပါ ... ကျုပ် အားလုံးတာဝန်ယူပါ တယ် ..."

ဦးအထွဋ်ကတော့ မမအိမ်စိုးဆန္ဒပဲ။

မိမိလက်ပေါ်မှာ ကြီးပြင်းလာတဲ့ ကလေးတွေကို လည်း စိတ်ချမ်းသာစေချင်သည်။

ဦးအထွဋ် ခြံထဲဆင်းလာခဲ့၏။

ဒေါက်တာလှမ်းတမိုက အိတ်စွဲပြီး ထွက်လာသည်။

"ဒေါက်တာ ဘယ်သွားမလို့လဲ ..."

"ကျွန်မ ပြန်မလို့ ..."

"ပြန်ခွင့်မရှိတော့ပါဘူး ..."

"ဘာဖြစ်လို့လဲ ..."

"ဒီမှာက ဒေါက်တာ လိုအပ်နေလို့လေ ..."

"ရှင် ..."

ကြီးမားတဲ့ ခြံဝင်းတံခါးကြီးက သော့ခတ်ထားသည်။

ထွက်ပေါက်မရှိ ... ။ ဒုက္ခပါပဲ ... ။

နောင်စွဲမှ မရှိတော့တာဘဲ။

မေ့ပါနိုင်မှာ သူမ ဆက်နေဖို့ မလိုအပ်တော့ဟု ထင် မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဖမ်းချုပ်ထားချင်တဲ့ သဘောလား ..."

"အဲဒီလို မထင်ပါနဲ့ ဒေါက်တာ ... ကျုပ်တို့ဆီမှာ ဒေါက်တာ ရှိနေဖို့ လိုအပ်လို့ပါ ..."

"ကျွန်မကို တံခါးဖွင့်ပေးပါ ... ဒီမှာ လုံးဝဆက်မနေနိုင်တော့ဘူး ..."

"မရတော့ဘူး ..."

"ဦးအဗ္ဗ ... ဒါ ရာဇဝတ်မှုနော် ... ကျွန်မ ပြန်မရောက်လာရင် မေ့ပါနိုင်ကို လာကြမှာပဲ ..."

"မတတ်နိုင်ပါဘူး ဒေါက်တာ ... ဒီမှာ ဆက်နေလိုက်ပါ"

"ကျွန်မက ရှင်တို့အမိန့်ပေးတိုင်း လုပ်မှာမဟုတ်ဘူးနော်"

"ဒေါက်တာကို အားကိုးတာပါ ..."

ကိုယ်ခေါင်ဖျားရဲ့ အပြုအမူတွေကို သူမ လက်မခံနိုင်။

မနှစ်သက်မိ။

ဒီကနေ ဘယ်လိုထွက်ရမလဲ။

မလွယ် ...

သူတို့နယ်မြေ ...

လှမ်းတမီကို လိုက်ပို့တဲ့ဒရိုင်ဘာကြီးကို သတိရမိသည်။





ဘယ်လိုလုပ်ရမလဲ ...။

"ဒေါက်တာ အထဲပြန်ဝင်ပါ ... အပြင်ကို ထွက်ခွင့်မရှိတော့ပါဘူး ..."

"မဟုတ်ဘူး ... ကျွန်မ ဒီမှာပဲ ရပ်နေမယ် ..."

လှမ်းတမီ အမြင်ကတ်ကတ်နှင့် ရပ်နေမိသည်။

ဟုတ်တယ်။

စောစောက သူမကို လက်မခံလိုကြတဲ့ လူတွေက အခုမှ ဘာဖြစ်လို့ နေစေချင်ရတာလဲ။

ကိုယ်ခေါင်ဖျားကြောင့်လား ...။

"ဒေါက်တာ ..."

"ဟင် ..."

"အထဲကိုဝင်ပါ ဒေါက်တာ၊ မကောင်းပါဘူး ... ဒေါက်တာ မဝင်ရင် ဝင်မဲ့နည်းလမ်းတွေကို ကျုပ်တို့ သုံးရပါလိမ့်မယ်"

လှမ်းတမီ မတတ်နိုင်တော့ဘဲ အိမ်ကြီးထဲ ပြန်ဝင်လာရသည်။

ကျွန်မကို ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ။

"ကျုပ်မြေးကို ဆေးကုပေးပါ ..."

စိတ်ညစ်တယ်။

သူက စိတ်မှန်တာမှ မဟုတ်တာဘဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

လှမ်းတမှီကို ချစ်တယ်တဲ့။

ကိုယ်ခေါင်ဖျားကို ဆေးကုဖို့အတွက်ပဲ ထင်တယ်။

သူတို့က ပြန်ခွင့်မပြုဘူးဆိုရင် လှမ်းတမှိလည်း ပြန်ထွက်ဖို့က မလွယ်ပေ။

ဟိုလူ ...

ကိုယ်တိမ်ဖျား ...

သူမနှင့် မကြာခဏ တိုက်မိနေကြသည်။

မတွေးချင် ...

ရှက်စိတ်တွေနှင့် ရင်ဖိုလှိုက်မောနေရဆဲပင်။

အင်းလေ ...

လှမ်းတမှီက ဆရာဝန်ပဲ။

နှောင်ကွဲရဲ့ မျက်နှာလည်း ရှိသေးပါတယ်လေ။

ဒီလူ့ဆီကို တစ်ယောက်တည်း မသွားဘူး။

မဂုဏ္ဏာပါမှ သွားမယ်။

"ဒေါက်တာ ..."

"ဒေါက်တာ ..."

အပြင်မှ မဂုဏ္ဏာရဲ့အသံ။

"ဝင်ခဲ့လေ ..."





စားစရာတွေနှင့် ရောက်လာသည်။

"ဒေါက်တာ ..."

"ဟင် ..."

"ကိုကြီးဆီကို သွားဖို့လေ ..."

"မသွားဘူး ... နင် စားစရာသွားကျွေးမှာ မဟုတ်လား"

"ကိုကြီး အရမ်းဖျားနေတယ် ..."

"ဟင် ..."

"ကျွန်မကို အဝင်မခံဘူးလေ ... မမလေးပါမှတဲ့ ..."

"သေချင်တာပဲဟယ် ..."

"မမလေး ..."

"ဟင် ..."

"ကျွန်မတို့ ရင်ခွဲတောင်ကို သွားရအောင် ..."

"ဘာသွားလုပ်မှာလဲ ..."

"အစ်ကိုလေးဆီ ကိစ္စတစ်ခုနဲ့ သွားစရာရှိလို့ ..."

"မမလေး အပြင်ထွက်ခွင့် ရှိမှာမဟုတ်တော့ပါဘူး ..."

"ဘာဖြစ်လို့လဲ ..."

"မသိဘူး ... မေ့ပါနိုင်မှာပဲ နေပါတဲ့ ..."

"ကိုကြီးကြောင့် ထင်တယ် ..."

"မဂုဏ္ဏာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"တကယ်လို့ ... ကိုခေါင်ဖျားကို ဆေးကုရရင်တောင် နင် အနားမှာ နေပေးပါ ..."

"အစ်ကိုကြီးက လက်မခံရင်ရော ..."

"လက်မခံရင် ဆေးမကုဘူး ..."

"အခုတောင် ဖျားနေတယ် ... ဘာကျွေးကျွေး မစားဘူး လေ ..."

ဒေါက်တာဆိုတော့လည်း လူနာ နေမကောင်းဘူး ဖြစ်နေရင် မနေတတ်ဘဲ လိုက်ခဲ့ရသည်။

ကိုယ်ခေါင်ဖျား အတော်လေးဖျားနေ၏။

"ရှင် အပြင်ထွက်တယ် မဟုတ်လား ..."

"ဟုတ်တယ် ..."

"အရက်တွေလည်း သောက်တယ်မဟုတ်လား ..."

"ကျုပ် တမင်မူးအောင်သောက်တာလေ ... စိတ်ညစ်လို့၊ မင်း ကျုပ်ကို စိတ်ဆိုးသွားလို့ စိတ်ညစ်ပြီးသောက်တာ"

"ရှင် ဒုက္ခရောက်လိမ့်မယ် ..."

"သေချင်လို့ ..."

"ဒုက္ခပါပဲ ..."

"ဒေါက်တာနဲ့ ကျုပ် နှစ်ယောက်တည်းပဲ နေချင်တယ်"





"မဖြစ်ဘူး ... ကျွန်မတစ်ယောက်တည်းနေရမယ်ဆိုရင် ကျွန်မ ပြန်သွားမယ် ..."

"မဂုဏ္ဍာ ..."

"ရှင် ကိုကြီး ..."

"ထွက်သွား ..."

"ရှင် အဲဒီလို အကျပ်ကိုင်ရင် ကျွန်မလည်း ထွက်သွားမှာ နော် ..."

"တော်ပြီကွာ ... မင်းလည်း သွားတော့ ..."

"မမလေး နေပါ ... အစ်ကိုကြီး စိတ်ဆန္ဒအတိုင်းပဲ လုပ်ပေးလိုက်ပါ ... ကျွန်မ သွားတော့မယ် ..."

မဂုဏ္ဍာက ပြောပြီး ထွက်သွားတော့သည်။

"ရှင် ... ကျွန်မကို စော်ကားတဲ့အပြုအမူတွေ အပြောအဆိုတွေ လုပ်မယ်ဆိုရင် ကျွန်မ ရှင့်အနားကို မလာတော့ဘူး နော် ..."

ယံခေါင်ဖျားကတော့ လှမ်းတမှီရဲ့ မျက်နှာလေးကို စူးစိုက်စွာ ကြည့်နေမိသည်။

အရမ်းကို ချောမောလှပတဲ့ ... မိန်းကလေးတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့နှလုံးသားတွေထဲကို အစားထိုးပင်ရောက်လာတဲ့ မိန်းကလေးပဲ။

"မင်းကို ချစ်တယ် ..."

"ရှင်နော် ..."

"အရမ်းချစ်တယ် ..."

"ဒုက္ခပါပဲ ..."

"ကျုပ်ကို လက်ထပ်ပါ ..."

သူမ ထလိုက်သည်။

"မင်းကို ကျုပ် လက်ဖျားနဲ့တောင် မထိပါဘူး လှမ်းတမှီ၊ မသွားပါနဲ့ ..."

သူမ ...

သက်ပြင်းမောကြီးကို ပြင်းပြစွာဖြင့် မှုတ်ထုတ်လိုက်ရသည်။

ကိုယ်ခေါင်ဖျားကို ချော့မော့ပြီး ဆေးတိုက်ရ၏။

ဆရာဝန်ဆိုတော့လည်း ... လူနာအပေါ် စေတနာထားမိတာ မမှတာပဲဖြစ်သည်။





## အခန်း (၁၃)

ရင်ကွဲတောင်မှာ ...

ယံတိမ်ဖျား အသည်းကွဲနေသည်။

ဒုက္ခပါပဲကွာ ...

ကောင်မလေး

အရမ်းချောမောလှပသည်။

ပြီးတော့ ...

အိစက်နေတဲ့ကိုယ်လုံးထွေးထွေးအိအိလေး။

အတွေ့အထိတွေ ...

မမေ့နိုင်ဘူးကွာ ...



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်သတိရနေတယ်။

ဘယ်လိုလုပ်ရမလဲ။

ကိုကြီးခေါင်ဖျားနေမကောင်းဘူးဆို၍သာ တိမ်ဖျား မေ့ပါနိုင်ကို ရောက်သွားရတာပါ။

ဒေါက်တာလှမ်းတမိုနဲ့ တိမ်ဖျား မကြာခဏတိုက် မိနေသည်။

ဖူးစာဖက်တွေလား။

တိမ်ဖျား ...

ဘယ်တော့မှ မပြိုးသူ။

မေ့ပါနိုင်က ဘွားအိမ်စိုးကိုယ်တိုင် နောက်ပိုင်းပတ် ဝန်းကျင်နှင့်ကင်းရှင်းအောင်နေတော့သည်။

ပြဿနာတွေက ရှုပ်ထွေးလာခဲ့၏။

ကိုကြီးချစ်သူသေဆုံးသွားတော့ ကိုကြီးအရူးတပိုင်း ဖြစ်သွားရသည်။

အဆွေးသမား ...

အလွမ်းသမား ...

စန္ဒရားတစ်လုံးနှင့်အပေါ် ထပ်မှာပဲနေသည်။

ပြီးတော့ ...

ကိုလက် ...





မချစ်မနှစ်သက်တဲ့မိန်းမတစ်ယောက်ကို လက်ထပ် ရပြီး အရက်သမားကြီးဘဝနှင့်အဆုံးသတ်သွားရသည်။

အခု ...

သူ ...

ဒေါက်တာလှမ်းတမိုကို သတိရနေမိသည်။

လွမ်းမောတမ်းတနေရ၏။

အချစ်လား ...

ဖူးစာ ...

ရေစက် ...

ဘယ်လိုတွေးရမလဲ။

ဒေါက်တာလှမ်းတမိုရောက်လာတာ သူ့အတွက်ပဲ လား။

"တိမ်ဖျားရေ ..."

ပန်းမာလာ့အသံ ...

ကိုလတ်ဇနီးဖြစ်၍ ပန်းမာလာကိုဝေးဝေးကရှောင် ရှင်နေမိသည်။

"တိမ်ဖျား ..."

သူ ...

ရပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ကွဲတောင် ချောင်းဖျားမှာသူရပ်နေ၏။

ဒေါက်တာလှမ်းတမှီကို သတိရနေမိသည်။

"တိမ်ဖျား ..."

"ဟင် ..."

"မေပါနိုင်ကို ရှင်လာတယ်ဆို ..."

သူ ကံကောင်းတာက မေပါနိုင်ကိုလာတော့ ပန်းမာလာမရှိပေ။

မြို့တက်သွားသည်။

"မေပါနိုင်ကို တိမ်ဖျား ခဏခဏလာနေတာပဲနော် ..."

ပန်းမာလာ မကျေနပ်။

ဟိုဆရာဝန်မကိုလည်း အိမ်စိုးကရှိနေစေသည်။

ဒါပေမဲ့ ...

ကိုကြီးအတွက်တဲ့ ...

တိမ်ဖျားနဲ့ပတ်သက်မယ်ဆိုရင်တော့ ပြဿနာအကြီးအကျယ်ရှာပစ်မှာပဲ။

"တိမ်ဖျား ..."

"ဟင် ..."

"ပန်းမာလာလေ ... ဘွားဆီမှာအခွင့်အရေးတစ်ခုတောင်းဆိုလိုက်ပြီ ..."





"ဘာလဲ ..."

"တိမ်ဖျားကိုလက်ထပ်မယ်လို့ ..."

"ဟင် ..."

ပန်းမာလာကို အထိတ်တလန့်နှင့်ကြည့်မိသည်။

မဖြစ်နိုင်ဘူး။

မင်းက ငါ့မရီးပဲ။

ပြီးတော့ ...

မင်းကို ငါမချစ်ဘူး။

ဂုဏ်မက်ပြီး ကိုကို့ကို ရွေးချယ်ခဲ့တဲ့ပန်းမာလာ။

"ဘွားအိမ်စိုးက ပန်းမာလာ့သဘောပဲလေ ..."

"မဖြစ်နိုင်ဘူး ..."

"ဘာ ..."

"မင်းက ကိုလတ်ဇနီးဖြစ်သွားပြီပဲ ..."

"ကျွန်မနဲ့ ဒေါက်တာနှောင်စွဲတင်တို့ ဘာမှမဖြစ်ပါဘူး"

"ပတ်ဝန်းကျင်ကရှိသေးတယ်လေ ..."

"ပတ်ဝန်းကျင်ကိုဂရုစိုက်စရာမလိုပါဘူး ... ရှင်တို့မေပါနိုင် က ပတ်ဝန်းကျင်နဲ့ဝေးကြတာပဲ ..."

"ငါ လက်မထပ်နိုင်ဘူး ..."

"တိမ်ဖျား ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဓိပ္ပာယ်မရှိတာတွေကို မတောင်းဆိုပါနဲ့ပန်းမာလာ"

"တိမ်ဖျား ပန်းအပေါ်မရက်စက်ပါနဲ့ ... ပန်းက အထီးကျန်နေရတဲ့သူပါ ... ကိုလတ်ကို ရွေးချယ်ခဲ့တာမှန်ပေမဲ့ အစွန့်ပယ်ခံမိန်းကလေးပါနော် ..."

တိမ်ဖျား ...

ရှင့်ကိုတော့ လက်လွှတ်မခံနိုင်ပါဘူးနော်။

ကိုလတ်ကိုရွေးချယ်တာ ဦးနှောက်နဲ့ရွေးချယ်တာ ပဲ။

အချစ်မပါဘူး။

ပန်း ရှင့်ကိုချစ်တယ်။

ဒီတစ်ခါတော့ ကျွန်မ လုံးဝအလျှော့မပေးနိုင်ဘူး။

"ပန်း ချစ်တာ တိမ်ဖျားပဲ ... ပန်းတို့လက်ထပ်ပြီးပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ အိမ်ထောင်တစ်ခုကိုတည်ဆောက်ကြရအောင် ..."

တိမ်ဖျားနဲ့ပန်းမာလာက ခင်မင်ရင်းနှီးကြသည်။

ကျောင်းသွားဖော် ကစားဖော်။

ပန်းမာလာ အမှားပဲ။

ဂုဏ်မက်ပြီး ပညာအတတ်ဆုံး ဒေါက်တာနှောင်းစွထင်ကို ရွေးချယ်ခဲ့လေသည်။

"တိမ်ဖျား ..."





"ဟင် ..."

"ကျွန်မတို့ လက်ထပ်ကြရအောင် ..."

ပန်းမာလာက သူ့လက်တွေကို ဆွဲကိုင်ထားသည်။

သူ ခါချပစ်လိုက်၏။

"တိမ်ဖျား ... ပန်းမာလာကို မရက်စက်ပါနဲ့ ... ပန်းမာလာပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝတစ်ခုကိုတည်ဆောက်ပါရစေနော် ကျွန်မကို လက်ထပ်ပါ ..."

"မဖြစ်ဘူး ... ကိုယ် လက်မခံဘူး ... မဖြစ်နိုင်ပါဘူး ပန်းမာလာ ... ကိုယ်လုံးဝလက်မခံနိုင်တာပဲ ..."

"တိမ်ဖျား ..."

"မင်း ပြန်ပါ ..."

"ရှင်ကျွန်မကို ငြင်းဆန်လို့မရဘူး ..."

"မင်းရူးနေလား ... ကိုလတ်သေဆုံးသွားတာ မကြာသေးဘူးနော် ..."

"တိမ်ဖျားကို ပန်းမာလာစိတ်မချတော့ဘူး ... ဒေါက်တာမက ရောက်လာတာလေ ... ကျွန်မ အရမ်းမုန်းတာပဲ ... တိမ်ဖျားစိတ်ဝင်စားသွားမှာစိုးလို့ပါ ..."

ပန်းမာလာကိုတော့ တိမ်ဖျားလုံးဝလက်မထပ်နိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဒေါက်တာလှမ်းတမိုက်ို ချစ်နေမိပြီ။

စွဲလမ်းမြတ်နိုးနေတယ်။

ပန်းမာလာ ...

မင်းနဲ့လက်ထပ်လို့ လုံးဝမဖြစ်နိုင်ပါဘူးကွာ ...

"ပန်းမာလာ ..."

"ဟင် ..."

"ပြန်ပါ ..."

"တိမ်ဖျား ဘာဖြစ်လို့ရက်စက်ချင်ရတာလဲ ... ပန်းမာလာ ဘဝ ဒီလောက်အထီးကျန်နေရတာ ..."

"တော်တော့ ပန်းမာလာ ... မင်းပြန်ပါ ..."

"မဖြစ်ဘူး ..."

"မင်းကို ငါလက်မထပ်နိုင်ဘူး ... ငါအေးအေးဆေးဆေးနေပါရစေ ..."

"တိမ်ဖျား သိပ်ကြီးကျယ်မနေစမ်းပါနဲ့ ... နင်တစ်နေ့ကျရင် ငါ့ကိုလက်ထပ်ရမှာပဲ ... နင် ငြင်းဆန်လို့မရဘူး ..."

ပန်းမာလာ ထွက်သွားမှ တိမ်ဖျားသက်ပြင်းမောကြီးကို ပြင်းပြစွာမှုတ်ထုတ်ပစ်လိုက်မိသည်။

ပန်းမာလာ ...

မင်းကို ငါလုံးဝလက်မထပ်ဘူး။





မဖြစ်နိုင်တာပဲ ...

ကိုလတ်ဆုံးတာမကြာသေးဘူး။

မင်းကိုလည်း ငါဘယ်တော့မှ လက်မထပ်ဘူး ပန်းမာလာ။

သူ ...

သတိရတမ်းတနေမိတာက ဒေါက်တာလှမ်းတမိုပဲ။

အချစ်ဆိုတာကို ဘယ်တော့မှ မစဉ်းစားဘဲ ကြမ်းတမ်းစွာနေလာခဲ့သောသူ ဖြစ်သည်။

"အစ်ကိုလေး ..."

"ဟင် မဂုဏ္ဍာ ..."

"ဘွားအိမ်စိုးက အစ်ကိုလေးကိုလာခဲ့ပါတဲ့ ..."

"ကိုကြီးနေကောင်းရဲ့လား မဂုဏ္ဍာ ..."

"မကောင်းသေးပါဘူး အစ်ကိုလေး ... ဒေါက်တာအနီးကပ်ပြုစုနေရတာပဲ ..."

ကိုကြီးနှင့်ဒေါက်တာတို့ နီးစပ်သွားမှာလည်း တိမ်ဖျား စိတ်ပူပင်နေသေးသည်။

"ဘာကိစ္စလဲ ..."

"မသိဘူး ..."

"လာခဲ့မယ်လို့ ပြောလိုက် ..."



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ..."

"ဟင် ..."

"မမလေးကို ဒီမှာလေ့လာဖို့ ကျွန်မခေါ်သေးတယ် ..."

"ဘာပြောလဲ ... ဒေါက်တာလှမ်းတမှီက လိုက်မယ်တဲ့လား"

"ဦးအတ္တကမမလေးကို အပြင်ထွက်ခွင့်မပြုတော့ဘူးတဲ့"

"ဟင် ..."

"မမလေး မေ့ပါနိုင်ကနေထွက်ခွင့်မရှိတော့ဘူးတဲ့ ..."

ကိုကြီးယံခေါင်ဖျားအတွက်ကြောင့်ပဲ ဖြစ်နိုင်သည်။

"အစ်ကိုကြီးက မမလေးလှမ်းတမှီ အနားမှာနေမှ ဆေးသောက်တယ် ... အစာစားတယ် ..."

"ဟင် ..."

"ဘွားအိမ်စိုးကလည်း ဒေါက်တာ့ကို အစ်ကိုကြီးခေါင်ဖျားအတွက်ပဲ ရည်ရွယ်တာလေ ..."

လှမ်းတမှီရယ် ...

ဘွားအိမ်စိုးရဲ့အမိန့်ဩဇာကို ဘယ်သူလွန်ဆန်နိုင်မှာလဲ။

မင်းကိုချစ်မိနေပြီ။

ချောမောလှပအိစက်နေတဲ့ မျက်နှာလေးကို သူချစ်မြတ်နိုးမိတာတော့ အမှန်ပဲဖြစ်သည်။





ဖူးစာဖက်ပဲလား။

"အစ်ကိုလေး ... မဂုဏ္ဍာသွားတော့မယ် ..."

"မဂုဏ္ဍာ ..."

"ရှင် ..."

"ရော့ ... ဒီကလစ်လေး ဒေါက်တာလှမ်းတမှီကို ပေးလိုက်ပါ ..."

"ဟင် ... ဒါ မမလေးလှမ်းတမှီကလစ်လေးပဲ အစ်ကိုလေးဆီဘယ်လိုလုပ်ပြီး ရောက်နေရတာလဲ ..."

"ခြံထဲကကောက်ရတာလို့ပြော ... မေ့ပါနိုင်ထဲကကောက်ရတာလေ ..."

တကယ်တော့ ...

သူ့ရင်ခွင်ထဲသို့ လဲပြိုကျစဉ်က သူ့အင်္ကျီနှင့်ချိတ်ပြီးပါလာတဲ့ကလစ်လေးပါ။

အမှတ်တရသိမ်းထားဖို့ပဲ စိတ်မလုံတာနှင့် ပြန်ပေးလိုက်မိသည်။

မင်းကို ကိုယ်ချစ်လို့မဖြစ်ဘူးထင်တယ်။

ကိုကြီးက မင်းကိုချစ်နေပြီထင်တယ်ကွာ။

"အစ်ကိုလေး ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီကာလစ်လေးရောက်လာတာ ဒေါက်တာနဲ့အစ်ကိုလေး ဖူးစာဖက်တွေများဖြစ်နေမလား ..."

မဂ္ဂဆွာကပြောပြီး သဘောကျစွာဖြင့် ပြုံးပြီးပြေးထွက်သွားသည်။

ဟုတ်တယ် မဂ္ဂဆွာ ဖူးစာဖက်တွေပဲဖြစ်မှာပါပဲ။

အစ်ကိုလေးကတော့ ဒေါက်တာလှမ်းတမီကို အရမ်းပဲ ချစ်မြတ်နိုးနေပါပြီကွာ။

မေ့ပါနိုင်ကိုသွားရမယ်။

ဘွားအိမ်စိုး ဘာတွေများပြောစရာရှိနေလို့လဲ။

ဒေါက်တာလှမ်းတမီကိုပဲ ... သတိရတမ်းတနေမိသည်။

ပန်းမာလာရန်ကလည်းကြောက်ရသေးတယ်။

မေ့ပါနိုင်ကိုသွားဖို့အတွက် ရင်ခုန်လှုပ်ရှားနေတော့သည်။





## အခန်း (၁၄)

"မမလေး ..."

"ဟင် ..."

"ရှေ့ ..."

"ဘာလဲ ..."

"အစ်ကိုလေးပေးလိုက်တာလေ ... ခြံထဲကနေကောက်ရတာတဲ့ ..."

သူနှင့်ဖြစ်ပျက်ခဲ့ဟာတွေ တွေးမိပြီး လှမ်းတမီ့ရှက်စိတ်တွေနှင့် ထူပူနွေးထွေးသွားရတော့သည်။

မဂ္ဂဆွာက မသိ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ယံတိမ်ဖျားနှင့်သူမ ဆုံခဲ့ကြတာကို ဘယ်သူမှ မသိရှာတော်ပါသေးသည်။

သူမ ရှက်လိုက်တာ ...

နသိ ...

ရွှေးတွေးနေဆဲပင်။

ကျွန်မ ပြန်ချင်တယ်။

ကိုယ်ခေါင်ဖျားအတွက် ကျွန်မမှာ ပြန်ခွင့်မရှိတော့ ဘူးတဲ့။

ကျွန်မ ဘယ်လိုလုပ်ရမလဲ။

ရှင့်ရော ...

မေ့ပါနိုင်နဲ့မပတ်သက်ဘဲ ရှင်တစ်ယောက်တည်းနေ တယ်။

လှမ်းတမှီရဲ့စိတ်ထဲမှာ ကိုတိမ်ဖျားကိုတော့ သတိရ တမ်းတနေမိသလိုပင်။

"မမလေး ..."

"ဟင် ..."

"အစ်ကိုလေးနဲ့မမလေးက ဖူးစာဖက်တွေထင်တယ် ..."

"ဟင် ..."

မဂုဏ္ဍာရယ် ...





နင် မသိသေးဘူးနော်။

ကိုတိမ်ဖျားနဲ့မမလေးတို့က တွေ့ဆုံပြီးနေပြီ။

အချစ်တွေကို စဉ်းစားနေမိသည်။

လှမ်းတမှီ ဒီအသက်အရွယ်အထိ ချစ်သူရည်းစား မထားဘူးခဲ့။

ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲ ပထမဆုံး အကြိမ်ဝင်ခဲ့မိခြင်းပင် ဖြစ်သည်။

"မနက်ဖြန်ကျရင် အစ်ကိုလေးလာမယ် ..."

"ဟုတ်လား ..."

"မဂုဏ္ဍာသွားမယ်နော် ..."

"အင်း ..."

သူမ ...

တစ်ယောက်တည်း ရင်ထိုးလေးကိုကြည့်ပြီး ... စဉ်း စားနေမိသည်။

ကိုတိမ်ဖျားရယ ...

ကျွန်မ ရှင့်ကိုဘာဖြစ်လို့ သတိရတမ်းတမိသွားရ တာလဲ။

"မင်းအပြင်ထွက်ခွင့်မရှိတော့ဘူး ... ပြန်ဖို့လုံးဝမစဉ်းစားနဲ့ တော့မိန်းကလေး ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ဘာဖြစ်လို့ ရှင်တို့ပြန်မလွှတ်ရတာလဲ။

ကိုယ်ခေါင်ဖျားအတွက်ပဲဖြစ်သည်။

သူမ ...

ပြန်ဖို့ ကြိုးစားသည်။

မရ ...

တံခါးကြီးက အသေပိတ်ထားသည်။

အပြင်ထွက်ခွင့်မရှိ။

ကိုယ်တိမ်ဖျားကိုတောင်းဆိုဖို့လည်း သူနှင့်မျက်နှာချင်းဆိုင်ရမှာ ရှက်နေမိသည်။

ကျွန်မ ရှင့်ကိုတော့ သတိရနေမိတယ်။

တွေ့ဆုံမှုတွေက တကယ့်ကို ရင်ခုန်လှိုက်မောစရာပဲနော်။

နှောင်ဖွဲ့ ...

ရှင်ကျွန်မကို ဘာဖြစ်လို့ စောင့်မနေရတာလဲ။

"လှမ်းတမိ လာဖြစ်အောင်လာခဲ့ပါ ... ကိုယ့်အခြေအနေက နောက်ဆုံးအချိန်တွေကို စောင့်မျှော်ရတော့မှာပါ ... မင်းကို တွေ့ချင်တယ် ... လာဖြစ်အောင်လာခဲ့ပါကွာ ... "

ဒေါက်တာနှောင်ဖွဲ့ထင်က စာလှမ်းရေးလိုက်၍ ... သူမ စွန့်စားပြီးရောက်လာခဲ့ခြင်းဖြစ်သည်။





ရှင် ကျွန်မကို ဒုက္ခပေးတာပဲ။

နှောင်ဖွဲ့က လှမ်းတမိကို ချစ်နေတယ်ဆိုတာ သိပေမဲ့ အဖြေမပေးခဲ့ပေ။

"တို့နှစ်ယောက် မိတ်ဆွေသူငယ်ချင်းလိုပဲ ခင်ချင်တယ် ... ကျွန်မမှာ အချစ်ဆိုတာမရှိသေးလို့ပါ ... "

နှောင်ဖွဲ့ကို ငြင်းဆန်မိသည်။

တကယ်လည်း အချစ်ဆိုတာမရှိခဲ့ပေ။

အခုတော့ ...

သူမ ...

ယံတိမ်ဖျားကို ချစ်နေမိပြီလားမသိတော့ပါဘူး။

မေ့ပါနိုင်ကလူတွေက တစ်မျိုးပဲ။

ဘွားအိမ်စိုးရဲ့ မျက်လုံးအကြည့်တွေကလည်း ... ကြောက်စရာကောင်းလိုက်တာနော်။

လှမ်းတမိကိုကြည့်တဲ့အကြည့်တွေက စူးရှလွန်းနေသည်။

ပြန်ချင်တယ်။

နှောင်ဖွဲ့ ...

ကျွန်မ လာခဲ့မိတာမှားပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့မေ့ပါနိုင်ကလူတွေ ဒီလောက်ရှုပ်ထွေးမယ်လို့ မထင်မိဘူး။

ပန်းမာလာကလည်း တစ်မျိုး။

နောင်စွဲက သူလက်ထပ်လိုက်တာကိုပြောမပြပေ။

ဘာတွေလဲ ...

ရှုပ်လိုက်တာနော် ...

ကလစ်လေး ...

သူနှင့်တိုက်မိစဉ်ကပါသွားတာပဲ ဖြစ်သည်။

ကလစ်လေးကိုကြည့်ပြီး ရင်ခုန်လိုက်မောနေရ၏။

"ဒေါက်တာ ..."

"ဒေါက်တာ ..."

ဦးအဏ္ဏအသံပဲ ...

သူမတံခါးဖွင့်ပေးလိုက်သည်။

"သားကြီးခေါင်းဖျား အရမ်းဖျားနေလို့ ..."

"ဖျားပြန်ပြီလား ..."

"ဟုတ်တယ် ... လာကြည့်ပေးပါဦး ..."

"ကျွန်မကိုတစ်ယောက်တည်းတော့ အဲဒီအခန်းမှာမထားပါနဲ့ ..."

"သားကြီးက လက်မခံဘူး ... အပြင်မှာကျုပ်တို့ရှိနေမှာပါ"





"စိတ်ညစ်တယ် ... ကျွန်မရဲ့ဂုဏ်သိက္ခာနဲ့ကိုယ်ကျင့်တရားတွေလည်း စောင့်ထိန်းပေးပါဦး ..."

"မတတ်နိုင်ဘူးလေ ... ဒီလိုဖြစ်လာရတာပဲ ... မင်းဖန်တီးတာပဲမဟုတ်လား ... မင်းရဲ့ကံကြမ္မာပဲပေါ့ ..."

"ဦးအဏ္ဏ ..."

"လာပါ ... ခေါင်းဖျားအရမ်းဖျားနေတယ် ... မင်းကဆရာဝန်တစ်ယောက်ပဲ ... ခေါင်းဖျား စိတ်တွေပုံမှန်ဖြစ်ဖို့ မင်းရဲ့နားလည်မှုတွေ လိုအပ်တယ် ..."

"ကျွန်မက စိတ်ရောဂါအထူးကုဆရာဝန်မဟုတ်တာဘဲ ရှင်တို့ ဒီလောက်ခေါင်းတဲ့နေရာမှာမထားသင့်ပါဘူးနော်"

"ဒေါက်တာ ကျေးဇူးပြုပြီး လူနာကိုကြည့်ပေးပါ ..."

ဟွန်း ...

အလကားပဲ ...

ရှင်းပြလည်း လက်ခံမှာမဟုတ်ကြ။

လှမ်းတမှီ စိတ်ရှုပ်ထွေးစွာဖြင့် လိုက်ခဲ့ရသည်။

လသာဆောင်မှာပဲနေ၏။

အဆုတ်အအေးပတ်မှာပဲ။

ကိုယ်ခေါင်းဖျား အခန်းအထဲဝင် အရမ်းဖျားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ ဖျားနေ၏။

"ဟီး ... ဟီး"

"ဟင်း ... ဟင်း"

"ဒေါက်တာ ကျွန်တော့်ကို ပစ်မထားပါနဲ့ ... ကျွန်တော် အရမ်းအားငယ်လို့ပါ ..."

"ဟီး ... ဟီး ..."

"ဟင်း ... ဟင်း"

သူမ ...

အခန်းထဲဝင်လာခဲ့မိသည်။

"ကိုယ်ခေါင်ဖျား ..."

"ဟီး ... ဟီး ..."

"ဟင်း ... ဟင်း"

"ရှင်သတိထားပါ ..."

"ဟီး ... ဟီး"

"ဟင်း ... ဟင်း"

"ကိုယ်ခေါင်ဖျား"

"ဟီး ... ဟီး"

သူမ ဆေးထိုးပေးဖို့ပြင်ဆင်ရတော့သည်။

အခန်းအပြင်ဘက်သို့ထွက်လာခဲ့၏။





"ဦးအဋ္ဌ ကျွန်မကို ကူညီပါ ... ရှင်တို့ဒီလောက်အထိ အဋ္ဌ မကြီးပါနဲ့ ကျွန်မတစ်ယောက်တည်းမနိုင်လို့ပါ ..."

ဦးအဋ္ဌဝင်လာသည်။

လူနာကိုဆေးထိုးဖို့ ပြင်ဆင်ရ၏။

"ရှင်တို့ လူနာကိုအဲ့ဒီလောက်အထိ ပစ်မထားသင့်ဘူးနော်"

"ကိုယ်အပူကျအောင် အမြန်ဆုံးကြိုးစားပါ ..."

ကိုယ်ခေါင်ဖျားကို အပူကျစေရန် သူမဆေးထိုးပေးလိုက်သည်။

ရှင်တို့တွေက ကျွန်မကို ဘာဖြစ်လို့ စိတ်ဒုက္ခရောက်အောင်လုပ်ရတာလဲ။

ကိုယ်ခေါင်ဖျား သတိရလာတော့သည်။

"လှမ်းတမီ ..."

"ရှင် ခေါင်းမာပြန်ပြီလား ... ဘာဖြစ်လို့ အအေးခံနေရတာလဲ ..."

"ကိုယ်သေချင်လို့ ..."

"ဒုက္ခပါပဲ ..."

"လှမ်းတမီ ..."

"ပြော ..."

"မင်းကို ကိုယ်ချစ်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ချစ်သူကို ရှင်ကအလွယ်တကူသစ္စာမဲ့တော့မလား"

"မတတ်နိုင်ဘူး ... ကိုယ့်နှလုံးသားတွေကို မင်းပိုင်စိုးသွားပြီပဲ ..."

ကိုယံခေါင်ဖျားကြည့်ရတာ အင်အားတွေချည့်နဲ့နေသည်။

ပိန်ချုံးနေ၏။

အအိပ်ပျက်အစားပျက်နှင့်စိတ်သောကတွေ ရောက်နေရသည်။

"ရှင် သတိထားပါ ... လသာဆောင်မှာမနေသင့်ဘူး"

"ကိုယ်မင်းနဲ့လက်ထပ်ပါရစေ ..."

သူမနှင့်တွေ့တိုင်း ထိုစကားကိုပဲ ပြောနေသည်။

စိတ်ညစ်ရ၏။

လှမ်းတမှီ ငြင်းဆန်ပစ်လိုက်ချင်မိလာသည်။

ကိုယံခေါင်ဖျားက ကျန်းမာရေးမကောင်းပေ။

"ရှင် အရင်ဆုံး ကျန်းမာရေးကောင်းအောင် ကြိုးစားပါ ... ရှင့်အဘွားအတွက်လည်း စဉ်းစားပါဦးနော် ..."

"မစဉ်းစားဘူး ... ကိုယ် ဘယ်သူ့အတွက်မှ မစဉ်းစားနိုင်ဘူး ..."

"ရှင်တို့မေ့ပါနိုင်ကလူတွေ သိပ်အတ္တကြီးကြတာပဲ ..."





"ကျုပ် မသိဘူး ... ဘာမှ မသိဘူး ... မင်းကိုချစ်တာပဲသိတယ် ... ပိုင်ဆိုင်ချင်တာပဲသိတယ် ... မင်း ကိုယ့်ကိုမချစ်ဘူးမဟုတ်လား ... မရဘူးကွာ ... မင်းကို ကိုယ်အရယူရမှာပဲ ..."

သူမလက်လေးကို ဆတ်ခနဲဆုပ်ကိုင်လိုက်သည်။

"ရှင် ..."

"မင်းကိုချစ်တယ် ..."

"အို ..."

သူမကိုယ်လေးက သူ့ရင်ခွင်ထဲရောက်သွားသည်။

သူ့လက်တွေက တင်းကျပ်စွာဖက်ထားခြင်းခံလိုက်ရ၏။

"အို ... လွှတ်ပါ ... ရှင် ဘာလုပ်တာလဲ ... ကျွန်မကို အဲ့ဒီလိုမလုပ်ပါနဲ့နော် ..."

သူမ ...

ရှန်းမိသည်။

"မင်းသာ ငြင်းဆန်လိုက်ရင် ... ငါသေဆုံးသွားမှာပဲ လှမ်းတမှီ ..."

လှမ်းတမှီ ပါးပြင်လေးကိုနမ်းဖို့ ကြိုးစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ခေါင်ဖျား လွှတ်ပါ ... ရှင်အမြဲတမ်း အဲ့ဒီလိုလုပ်နေရင် ကျွန်မနောက်တစ်ခါလာမှာ မဟုတ်တော့ဘူးနော် ..."

"ချစ်တယ်ကွာ ... အရမ်းချစ်တယ် ... မင်း ငါ့အနားကနေ ထွက်မသွားပါနဲ့ ... တောင်းပန်ပါတယ်ကွာ ..."

လှမ်းတမီကတော့ သူ့ရင်ခွင်ထဲကနေထွက်ဖို့ ရုန်းကန်နေမိသည်။





## အခန်း (၁၅)

အပြင်ကိုပြေးထွက်လာတဲ့ လှမ်းတမီနှင့် သူ ဆုံမိသည်။

အခန်းထဲမှ ငြင်းဆန်ရုန်းကန်သံတွေကို ကြားလိုက်ရ၏။

တိမ်ဖျား စိတ်မကောင်းဖြစ်မိသည်။

"ကျွန်မကို မစော်ကားပါနဲ့ ... ရှင်တို့ဘယ်လိုလူတွေလဲ ... ကျွန်မ အရုပ်မဟုတ်ဘူး ..."

လှမ်းတမီပြောတဲ့စကားတွေကို သူကြားပြီး စိတ်ထိနိုက်ကြေကွဲစွာ အကာအကွယ်ပေးနိုင်ရန် သူပြင်ဆင်လိုက်စဉ်မှာ ပင် ဒေါက်တာလှမ်းတမီက ပြေးထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ..."

"ရှင် ... ရှင်"

"ကျွန်တော် တောင်းပန်ပါတယ် ..."

"မလိုပါဘူး ... ရှင်တို့မိသားစုဝင်တွေက ကျွန်မကိုဖမ်းဆီး ချုပ်နှောင်ပြီး ကစားစရာအရုပ်လို သဘောထားနေကြ တယ် ..."

ကိုကြီးထွက်လာသဖြင့် ဒေါက်တာလှမ်းတမီ ပြေးထွက်သွားတော့သည်။

"တိမ်ဖျား ..."

"ကိုကြီး ..."

ကိုကြီးကိုကြည့်ရတာ ... စိတ်ပျက်စရာကောင်းလောက်အောင် ရှုပ်ပွနေသည်။

"ကိုကြီး ..."

"ဒေါက်တာလှမ်းတမီကို အရမ်းချစ်တယ် ... ကိုကြီးပိုင်ဆိုင်ချင်တယ် ..."

သူ ...

ဘာပြောရမလဲ။

ဒေါက်တာလှမ်းတမီက သူတို့မိသားစုဝင်တွေကို စိတ်နာကြည်းနေသည်။





"ညီ ..."

"ကိုကြီး ..."

"ကိုကြီးဘာလုပ်ရမလဲ ... ကိုကြီးနှလုံးသားထဲကို အစားထိုးဝင်ရောက်လာတယ် ... လှမ်းတမီက ကိုကြီးကိုမချစ်ဘူး တဲ့ ..."

ကိုကြီး စိတ်ခံစားကျနေသည်။

ပိန်ချုံးလာ၏။

မေ့ပါနိုင်မှာ ဘာတွေဖြစ်နေပြီလဲ။

ဘွားအိမ်စိုးကလည်း သူ့ကိုတွေ့ချင်လို့တဲ့။

"ကိုကြီး ..."

"ဟင် ..."

"အထဲဝင်ပါ ..."

"မဝင်ဘူးကွာ ... လှမ်းတမီဆီကိုသွားမယ် ..."

"နေပါဦးကိုကြီး ..."

"ဖယ်ကွာ ..."

"ခဏနေပါဦး ..."

"လှမ်းတမီကိုခေါ်ပေးစမ်းပါ ..."

ကိုကြီးစိတ်တွေ ဖောက်ပြန်နေသည်။

မျက်လုံးတွေ လည်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ..."

"ဟင် ..."

"ညီနဲ့စကားပြောကြရအောင် ..."

"ညီ ..."

"ဝင်ပါ ..."

"လှမ်းတမှီကို ခေါ်ပေးပါ ... ငါလက်ထပ်မယ် ... ဒီခြံထဲမှာပဲ မင်္ဂလာပွဲကို ကျင်းပမယ် ..."

ကိုကြီးအား အခန်းထဲပြန်ခေါ်လာခဲ့သည်။

ဆံပင်တွေထဲလက်ထိုးဖွပြီး ငိုနေ၏။

"ကိုကြီး ..."

"လှမ်းတမှီကိုမရရင် ကိုကြီးသေမှာပဲ ..."

"ဟင် ..."

လှမ်းတမှီ ...

မင်းစိတ်ညစ်နေပြီလား။

ကိုယ်တို့အိမ်ကလူတွေကို မင်းမုန်းတီးနာကြည်းနေတာလား။

"လှမ်းတမှီကို သွားခေါ်ပေး ..."

ကိုကြီးအော်သည်။





"သတိထားပါ ကိုကြီး ... လှမ်းတမှီက ညှော်သည်ပါ ... ကိုလတ်ရဲ့ချစ်သူလေ ..."

"မသိဘူးကွာ ... လှမ်းတမှီဘယ်မှာလဲ ... ငါ့အနားခေါ်ပေးစမ်း ..."

"ကိုကြီး ..."

"လှမ်းတမှီ ..."

"ကိုကြီး ..."

"လှမ်းတမှီ ဘယ်မှာလဲ ..."

အရူးလိုအော်ဟစ်သည်။

"မုန်း ..."

"ဒိုင်း ..."

"လှမ်းတမှီ မင်းဘယ်ကိုထွက်ပြေးရတာလဲ ... ငါ့အနားကိုလာပါ ..."

"ဝုန်း ..."

"ဒိုင်း ..."

"ကိုကြီး စိတ်ကိုထိန်းပါ ... ကိုကြီးကို ညီကော်ဖီတစ်ခွက်ဖျော်ပေးမယ်နော် ... သောက်ပြီး စိတ်ငြိမ်ငြိမ်လေးနေပါ ညီခေါ်ပေးမယ် ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး ငြိမ်သွားသည်။

သူ ...

ကော်ဖီဖျော်ပြီး အိပ်ဆေးထည့်တိုက်လိုက်သည်။

"ညီ ..."

"ဟင် ..."

"လှမ်းတမီကိုသွားခေါ်ပေးစမ်းပါ ... ကိုကြီးတွေ့ချင်တယ်၊ အရမ်းချစ်တယ်ကွာ ... ကိုကြီး မခွဲနိုင်တော့ဘူး ..."

"စိတ်ချပါ ... ကိုကြီးအရမ်းကြမ်းရင် လှမ်းတမီကြောက်သွားမယ် ... စိတ်မပူပါနဲ့ ကိုကြီးအနားခေါ်ပေးမယ် ..."

"လှမ်းတမီ လှမ်းတမီရယ် ..."

ကိုကြီးအော်နေသည်။

သူ ...

ချော့မော့နှစ်သိမ့်ပေးနေရသည်။

"ကိုကြီး စိတ်အားမငယ်ပါနဲ့နော် ... စိတ်အေးအေးထား ပါ ..."

"လှမ်းတမီ မင်းကိုငါချစ်တယ်ကွာ ..."

ကိုကြီး ငြိမ်သွားသည်။

အိပ်ရာပေါ်မှာ အသာအယာသိပ်လိုက်ပြီး စောင်လေးခြုံပေးလိုက်သည်။





ကိုကြီး ... အရမ်းပိန်သွားတာပဲ။

သနားလိုက်တာဗျာ ...

"ကိုကြီးရယ် ..."

သူ ...

အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

"မြေး ..."

"ဟင် ... ဘွား"

"လာပါဦး ..."

ဘွားအိမ်စိုးလည်း အတော်လေးပိန်ချုံးကျသွားသည်။

သူ ...

မေ့ပါနိုင်ကို ပစ်ထားခဲ့မိသည်။

ဘာမှမသိ။

"မြေးကြီးနဲ့လှမ်းတမီကို လက်ထပ်ပေးမလို့ ..."

"လှမ်းတမီက ..."

"ဘွားစီစဉ်မယ် ..."

"ဘွား ..."

"မင်းအသာနေပါ ... ဒေါက်တာလှမ်းတမီကို ပြန်လွှတ်လို့မဖြစ်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာလှမ်းတမီကို ဘွားပြန်စေချင်တုန်းက တိမ်ဖျားတားဆီးခဲ့မိသည်။

အခု ...

ဘွားက ပြန်မလွှတ် ...

ဒေါက်တာလှမ်းတမီကို ဖမ်းထားတဲ့သဘောပင်။

"လှမ်းတမီကို ဘွားက ဖမ်းချုပ်ထားချင်တာလား ..."

"ဘာသဘောပဲဖြစ်ဖြစ် ... ဒေါက်တာလှမ်းတမီကို ပြန်လွှတ်လို့မဖြစ်တော့ဘူး ..."

"ဘွား အဲ့ဒီလိုလုပ်တာ ပြဿနာတွေ ရှုပ်ထွေးသွားနိုင်တယ်၊ ဥပဒေနဲ့မကင်းတဲ့ပြစ်မှုတွေ ကျူးလွန်ရာရောက်တယ်နော်"

ဒေါ်အိမ်စိုးအနေနှင့်ကတော့ သူမရဲ့အကြောင်းတွေကို ဒေါက်တာလှမ်းတမီသိသွားပြီဟု ထင်မိသည်။

လွှတ်လို့မဖြစ်တော့ဘူး မြေးအတွက်ထားရမယ်။

"ဒေါက်တာလှမ်းတမီကို ပြန်လွှတ်လိုက်ပါ ဘွားရယ် ... ကိုကြီးနဲ့လက်ထပ်ပေးလို့ မဖြစ်ပါဘူးဗျာ ..."

သူ ...

လက်မခံနိုင်။

ဘွားမလွှတ်လည်း ဒေါက်တာတမ်းတမီကို တစ်နည်းနည်းနှင့် ပြန်လွှတ်ပေးဖို့ ဆုံးဖြတ်ထားမိသည်။





"ပြီးတော့ မြေးငယ်ကို ဘွားပြောစရာရှိတယ် ..."

"ပြောပါဘွား ..."

"ပန်းမာလာကို မင်းလက်ထပ်ရမယ် ..."

"မဖြစ်ဘူး ဘွား ... အဲ့ဒါကို တိမ်ဖျား လုံးဝလက်မခံနိုင်ပါဘူး ... မဖြစ်နိုင်ဘူးနော် ..."

တိမ်ဖျား အပြင်းအထန် ငြင်းနေမိသည်။

မဖြစ်ဘူး ... လုံးဝလက်မခံနိုင်ပါဘူး။

ပန်းမာလာက ကိုလတ်ရဲ့မိန်းမပဲ။

"မဖြစ်နိုင်ပါဘူး ... ကိုလတ်ရဲ့မိန်းမကို ကျွန်တော်လက်မခံနိုင်ပါဘူး ... မဖြစ်ဘူးဘွား ..."

"မင်းလက်ခံရမယ် ... မင်းငယ်ငယ်လေးထဲက ဘွားစကားတွေကို ဆန့်ကျင်ခဲ့တာပဲ ... ဒီနေ့တော့ လက်ခံရမယ်"

"မဖြစ်ဘူး ..."

"မင်း အသက်ကြီးတဲ့အထိ ငါ့စကားတွေကို ဆန့်ကျင်နေတုန်းပဲလား ..."

ဘွားအတွက် ပန်းမာလာက အနှောင့်အယှက်တစ်ခုဖြစ်နေသည်။

ခြိမ်းခြောက်စကားတွေနှင့် တစ်နေ့မှစိတ်မအေးရပေ။



www.burmeseclassic.com

www.burmeseclassic.com



အံ့သက်ကြီးပါပြီ။

ထောင်ထဲဝင်ရမလား။

"မြေး ... မင်းဘွားကို မသနားဘူးလား ... ဘွားက မြေးတွေ အပေါ် အမြဲတမ်းသံယောဇဉ်ကြီးပြီး ချစ်ခင်ကြင်နာစွာ ပြုစု ပေးခဲ့တယ် ..."

မိဘမဲ့ကလေးတွေဆိုပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့ရ သည်။

"မင်းတို့ဘက်ကကျတော့ ဘွားအပေါ် လုံးဝမကြင်နာကြ ဘူး ..."

"ဘွား ... ပန်းမာလာက ကိုလတ်မိန်းမလေ ... ကိုလတ် ဆုံးတာတောင် မကြာသေးဘူး ... မြေးကလက်ထပ်ရမလား"

"လက်ထပ်ရမယ် ... ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်ဆိုတာကို မေ့ထားလိုက်စမ်းပါ ..."

ကိုလတ်တုန်းကလည်း ပန်းမာလာ တောင်းဆိုတာ နှင့် အတင်းအကျပ် တောင်းဆိုခဲ့သည်။

"ကိုလတ်လည်း စိတ်သောကတွေ ရောက်ပြီး သေဆုံးခဲ့ရ တာပဲ မဟုတ်လား ..."

"တိမ်ဖျား ..."

"ဗျာ ..."





"ဘွားတောင်းပန်ပါတယ်ကွယ် ... ပန်းမာလာနဲ့မြေးလက် ထပ်ပါ ..."

ဘွားမျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်နေ၍ သနားကြင်နာသွားမိသည်။

ပန်းမာလာရဲ့ဆန္ဒတွေကို ဘွားမလွန်ဆန်နိုင်ပုံပင် ထင်မိ၏။

ဘာတွေဖြစ်နေလဲ။

"မင်းလက်ခံရမယ် ... ဘွားစီစဉ်တာကို မင်းလက်ခံပါ ... တိမ်ဖျား မင်းဘယ်လောက်ပဲကြမ်းကြမ်းတမ်းတမ်းနေပါ စေ ... မင်းနှလုံးသားတွေက နူးညံ့တယ်ဆိုတာ ဘွားသိပါ တယ်ကွယ် နော်မြေး ..."

သူ ...

ဘွားကို သနားမိသည်။

ပန်းမာလာနှင့်လက်ထပ်ဖို့ သူ သဘောမတူချင်ပေ။

မင်းငါ့အဘွားကို အကျပ်ကိုင်စရာတစ်ခုခုနဲ့ အကျပ် ကိုင်နေတာပဲ မဟုတ်လား။

"မင်း ... မင်း ငြင်းလို့မရဘူး ... လက်ထပ်ပွဲကို တစ်လ အတွင်းကျင်းပမယ် ... ဘွားတို့ရှေ့နေနဲ့လက်ထပ်စာချုပ် ချုပ်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘွား ..."

"မင်း လက်ခံရမယ် ..."

တုန်တုန်ရီရီဖြစ်နေတဲ့ဘွားကို တိမ်ဖျားမငြင်းရက် တော့လောက်အောင် ဖြစ်ရသည်။

"လက်ခံပါ မြေးရယ်နော် ... အား ... မူးလိုက်တာ ..."

"ဘွား ..."

ဦးအဌတို့ရောက်လာပြီး ဘွားကိုပြုစုနေကြသည်။

ဒေါက်တာလှမ်းတမှီပါ ရောက်လာ၏။

ဘွားရဲ့ ရင့်ရော်လာသောမျက်နှာကို စိုက်ကြည့်ပြီး သောကတွေ ဘယ်လောက်ဖိစီးနေတယ်ဆိုတာ တိမ်ဖျားတွေ့နေမိ လေသည်။





## အခန်း (၁၆)

"ဒေါက်တာ ..."

"ကျွန်မကို လွှတ်ပေးပါ ..."

"မဖြစ်သေးဘူး ..."

"ရှင်တို့ ကျွန်မကိုဖမ်းချုပ်ထားတဲ့သဘောဖြစ်နေပြီနော်"

"ကိုကြီးလည်း နေမကောင်းဘူး ... ဘွားလည်း နေမကောင်းဘူး ... မင်းရှိနေမှဖြစ်တော့မယ် လှမ်းတမှီ ..."

"ကျွန်မ ရှိနေပေးတာ အကြောင်းမဟုတ်ပေမဲ့ ရှင့်အစ်ကိုက အချစ်တွေ လက်ထပ်ခွင့်တွေ တောင်းဆိုနေတာ ... လက်မခံနိုင်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတမှီ့မျက်နှာလေးကို သူကြင်နာစွာဖြင့် စိုက်ကြည့်နေမိသည်။

မင်း မှန်ပါတယ်။ မေ့ပါနိုင်ကလူတွေ မှားတာ။

မင်းက ... စွဲမက်စရာကောင်းလောက်အောင် လှပချောမွတ်နေတာပဲကွာ

ကိုယ်တောင် မင်းကိုစွဲလမ်းနှစ်သက်နေပါပြီ။

ကိုကြီးလိုပဲ မင်းနဲ့လွဲရရင် ကိုယ်သေမယ်ထင်တယ်။

"ကိုယံတိမ်ဖျား ..."

"ဟင် ..."

"ကျွန်မ တောင်းပန်ပါတယ် ... ပြန်ပါရစေနော် ... ကျွန်မကို လွှတ်ပေးပါ ... ရှင့်အဘွားက ရှင့်အစ်ကိုနဲ့ကျွန်မကို လွှတ်ပေးပြီး ကျွန်မဘဝလေးဖျက်ဆီးပစ်ချင်နေတာပါ ..."

လှမ်းတမှီ ဒီမှာဆက်နေရင် ယံခေါင်ဖျား အစော်ကားခံရပြီး ကျဆုံးသွားရမှာ သေချာသည်။

"ကျွန်မ ရှင့်အစ်ကိုနဲ့လက်မထပ်နိုင်ဘူး ... မချစ်လို့ဘဲ ... ကျွန်မချစ်ကဲ့သူကိုပဲ လက်ထပ်ဖို့ ကျွန်မဆုံးဖြတ်ထားနဲ့တာပါ ..."

ဒေါက်တာနှောင်စွဲထင်ကိုပင် သိပ်မချစ်၍လက်ထပ်ဖို့ ဝေလာဝေး ချစ်သူအဖြစ်ပင် လက်မခံခဲ့ပေ။





"ကျွန်မကို ရှင်ပြန်လွှတ်ပေးပါနော် ... ရှင်တို့ မေ့ပါနိုင်ကို ဘာမှဒုက္ခမပေးပါဘူး ... ကျွန်မအေးအေးဆေးဆေးပြန်မှာ ပါ ... ကျွန်မကို လွှတ်ပေးပါ ..."

"လှမ်းတမှီ ..."

"ရှင် ..."

"မင်းကို ပြန်လွှတ်ပေးပါ့မယ် ... မင်းစိတ်အေးအေးနေပါ လောလောဆယ်တော့ ဘွားနေမကောင်းလို့ မင်း နေပေးပါ"

"ရှင် ကျွန်မကို တကယ်ပဲပြန်လွှတ်ပေးမှာနော် ..."

"စိတ်ချပါ ဒေါက်တာ ..."

အကြည့်ချင်းဆုံမိနေသည်။

ရီဝေကြေကွဲစွာဖြင့် ဒေါက်တာလှမ်းတမှီကို စိုက်ကြည့်နေမိ၏။

မင်းကို ချစ်တယ်။

အရမ်းချစ်တယ်။

ကိုယ် ဘာလုပ်ရမလဲ။

ကိုကြီးကလည်း မင်းကိုအရမ်းချစ်နေတယ်။

ရယူပိုင်ဆိုင်ချင်တယ်တဲ့ ...

"ကိုတိမ်ဖျား ..."

"လှမ်းတမှီ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင့်ကိုယုံကြည်တယ် ... အားကိုးပါတယ် ... ကျွန်မ ပြန်ပါရစေနော် ..."

"မင်းပြန်ရမှာပါ ... ကိုယ် မင်းမဖြစ်ချင်တာကိုမဖြစ်စေရပါဘူး ..."

"ကျေးဇူးအများကြီးတင်ပါတယ် ... ရှင့်ကိုကျေးဇူးအများကြီးတင်ပါတယ် ... ကျွန်မ ရှင့်အစ်ကိုကို အရမ်းကြောက်တယ် ..."

"ကိုကြီးအခြေအနေ သိပ်မကောင်းတော့ဘူးထင်တယ် ... ဒေါက်တာမရှိလို့တော့ မဖြစ်ဘူးနော် ..."

"ကျွန်မကို ကူညီပါ ... ကယ်ပါနော် ... ကျွန်မ တိမ်ဖျားကို အားကိုးပါတယ် ..."

"လှမ်းတမီ ..."

"ရှင် ..."

"ကိုယ့်ကို မင်းစိတ်မဆိုးဘူးနော် ..."

"ရှင့်ကို ကျွန်မအားကိုးပါတယ် ... စိတ်မဆိုးပါဘူး"

ရှင့်ကို ကျွန်မစိတ်မဆိုးပါဘူး။

ကိုယ်တိမ်ဖျားကိုတော့ သူမ စိတ်မဆိုးတဲ့အပြင် အားကိုးချင်တဲ့စိတ်တွေပင် ဖြစ်ပေါ်နေရသည်။

ရှင့်ကို အားကိုးတယ်။





တမ်းတနေမိတယ်။

အကြည့်ချင်းဆုံမိနေတယ်။

ရင်တွေ ခုန်လိုက်တာ ...

ဘုရားရေ ...

ရှင့်ကို လှမ်းတမီစိတ်ဝင်စားနေမိပြီ။

ရှင့်မျက်ဝန်းတွေထဲက အကြည့်စူးစူးတွေ

ရင်ဖို့လိုက်မောလာရသည်။

"ဒေါက်တာ ..."

"ဟင် ..."

"ဘွားကို ကြည့်ပေးပါဦး ..."

"ဟုတ်ကဲ့ ..."

"ဒေါက်တာ့ကို ကိုယ်အကာအကွယ်အစောင့်အရှောက်တွေ လုပ်ပေးမှာပါ ..."

"ကျေးဇူးတင်ပါတယ် ကိုတိမ်ဖျား ..."

သူမ ...

ကိုတိမ်ဖျားရှိနေ၍ အင်အားတွေပြည့်လာရသည်။

ပန်းမာလာရဲ့ခြေလှမ်းတွေ တုံ့ခနဲရပ်သွားရသည်။

ဒင်းတို့နှစ်ယောက် ...

တိမ်ဖျားနဲ့ဒေါက်တာလှမ်းတမီ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမနှောင့်ယှက်နေတာပဲ။

နှောင်စွဲနှင့်တုန်းကလည်း ဒီမိန်းမကြောင့်ပဲ ပန်းမာလာနှင့်အဆင်မပြေဖြစ်သွားရလေသည်။

"တောက် ..."

ဒေါသတွေဖြစ်မိသည်။

နင်သိမယ် ...

မေ့ပါနိုင်မှာ ဘာဖြစ်လို့နေ့နေရတာလဲ။

မနေစေချင်ပါဘူး။

တိမ်ဖျားနှင့် နှစ်ယောက်တည်း ပြောနေတာကို မကျေနပ်မိ။

"ဘာလုပ်နေကြတာလဲ ... ဟိုအဘွားကြီးကရော ဘာဖြစ် လို့ထားနေရတာလဲ ... ကိုခေါင်ဖျားအတွက်လား ... ဟွန်း ဒီဒေါက်တာမလား ကိုခေါင်ဖျားကိုကြိုက်မှာ ..."

ပန်းမာလာတစ်ယောက်တည်း မကျေမနပ်ဖြစ်နေမိသည်။

ကြည့်ရင်း ဒေါသတွေက ပေါက်ကွဲချင်လာရ၏။

ဒင်းတို့နှစ်ယောက်ကို ကြည့်မနေတော့ဘဲ အဘွားကြီးအခန်းဆီရောက်လာသည်။

"ဘွားအိမ်စိုး ..."





"ဟင် ..."

"ဘာလုပ်တာလဲ ..."

"ဘွားဘာလုပ်လို့လဲကွယ် ..."

ဒေါ်အိမ်စိုးနေမကောင်းပေ။

အသက်ကြီးပြီ ...

မြေးစိတ်နှင့်ရော ... ပန်းမာလာရဲ့ခြိမ်းခြောက်မှုအတွက်ရော အင်အားတွေကင်းမဲ့လာရသည်။

"ဘွားအိမ်စိုး ..."

"ဟင် ..."

"ဟိုဒေါက်တာမကို ဒီမှာဘာဖြစ်လို့ထားနေရတာလဲ"

"မြေးကြီးအတွက်ပါ ... မြေးကြီးနေမကောင်းဘူးလေ ... ဒေါက်တာလှမ်းတမီကို ချစ်နေတယ် ... ဘွားလည်းနီးစပ်စေချင်တယ် ..."

အရူးကို ...

ပန်းမာလာ မကျေနပ်။

ဒေါက်တာလှမ်းတမီက အရူးကိုကြိုက်မလား။

"ပန်းမာလာ ..."

"ဟင် ..."

"မင်းနဲ့လက်ထပ်ဖို့ မြေးငယ်တိမ်ဖျားကိုပြောထားပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... တိမ်ဖျား ဘာပြောလဲဟင် ... ဘာပြောလဲ"

"လက်ခံပါတယ် ပန်းမာလာ ..."

"တကယ်ပြောတာလားဟင် ... တိမ်ဖျား တကယ်ပဲလက်ခံလား ..."

"အင်း ..."

ဒေါ်အိမ်စိုးကတော့ မတတ်နိုင်တော့ပေ။

မြေးငယ်ကို မရမနေ ပြောရမှာပဲ။

"ပန်းမာလာဖြစ်စေချင်တာတွေကို ... ဖြစ်အောင်လုပ်ပေးရမှာပဲ ..."

"အဘွားကြီး ..."

"ဟင် ..."

"ကျွန်မကို မလိမ့်တပတ်လုပ်မယ်တော့ မကြံနဲ့နော် ..."

ပန်းမာလာရဲ့အကြည့်တွေက တင်းမာခက်ထန်နေသည်။

အရမ်းကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက်ပဲ။

ဒေါ်အိမ်စိုးကို အမြဲတမ်းခြိမ်းခြောက်အကျပ်ကိုင်နေသည်။

"ဒေါ်အိမ်စိုး ကျွန်မကဘယ်သူ့ကိုမှ ညှာမှာမဟုတ်ဘူးနော်"





"အေးပါကွယ် ... ဘွားအိမ်စိုးသိပါတယ် ... ပန်းမာလာအတွက် အမြဲတမ်းဖြည့်စွမ်းပေးတာပဲ ... မြေးကလည်းလက်ခံပါတယ် ..."

မြေးငယ်က လုံးဝလက်မခံချင်ပေ။

ဒေါ်အိမ်စိုး စိတ်မောသွားရသည်။

"ဒေါက်တာမက တိမ်ဖျားနဲ့စကားပြောနေတယ် ... မာလာမကြိုက်ဘူး ..."

"ဘွားပြောလိုက်ပါ့မယ် ... ဒေါက်တာလှမ်းတမိုက မြေးကြီးအတွက်ပါပဲ ... မကြာခင် မြေးကြီးနဲ့လက်ထပ်ရမှာပါ ... ဘွားအိမ်စိုးအကြံတွေ အများကြီးရှိနေပါတယ် ..."

"တိမ်ဖျားအတွက်တော့ ... မဖြစ်စေနဲ့နော် ... လက်ထပ်ပွဲအမြန်ဆုံးကျင်းပမယ် ..."

"မြေးလတ်သေဆုံးသွားတာ ... မကြာသေးလို့ပါ ... ခဏလောက်တော့အချိန်ပေးပါကွယ် ..."

"ပတ်ဝန်းကျင်ကို အကြောင်းမပြပါနဲ့ ... ဒီမှာပတ်ဝန်းကျင်မရှိပါဘူး ... လက်ထပ်ပွဲကိစ္စ အမြန်ဆုံးစီစဉ်ပေးပါ"

"အေးပါကွယ် ..."

"ဒေါက်တာလှမ်းတမိုနောက် ပါသွားရင်တော့ ကျွန်မဘာ ကိုမှ ငဲ့ညှာမှာမဟုတ်ဘူးနော် ..."



www.burmeseclassic.com

www.burmeseclassic.com



ဓဒါ်အိမ်စိုး အကြီးအကျယ်ခြိမ်းခြောက်ခြင်း ခံနေရသည်။

ပန်းမာလာ ...

အရာအားလုံး နင့်ဆန္ဒတွေပဲ လိုက်လျောရတယ်။

ငါ့မြေးတွေ စိတ်သောကတွေ ခံစားနေရပြီ။

"ပန်းမာလာ့အကြောင်းကို ... ကောင်းကောင်းသိစေရမှာနော်..."

"ဘွားသိပါတယ် ..."

"ပတ်ဝန်းကျင်တွေ ဘာတွေမပြောပါနဲ့ ... လက်ထပ်ပွဲသာ အမြန်ဆုံးကျင်းပနိုင်အောင် ကြိုးစားပေးပါ ..."

"ကောင်းပါပြီကွာ ... ပန်းမာလာရဲ့ဆန္ဒတွေကို ဖြည့်စွမ်းပေးမှာပါကွယ် ..."

အား ...

မောလိုက်တာ ...

အသက်ရှူလို့တောင်မရတော့ဘူး။

နင် ...

ပန်းမာလာ ...

ငါ့ကို စိတ်ဒုက္ခရောက်အောင် အမြဲလုပ်နေတာပဲ။

နင်သိမယ်။





အထ္ထ ...

ဒီဟာမကို ရှင်းပစ်လိုက်။

"ဘွားအိမ်စိုး ..."

"ဟင် ..."

"တိမ်ဖျားနဲ့ ဟိုဆရာဝန်မ လုံးဝမပတ်သက်ပါစေနဲ့"

"စိတ်ချပါ ပန်းမာလာ ... ဘွားပြောပါ့မယ် ... မြေးငယ်က ရင်ကွဲတောင်ကို ပြန်မှာပါ ..."

ပန်းမာလာပြန်ထွက်သွားမှ စိတ်မောသက်သာသွားရသည်။

အသက်ကိုပြင်းပြစွာ ရှူပစ်လိုက်မိသည်။

နှုတ်ခမ်းတွေပင် တုန်ချင်လာရ၏။

တိမ်ဖျား ...

မင်းလက်မထပ်ချင်ဘူး မဟုတ်လား။

ဘွားအိမ်စိုး အံသွားတွေကို တင်းကျပ်စွာဖိကိုက်ထားမိသည်။

***



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"မြေး တိမ်ဖျား ..."

"ဟင် ဘွား ..."

"မင်းပန်းမာလာကို လက်မထပ်ချင်ဘူး မဟုတ်လား"

"ဟုတ်ကဲ့ဘွား ... ကိုလတ်ရဲ့မိန်းမကို တိမ်ဖျားဘယ်လိုလုပ်ပြီးလက်ထပ်ရမလဲ ..."

"ဘွားလည်း အတင်းအကျပ်မခိုင်းချင်ပါဘူးကွယ် ..."

ပန်းမာလာ ...

ညည်း သေရမယ်။

လူ့လောကကြီးထဲမှာ ညည်းရှိနေသရွေ့ ကျုပ်အမြဲတမ်း အကျပ်ကိုင်ခြိမ်းခြောက်ခြင်းခံနေရမှာပဲ။





ကျုပ်မြေးငယ် တိမ်ဖျားစိတ်သောကတွေရောက်ပြီး မသေစေရတော့ဘူး။

ညည်းပဲသေရမယ်။

"ဘွား ..."

"ဟင် ..."

"ဒေါက်တာလှမ်းတမီကို ပြန်လွှတ်ပေးလိုက်ပါ ... ဖမ်းချုပ်ထားသလိုဖြစ်နေပြီ ... ဘွားအတွက် အန္တရာယ်များလို့ပါ"

"များပါစေ ... ဒီမှာ ဒေါက်တာလှမ်းတမီက လိုအပ်နေသေးတယ် ... မင်းကိုကြီးအတွက်လေ ... ဘွားလည်းမသေချင်သေးဘူး ... မေ့ပါနိုင်မှာ စီစဉ်စရာရှိတာတွေ စီစဉ်ရဦးမယ်"

မြေးကြီးကို စိတ်တည်ငြိမ်အောင်လက်ထပ်ပေးရမယ်။

ဒေါက်တာလှမ်းတမီပဲ။

မြေးငယ်ကတော့ ဘဝကိုရပ်တည်နိုင်သည်။

မပူရ ...

ပြီးတော့ ...

မေ့ပါနိုင်က မိသားစုဝင်တွေကို ဒုက္ခပေးနေတဲ့ ပန်းမာလာကို ရှင်းပစ်ရမယ်။

ဒါမှ ...



www.burmeseclassic.com

www.burmeseclassic.com



ကျူပ် သေနိုင်မယ်။

အိမ်ဖော်ကောင်မလေးကို မိမိလက်လွှန်သွားခြင်းသာဖြစ်သည်။

ဒေါသအလျောက် တွန်းလိုက်မိရာက ခေါင်းကိုစောင့်မိပြီး သေဆုံးသွားခြင်းသာ ဖြစ်၏။

စိတ်သောကတွေ ရောက်လိုက်ရတာ။

"ဘွား ... ကျွန်တော့်ကို ပန်းမာလာနဲ့ လက်ထပ်မပေးပါနဲ့နော် ... ကျွန်တော်ချစ်ရတဲ့သူရှိတယ် ... ဒေါက်တာလှမ်းတမီတဲ့ ..."

မြေးလတ် တောင်းပန်စကားတွေကို နားထဲက ... မထွက်တော့ ... ။

"မရဘူး ... မင်းလက်ထပ်ရမယ် ... ဘွားကိုချစ်တယ်ဆိုဘွားစကားကိုနားထောင်ရမယ် ..."

မြေးလတ်က အလိမ္မာဆုံး။ အတော်ဆုံး။ မိမိစကားတွေကို နားအထောင်ဆုံးပဲ ဖြစ်သည်။

နာကျင်နေရ၏။

အချစ်ဆုံးမြေးအလတ် ဆုံးရှုံးရသည်။

အခု ...

မြေးငယ်ကို လက်ထဂ်မယ်တဲ့။





ညည်းဆန္ဒတွေကို ဘယ်လောက်ပဲဖြည့်ဆွမ်းပေးပါစေ ကျူပ်အပေါ် ညာတာထောက်ထားမှာ မဟုတ်ဘူး။

ဟုတ်တယ်။ ညည်းသေရမယ် ...

ကျူပ်ဆက်ပြီးသည်းမခံနိုင်တော့ပါဘူး။

"ဘွား ..."

"ဟင် ..."

"ကျွန်တော် ပန်းမာလာကို လက်ထပ်မယ် ... ဒေါက်တာလှမ်းတမီကို ဒီကနေ လွှတ်ပေးလိုက်ပါ ..."

"မင်း ပန်မာလာကို လက်မထပ်စေရပါဘူး ... မြေးငယ်ရင်ကွဲတောင်မှာပဲနေတော့ ... ဒေါက်တာလှမ်းတမီကသော့ ဒီမှာ မရှိမဖြစ်လိုအပ်နေလို့ပါ ..."

မဖြစ်ဘူး ...

မြေးကြီးအတွက် ဒေါက်တာလှမ်းတမီလိုအပ်တယ်။

အရမ်းလိုအပ်တယ်။

"မင်းသွားပါ ... မေ့ပါနိုင်ကကိစ္စတွေ မင်းဘာမှမစဉ်းစားနဲ့တော့ ရင်ကွဲတောင်မှာပဲ မြေးစိတ်အေးလက်အေးနေပါ ကွာ ..."

"ဘွားရယ် ... ဒေါက်တာလှမ်းတမီရဲ့ဆန္ဒတွေမပါဘဲ ဘာမှ မလုပ်ပါနဲ့ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"လှမ်းတမိုက ဘွားတို့မေ့ပါနိုင်အတွက် မရှိမဖြစ်လိုအပ်လို့ပါ ... "

ဘွားကိုပြောလို့ရမှာမဟုတ်။

သူ့ ...

ရင်ကွဲတောင်ကို မပြန်ချင်။

ဒေါက်တာလှမ်းတမိုကိုစောင့်ရှောက်ချင်မိသည်။

မင်းကို မှည့်တစ်ပေါက်မစွန်းစေချင်ပါဘူး။

ကိုယ်စောင့်ရှောက်မယ်။

"ဒေါက်တာလှမ်းတမိုကို မြေးကြီးကချစ်နေတယ် ... မြေးကြီးသာ ဒီတစ်ခါချစ်သူနဲ့ဝေးရရင် အသက်ပါသေဆုံးသွားနိုင်တယ် မြေးငယ် ... "

ဒေါက်တာလှမ်းတမိုဟာ အရုပ်မဟုတ်ဘူး။

လူသားပါ။

သူ ...

အချစ်ဆိုတာကို စဉ်းစားနေမိသည်။

လှမ်းတမို ... မင်းကိုချစ်တယ်။

မြတ်နိုးတယ်။

သူနှင့်လှမ်းတမိုတို့နှစ်ယောက်လုံး အချစ်ဆိုတာကို ခံစားနေရသည်ဟု ထင်မိသည်။





"မြေး ... "

"ဟင် ... "

"ရင်ကွဲတောင်ကိုပြန် ... "

"ဘွားရော ... ကိုကြီးရော နေမကောင်းသေးဘူး မဟုတ် လား ... "

"ရပါတယ် ... မင်း ပန်းမာလာကို လက်ထပ်စရာမလိုတော့ပါဘူး ... ငါ့မြေးတွေ မကြိုက်မနှစ်သက်တဲ့အလုပ် ဘာမှ မလုပ်စေရတော့ဘူး ... "

ဘွားကိုလည်း သနားမိသည်။

အသက်ကြီးပါပြီ။

စိတ်သောကတွေ မရောက်စေချင်တော့ပေ။

"မင်း ရင်ကွဲတောင်ကို ပြန် ... အဲ့ဒီမှာပဲနေတော့ ... မေ့ပါနိုင်ကို မင်းလာစရာအကြောင်းမရှိတော့ဘူး ... "

ဒေါက်တာလှမ်းတမိုကို စောင့်ရှောက်ဖို့ရှိနေသေးသည်။

စိတ်မချဘူး ...

ကိုကြီးနှင့် ငြိစွန်းသွားအောင် ဘွားကြံစည်မှာပဲ။

စိတ်ပူလာရသည်။

"တိမ်ဖျား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

"ပန်းမာလာနဲ့ လက်မထပ်ချင်ရင် မင်းဒီကိုမလာပါနဲ့မြေး"

"လှမ်းတမီကို ဘွားပြန်လွှတ်ပေးလိုက်ရင် ကျွန်တော်ပန်းမာလာကိုလက်ထပ်ပေးပါ့မယ် ..."

"လှမ်းတမီကို မလွှတ်ပေးနိုင်ဘူး ... မြေးကြီးအတွက် လိုအပ်နေတယ် ... မင်း ဝင်မပါပါနဲ့ တိမ်ဖျား ... မင်းရင်ကွဲတောင်မှာပဲ ရှောင်နေပါ ..."

ဒေါ်အိမ်စိုးကလည်း လုံးဝ လက်မခံနိုင်ဘဲဖြစ်နေသည်။

မြေးကြီးအတွက် ဒေါက်တာလှမ်းတမီ မဖြစ်မနေလိုအပ်တယ်။

ငါ့မြေးကြီး ဒီမိန်းကလေးအတွက် အသက်ထပ်ပြီးအဆုံးရှုံးမခံနိုင်တော့ပါဘူး။

တစ်ယောက် အသက်ဆုံးရှုံးသွားရပါပြီ။

မြေး ပြန်ထွက်သွားသည်။

"မင်းမပါနဲ့ ဘွားမှာလုပ်စရာတွေအများကြီးပဲ ..."

မြေးတွေကို အထိမခံနိုင်တော့ဘူး။

ဘွား အသက်ကြီးပြီ။





မိမိလုပ်ရပ်တွေအတွက် မြေးတွေမခံစားစေရတော့ဘူး။

"အဋ္ဌ ..."

ဦးအဋ္ဌအခန်းထဲသို့ ဝင်လာခဲ့တော့သည်။

"မြေးငယ်ရော ..."

"ပြန်သွားပြီ ..."

"သေချာလား ..."

"ဟုတ်ကဲ့ ..."

"မင်းတံခါးဝမှာ သတိထားစောင့်နေ ..."

"ဟုတ်ကဲ့ ..."

"နောက်တစ်ယောက်ထပ်ပြီးအစောင့်ချထား ... ဗလကြီး ကိုထားရင်အကောင်းဆုံးပဲ ..."

"ဟုတ်ကဲ့ ..."

"အဋ္ဌ ..."

"ဗျာ ..."

"မင်း အစီအစဉ်အတိုင်း အမြန်ဆုံးအကောင်အထည်ဖော်ပါ ... အရေးကြီးတာက ဒေါက်တာလှမ်းတမီနဲ့လက်ထပ်ဖို့ပဲ ..."

"စိတ်ချပါမမ ... ကျုပ်စီစဉ်နေပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာမှမပူနဲ့ မင်းပြဿနာမရှိစေရဘူး ... ပြဿနာတွေ အားလုံး မမခံမယ် ... မမအသက်ကြီးပါပြီ ရှင်းစရာရှိတာတွေ ရှင်းထားရတော့မှာပဲ ... "

"မမ စိတ်အေးအေးနေပါနော် ... မေ့ပါနိုင်ကလူတွေအတွက်ဆို ကျွန်တော် အသက်ပေးပါ့မယ် ... "

"ငါပဲတာဝန်ယူမယ် ... မင်းဘာမှမပူပါနဲ့ ... မင်းလုပ်စရာရှိတာပဲ ဆက်လုပ်ပါ ... "

ဦးအဋ္ဌကတော့ လုပ်စရာရှိတာကို လုပ်ရမည်ဖြစ်သည်။

"မမ စိတ်ချပါ ... "

ဦးအဋ္ဌ ထွက်လာခဲ့သည်။

မေ့ပါနိုင်က မိသားစုဝင်တွေအတွက် အသက်ပေးရမှာပဲ။

ကျေးဇူးရှင်တွေ ...

"မဂုဏ္ဍာ ... "

"ဟင် ဦးအဋ္ဌ ... "

"ဒေါက်တာရော ... "

"ကိုကြီးနေမကောင်းလို့ဆိုပြီး သွားကြည့်နေပါတယ် ... "

"နင် မလိုက်ဘူးလား ... "





"မဂုဏ္ဍာလိုက်သွားတော့ အစ်ကိုလေးက အော်ထုတ်တယ်"

"ကောင်းတယ် ... နင်လိုက်မသွားနဲ့တော့ ... "

"ဟင် ... "

"မေ့ပါနိုင်က တို့ရဲ့အသက်သခင်ကျေးဇူးရှင်ပဲနော် မဂုဏ္ဍာ"

"ဟုတ်ကဲ့ ... "

"နင် ကူညီရမယ် ... "

"ရှင် ... "

"မမအိမ်မ်စိုး စိတ်ချမ်းသာမှုက အဓိကပဲ ... "

"ဟုတ်ကဲ့ ... "

မဂုဏ္ဍာကတော့ မမလေးကိုသနားနေမိသည်။

အစ်ကိုလေးတိမ်မ်ဖျားနဲ့ပဲ သဘောတူတာပါ။

"ဦးလေးအဋ္ဌ ... "

"ဟင် ... "

"ပန်းမာလာကိုတော့ ကျွန်မအမြင်ကတ်တယ် ... အစ်ကိုလေးတိမ်မ်ဖျားနဲ့လက်ထပ်ဖို့တောင်းဆိုထားတယ်ဆို"

"ဟုတ်တယ် ... "

"အမြင်ကတ်စရာကောင်းလိုက်တာနော် ... "

"ဒါကြောင့် မမအိမ်မ်စိုးအတွက် တို့အသက်ပေးလုပ်ဆောင်ပေးရမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ..."

မဂ္ဂလာကို လုပ်ရမဲ့အလုပ်တွေ ရှင်းပြလိုက်သည်။

မျက်လုံးလေးအပြူးသားနဲ့ မော့ကြည့်နေ၏။

"အရေးကြီးတာက တို့မေ့ပါနိုင်ရဲ့ အကျိုးစီးပွားကိုအသက်ပေးပြီး လုပ်ဆောင်ဖို့ပါပဲ ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

မဂ္ဂလာက နာမည်ကသာကြမ်းတာပါ။ လူကပျော့ချင်သည်။

ကြောက်တတ်၏။

ဘုရားရေ ...

ဒေါက်တာလှမ်းတမီကို အစ်ကိုကြီးခေါင်ဖျားနဲ့လွှတ်ပေးရမယ်တဲ့လေ။

"ဒေါက်တာလှမ်းတမီနဲ့ အစ်ကိုကြီးတို့ လက်ထပ်နိုင်ဖို့ ဖန်တီးပေးရမယ် ဟုတ်လား ..."

"ဟုတ်တယ် ... အတင်းအကျပ် လက်ထပ်ပေးဖို့ပဲ လုပ်ဆောင်ရမယ် ... မဂ္ဂလာကူညီပါ ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

မဂ္ဂလာလည်း မေမေကြီးရဲ့ဆန္ဒပဲ အဓိကပါလေ။

ကိုကြီးကလည်း သနားစရာပါပဲ။





ဒေါက်တာလှမ်းတမီကို မရရင်သေမှာပဲ။

မဂ္ဂလာ ကူညီမယ်။

ဒေါက်တာလှမ်းတမီက မေ့ပါနိုင်အတွက် လိုအပ်နေတာပဲ။

ဦးအထွန်းနှင့်မဂ္ဂလာတို့ အကြံအစည်တွေကို တိုင်ပင်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

လှမ်းတမ့် ...

မင်းကို ငါချစ်တယ်ကွာ။

ပိုင်ဆိုင်ရမယ်။

ရယူပိုင်ဆိုင်ဖို့ ငါ ကြိုးစားရမယ်။

မင်းကို ငါအရမ်းချစ်တယ် လှမ်းတမ့်ရယ်။

ခေါင်းဖျား နှလုံးသားတွေထဲမှာ ဒေါက်တာလှမ်းတမ့်ပဲရှိနေတော့သည်။

"ဒေါင် ... ဒင်"

"ဒေါင် ... "





"ဒင် ... ဒင်"

"ဒေါင် ... "

"လှမ်းတမ့် မင်းဘယ်မှာလဲ ... ငါ့အနားမှာနေစမ်းပါကွာ"

"ဒေါင် ... ဒင်"

"ဒင် ... "

"ဒင် ... "

သူ့စိတ်တွေကို မထိန်းချုပ်နိုင်တော့ဘဲ ဖြစ်ရသည်။

စန္ဒရားကို ရပ်ပစ်လိုက်၏။

ဒေါက်တာလှမ်းတမ့်ဘယ်မှာလဲ။

မင်းကို ငါအရမ်းတွေ့ချင်နေတယ်ကွာ။

မတွေ့ရရင် မဖြစ်တော့ဘူး။

သေသွားနိုင်တယ်။

မင်းကြောင့် ညီလတ်သေဆုံးရပြီ။

ငါလည်းအရမ်းကိုခံစားနေရတယ်ကွာ။

မင်းဘယ်မှာလဲ။

ငါ့ရင်ခွင်ထဲမှာ မင်းကိုထွေးပွေ့ထားချင်တယ်။

မင်းပါးပြင်လေးကို နမ်းချင်တယ်။

ချစ်တယ်။

အရမ်းချစ်တယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



သူ ...

လှေကားထစ်တွေအတိုင်း ဆင်းလာခဲ့သည်။

"ခေါင်ဖျား ..."

"ဟင် ဦးအထွ ..."

"မင်း ... ဒေါက်တာလှမ်းတမီနဲ့ တွေ့ချင်တာလား"

"ဟုတ်တယ် ဦးအထွ ... လှမ်းတမီရော ... ခေါင်ဖျားတွေ့ချင်တယ် ... လှမ်းတမီကို အရမ်းချစ်တယ် ... ကျွန်တော်ပိုင်ဆိုင်ချင်တယ် ..."

သူ ...

ရှုံးသွပ်စွာဖြင့် ပြောနေမိတော့သည်။

စိတ်တွေထဲမှာ အသိမဲ့နေ၏။

"လှမ်းတမီမရှိရင် ကျွန်တော်သေမှာပဲ ... သူ ကျွန်တော့်ကို အရမ်းဖမ်းစားထားနိုင်တယ်ဗျာ ..."

"ခေါင်ဖျား ..."

"ဗျာ ..."

"ဒီအခန်းထဲ မင်း ဝင်သွားတော့ ..."

"ဗျာ ..."

"ဝင်သွားလေ ..."





ဦးအထွပြောတဲ့စကားတွေအတိုင်း အခန်းတစ်ခုထဲသို့ဝင်လာခဲ့မိသည်။

"ဟင် ..."

လှမ်းတမီ ... ခုတင်ပေါ်မှာ လဲလျောင်းနေသည်။

သူ ...

ဖြည်းဖြည်းချင်း တိုးကပ်သွားမိလေတော့သည်။

"လှမ်းတမီ ..."

သူမ ...

ငြိမ်သက်နေသည်။

တောင့်တင်း ဖြောင့်ဆင်းနေတဲ့ ကိုယ်လုံးလေးက ထင်းနေ၏။

မင်း ...

အိပ်နေတာလား။

"လှမ်းတမီ ..."

သူ ...

အနားတိုးကပ်သွားပြီး ခေါ်လိုက်မိသည်။

မလှုပ် ...

မျက်ဝန်းလေးတွေမှိတ်ထားပြီး မျက်တောင်လေးတွေ ကော့ပျံတက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားပါး ...

လှလိုက်တာ ...

ချောလိုက်တာ ...

မင်းအရမ်းချစ်စရာကောင်းတာပဲ လှမ်းတမီရယ်။

မထင်မှတ်ဘဲ လှမ်းတမီနှင့်ဆုံရ၏။

အိပ်စက်နေသည်။

မလှုပ် ...

"လှမ်းတမီ ..."

မနိုးပေ ...

မင်းဘာဖြစ်နေလဲ။

အိပ်နေတာလား။

အသက်ရော ရှုသေးရဲ့လား။

လှမ်းတမီရဲ့ရင်အစုံလေးက နိမ့်လိုက်မြင့်လိုက်ဖြစ်နေသည်။

မင်းအသက်ရှုနေတာပဲ။

မသေပါဘူး။

အိပ်နေတာ ...

သူ့စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားသွားရသည်။

"လှမ်းတမီရယ် ... မင်းအရမ်းချစ်စရာကောင်းတာပဲ ..."





သူ ...

အနားကပ်သွားမိသည်။

လှမ်းတမီက နှစ်ခြိုက်စွာ အိပ်မောကျနေ၏။

"လှမ်းတမီ ..."

ခုတင်ပေါ်မှာ ထိုင်မိသည်။

လှမ်းတမီကတော့ အိပ်ဆေးတွေမိပြီး အိပ်နေပုံပင်။

ဦးအတ္တ အကြံအစည်ပဲ။

ခေါင်းဖျားကို ဦးအတ္တက လိုအပ်တာမှန်သမျှ ဖြည့်စွမ်းပေးခဲ့သည်။

"ဒေါက်တာလှမ်းတမီကို ငါ့မြေးရစေရမယ် ... ဘွားအစွမ်းကုန်ကြိုးစားပေးမယ် ... ငါ့မြေးတစ်ယောက်ကိုတော့ ဘွားထပ်ပြီး အသက်အဆုံးရှုံးမခံနိုင်တော့ပါဘူး ..."

ဘွားအိမ်စိုးက ပြောခဲ့သည်။

လှမ်းတမီ ...

မင်းကိုရအောင်ယူမယ်။

တရားတာတွေ မတရားတာတွေ ငါဘာမှမသိဘူးကွာ။

ချစ်တယ်။

အရမ်းချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတမီ့ကို ငါပိုင်ဆိုင်ခွင့်ရတော့မယ်။

"လှမ်းတမီ့ရယ် ..."

လှမ်းတမီ့ရဲ့ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲပွေ့ဖက်လိုက်သည်။

မျက်နှာလှလှလေးကို စူးစိုက်စွာဖြင့်ကြည့်နေမိ၏။

နှုတ်ခမ်းဖူးဖူးရဲရဲစိုစိုလေးကို ငုံ့ပြီးနမ်းလိုက်မိသည်။

ရင်ထဲမှာ အေးစိမ့်လို့ကျဖို့သွားရ၏။

ကိုယ်လုံးအိအိလေးကို သူ့ရင်ခွင်ထဲဆွဲယူပွေ့ဖက်ထားမိသည်။

လှမ်းတမီ့က သူ့ဆန္ဒတွေကို မငြင်းဆန်နိုင်ပေ။

မှိန်းမောနေသည်။

ဟုတ်တယ်။

မင်းကို ငါပိုင်ဆိုင်ရဖို့ပဲ။

အရမ်းချစ်တယ်ကွာ ...

မင်းကို ဘယ်နည်းနဲ့မှ ငါလက်လွှတ်အဆုံးရှုံးမခံနိုင်ပါဘူး။

လက်ထပ်မယ်။

မင်းကို ငါမြတ်နိုးစွာ ချစ်ခင်ယုယပါ့မယ်ကွာ။

"လှမ်းတမီ့ရယ် ..."





ချစ်သူရဲ့ကိုယ်လုံးလေးကို တင်းကျပ်စွာပွေ့ဖက်ရင်း အနမ်းမိုးလေးတွေ ရွာသွန်းဖြိုးနေမိသည်။

"ကျွီ ..."

"ဖုန်း ..."

"ဟင် ..."

"ကိုကြီး ..."

သူ ... လန့်သွားသည်။

အခန်းထဲဝင်လာသူက ညီယံတိမ်ဖျားပင်။

"မင်း ... မင်း ဘာလာလုပ်တာလဲ ... တိမ်ဖျားထွက်သွားစမ်း ... မင်း ... မင်းမနှောင့်ယှက်ပါနဲ့ ..."

"ကိုကြီး ... ဒေါက်တာလှမ်းတမီ့ကိုမဖျက်ဆီးပါနဲ့ ကျွန်တော်လက်မခံဘူး ..."

"မင်း ထွက်သွားစမ်း ..."

"ကျွန်တော် လှမ်းတမီ့ကို ခေါ်သွားမယ် ..."

"မလုပ်ပါနဲ့ ... မင်းခေါ်သွားလို့မရဘူးနော် ..."

တိမ်ဖျား ဘာမှပြောမနေတော့ဘဲ ဒေါက်တာလှမ်းတမီ့ကိုယ်လုံးလေးကို ပွေ့ချီပြီး အခန်းအပြင်ဘက် ထွက်လာခဲ့ သည်။

"တိမ်ဖျား မင်းဘာလုပ်တာလဲ ... လှမ်းတမီ့ကို ဘယ်ခေါ်သွားမှာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ ...

နောက်မဆုတ်။

လှမ်းတမှီကို ပွေ့ချီပြီးခေါ်ဆောင်လာခဲ့သည်။

"ယ်တိမ်ဖျား ... မင်းဘာလုပ်တာလဲ ... ဒေါက်တာလှမ်းတမှီကို မင်းဘယ်ခေါ်သွားမလို့လဲ ..."

ဦးအဏ္ဏက စိုးရိမ်တကြီးနှင့်လာတားနေသည်။

"လှမ်းတမှီကို ကျွန်တော်ခေါ်သွားမယ် ... ဦးအဏ္ဏမနှောင့်ယှက်ပါနဲ့ ... နှောင့်ယှက်ရင် သက်ဆိုင်ရာကို အကြောင်းကြားလိုက်မယ် ..."

"ယ်တိမ်ဖျား ... ဒါ မင်းအဘွားရဲ့ဆန္ဒပဲ ... မင်းအစ်ကိုကြီးအသက်ဆုံးရှုံးသွားမှာကို မင်းကြည့်ရက်လား ..."

"မရဘူး ... အမှန်တရားပဲ ... ဒေါက်တာလှမ်းတမှီရဲ့ဆန္ဒမပါဘဲ ခင်ဗျားတို့ ဘာမှမလုပ်ကြပါနဲ့ ..."

"ယ်တိမ်ဖျား ..."

"လှမ်းတမှီကို ကျွန်တော်ခေါ်သွားမယ် ... ဘွားကိုပြောလိုက်ပါ ... ဥပဒေနဲ့မလွတ်ကင်းတဲ့အလုပ်တွေကို မလုပ်ဖို့ပါပဲ ..."

သူပွေ့ပြီး ကားပေါ်တင်လိုက်မိသည်။





"မတားကြနဲ့နော် ... သက်ဆိုင်ရာကိုအကြောင်းကြားလိုက်မယ် ... ဒေါက်တာလှမ်းတမှီအသိဝင်လာမှ အရာအားလုံးကို သူ့မဆန္ဒတွေအတိုင်း ဆုံးဖြတ်ပါစေ ..."

ပန်းမာလာလည်း အနားသို့ရောက်လာတော့သည်။

"တိမ်ဖျား ဘာလုပ်တာလဲ ... ဒေါက်တာလှမ်းတမှီကို ဘယ်ခေါ်သွားမလို့လဲ ..."

"မင်းဝင်မပါနဲ့ ပန်းမာလာ ... ဒါ တို့အိမ်တွင်းရေးကိစ္စပဲ"

"တိမ်ဖျား ... နင် လျှောက်မလုပ်နဲ့နော် ... ဒေါက်တာလှမ်းတမှီက ကိုကြီးသိပ်ချစ်တဲ့ မိန်းကလေးပဲ ... ကိုကြီးစိတ်ထိခိုက်အောင် မလုပ်ပါနဲ့ ..."

"မင်းနဲ့မဆိုင်ဘူး ပန်းမာလာ ... ငါကတော့ လုပ်သင့်တာကို လုပ်ရမှာပဲ ..."

သူ ...

ဘယ်သူ့စကားမှ နားမထောင်ဘဲ ဒေါက်တာလှမ်းတမှီကို ခေါ်ဆောင်လာခဲ့မိလေသည်။

"တိမ်ဖျား ... ရှင်ဒီလိုလုပ်တဲ့အတွက် မေ့ပါနိုင်မှာ ပြဿနာတွေအများကြီးတက်သွားနိုင်တယ်နော် မသွားပါနဲ့ ..."

သူ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ လှည့်မကြည့်တော့ဘဲ ကားကိုမောင်းထွက်လာခဲ့သည်။

လှမ်းတမီ ...

မင်းကို ငါဥပေက္ခာမပြုနိုင်ပါဘူးကွာ ...

မေ့ပါနိုင်မှာ ဘာတွေဖြစ်သွားနိုင်လဲဆိုတာ ငါမစဉ်းစား။

ရင်ကွဲတောင်ကိုပဲ လှမ်းတမီကိုခေါ်ဆောင်လာခဲ့မိသည်။

အချိန်မရှိတော့ဘူး။

မင်းကို မုည့်တစ်ပေါက်မစွန်းအောင် စောင့်ရှောက်မှာပါ။

ရင်ကွဲတောင်ကိုရောက်လာသည်။

သစ်လုံးအိမ်လေးဆီသို့ ခေါ်ဆောင်လာခဲ့မိ၏။

သူ့အိပ်ရာပေါ်သို့ ဒေါက်တာလှမ်းတမီကိုတင်ထားလိုက်မိလေသည်။

လှပချောမွတ်နေသော မိန်းကလေးက အသိကင်းမဲ့စွာ လဲလျောင်းနေ၏။

"မင်း မေ့ပါနိုင်ကို မုန်းတီးနာကြည်းသွားမှာ ကိုယ်အရမ်းစိတ်ပူတယ် ... ကိုယ်တို့ မိသားစုဝင်တွေကို ယုတ်မာ





ကောက်ကျစ်တဲ့လူတွေလို့ မင်းထင်သွားမှာ ကိုယ်အရမ်းစိတ်ပူတာပဲ ..."

မျက်နှာလေးကို စူးစိုက်စွာဖြင့် ကြည့်မိနေသည်။

ဒေါက်တာလှမ်းတမီကို ပြန်လွှတ်ပေးရန် ဆုံးဖြတ်ထား၏။

မင်း ဆုံးဖြတ်ပါ။

အရာအားလုံး မင်းဆန္ဒတွေအတိုင်း ဖြစ်စေရပါ့မယ်။

သူ သစ်လုံးအိမ်လေးထဲကနေ ထွက်လာခဲ့မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

သူမ ...

အသိဝင်လာရသည်။

လေးလံနေတဲ့မျက်လုံးတွေကို ... အားယူဖွင့်ကြည့်လိုက်မိ၏။

အိပ်ချင်နေဆဲပင်။

ဘယ်လိုဖြစ်ရတာလဲ။

သူမ ဘယ်ရောက်နေတာလဲ။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ... မြင်နေကျမဟုတ်။





စိမ်းလွန်းနေသည်။

"ဟင် ..."

သူမ ထလိုက်သည်။

မေပါနိုင်က သူမအခန်းမဟုတ်။

ဘယ်ရောက်နေတာလဲ။

သစ်လုံးအိမ်လေး ...

"ကိုတိမ်ဖျားအိမ်လေးပဲ ဘုရားရေ ..."

သူမ အတော်လေးထိတ်လန့်တုန်လှုပ်သွားရလေသည်။

ဘာဖြစ်လို့ ... ကိုတိမ်ဖျားရဲ့သစ်လုံးအိမ်လေးကို ရောက်နေရတာလဲ။

သူမ ထလိုက်သည်။

နှုတ်ခမ်းသားလေးကို တင်းကျပ်စွာ စေ့ကပ်ထားလိုက်၏။

ရှင် ...

ကျွန်မကို ခိုးလာတာပဲ။

မေပါနိုင်က လူတွေရဲ့ကောက်ကျစ်ယုတ်မာမှုတွေအတွက် ဒေါသတွေဖြစ်လာရသည်။

အပြင်ကိုထွက်ဖို့ ပြင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း နိုးပြီလား ..."

သူဝင်လာသည်။

အတွေးတွေက ယောက်ယက်ခတ်သွားပြီး ရှက်စိတ်တွေဝင်လာရသည်။

သူမကို သူ ...

မတွေးရဲတော့ ...

"ဒေါက်တာလှမ်းတမို ..."

"ရှင် ... ရှင် ... ကျွန်မကို ဘယ်ခေါ်လာတာလဲ ... ကျွန်မ ကို မစော်ကားနဲ့နော် ... ရှင် ကျွန်မအသားကိုမထိနဲ့"

"မင်းကို ကျုပ်မစော်ကားပါဘူး ... အမိဆန္ဒတွေအတိုင်း ဖြည့်စွမ်းပေးဖို့ပါပဲ ဒေါက်တာ ..."

"ဟင် ..."

သူမ ...

အိပ်ပျော်သွားသည်။

"ဟင် ..."

မဂ္ဂလာဖျော်ပေးတဲ့ကော်ဖီကို သောက်ပြီးလှမ်းတမို အရမ်းအိပ်ချင်သွားကာ အိပ်ပျော်သွားသည်။

သူမ လုပ်ကြံခံရတာလား။





"မင်းကို မှဲ့တစ်ပေါက်မှမစွန်းစေချင်လို့ ရင်ကွဲတောင်ကိုခေါ်လာရတာပါ ..."

"ဟင် ..."

သူမ ဘာဖြစ်ရတာလဲ။

နောက်ဆုံးအကြိမ် သူမသတိရတာက မဂ္ဂလာပေးတဲ့ ကော်ဖီကို သောက်မိတာပဲ။

အလွန်အမင်းအိပ်ချင်သွားတာပဲ သတိရမိသည်။

"ကျွန်မ ... ကျွန်မ"

"ဟုတ်တယ် ... မင်း ... တစ်ခုခုဖြစ်မှာစိုးရိမ်ပြီး ကိုယ်ခေါ်လာတာပါ ..."

"ကျွန်မ ... ကျွန်မ"

"မင်းမှည့်တစ်ပေါက်တောင် မစွန်းသေးပါဘူး ..."

"ကျွန်မကို ပြန်လို့ရအောင်ပြောပေးပါနော် ... ကျွန်မသွားပါရစေ ..."

"ကောင်းပါပြီ ဒေါက်တာ ... ကိုယ်ကူညီပါ့မယ် ... မင်းကို ကူညီမယ် ဘာမှမပူနဲ့နော် ..."

"ကျေးဇူးပါပဲ ... ရှင့်ကိုကျေးဇူးအများကြီးတင်ပါတယ် ... ကျွန်မ ကိုယ်ခေါင်ဖျားကိုတော့ လက်မထပ်ပါဘူး ..."

ကိုတိမ်ဖျားရယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အိမ်ထောင်ဖက်က ကျွန်မချစ်မြတ်နိုးတဲ့ ယောကျာ်းတစ်ယောက်ပဲဖြစ်စေချင်တာပါ။

"ကျွန်မချစ်သူနဲ့ပဲ ကျွန်မလက်ထပ်မယ် ... ဒေါက်တာနောင် စွဲထင်ကိုတောင် ချစ်သူအဖြစ်မရွေးချယ်ခဲ့ပါဘူး ... ကျွန်မ ချစ်တဲ့သူနဲ့ပဲ လက်ထပ်မယ် ... ကျွန်မကို ဒီကနေထွက်သွား ခွင့်ပြုပါနော် ..."

"လှမ်းတမှီကို ကိုယ်ကူညီပါ့မယ် ..."

"ကျေးဇူးပါပဲ ..."

သူမ ...

အိပ်ရာပေါ်မှထသည်။

"အမေ ..."

ယိုင်ခွေလဲကျသွားသဖြင့် ကိုတိမ်ဖျားကရောက်လာ ပြီး ဖေးမထိန်းထားလိုက်ရသည်။

"အို ..."

"ဟင် ..."

ဒုက္ခပါပဲ ...

လှမ်းတမှီအိပ်ချင်မူးတူးဖြစ်နေသေး၍ သူ့ရင်ခွင်ထဲ သို့ ပြန်ကျသွားရပြန်သည်။

အလဲလဲအပြိုပြိုဖြစ်နေ၏။





ရှန်းလေ ...

တင်းကျပ်စွာဖက်မိလေပဲဖြစ်နေသည်။

"မင်းအားမရှိဘူးထင်တယ် ... အိပ်ရာထဲမှာပဲပြန်လှဲနေလိုက် ပါဦး လှမ်းတမှီ ..."

သူ့ရဲ့သန်မာတဲ့လက်တွေက သူမရဲ့ကိုယ်လုံးလေး ကို တင်းကျပ်စွာဖက်ထားဆဲပင်ဖြစ်နေလေသည်။

"ကျွန်မ အိပ်ချင်နေလို့ပါ ဆောရီးပဲ ... ဟို ... ဟို ... ကျွန်မ ရပ်နိုင်ပါပြီ ..."

သူ ...

မလွှတ် ...

ရင်မောလိုက်ဖို့စွာ ကိုယ်လုံးအိအိလေးကိုဖက်ထား မိသည်။

လှမ်းတမှီ ...

ကိုယ်မင်းကို အရမ်းချစ်တယ်ကွာ ...

လက်ထပ်ပါရစေ ...

မင်းကို မြင်မြင်ချင်းပဲ ကိုယ်အရမ်းချစ်နေမိပြီ။

"ဟို ... ဟို ... ကိုယ်တိမ်ဖျား ကျွန်မကိုလွှတ်ပါ ... ဟို ကျွန်မ ပြန်တော့မယ် ..."

သူ ...



www.burmeseclassic.com

www.burmeseclassic.com



အသိဝင်လာပြီး လွှတ်ပေးမိသည်။

မေ့ပါနိုင်ကလူတွေကို မင်းအထင်သေးမယ်ဆိုတာ သိပါတယ်။

ကိုယ့်အချစ်တွေကို ရင်ဖွင့်မပြတော့ပါဘူး ဒေါက်တာလှမ်းတမီရယ်။

အကြည့်ချင်းဆုံမိနေသည်။

သူ့မျက်ဝန်းတွေထဲမှ အကြင်နာရိပ်တွေကို ဘယ်လိုနည်းနဲ့မှ ဖုန်းကွယ်ထားနိုင်မှာမဟုတ်ပေ။

တစ်ယောက်နှင့်တစ်ယောက် မလွှတ်တမ်းကြည့်နေမိကြပြီး အကြည့်တွေကို လွှဲဖယ်ပစ်ဖို့ ခက်ခဲနေကြသည်။

"လှမ်းတမီ ..."

"ရှင် ..."

သူ ...

စိတ်မထိန်းနိုင်စွာဖြင့် လှမ်းတမီရဲ့ကိုယ်လုံးလေးကို ဆတ်ခနဲဆွဲယူပွေ့ဖက်ထားလိုက်မိသည်။

"အို ..."

"ရှင် ... ရှင်"

"မင်းကိုချစ်တယ် ... ကိုယ်အရမ်းချစ်တယ် ... အရမ်းမြတ်နိုးတယ် ... ချစ်တယ်ကွာ ..."





ယံတိမ်ဖျားက ရင်ထဲကစကားတွေကို တရစပ်ပြောမိသည်။

သူမ မှင်သက်မိနေရ၏။

စိတ်ဆိုးတာတွေ ...

ဒေါသဖြစ်တာတွေ ...

ရှန်းဖယ်ပစ်ဖို့တွေပင် သူမ မေ့လျော့နေရသည်။

သူ့လက်တွေက သူမကိုယ်လုံးလေးကို တင်းကျပ်သထက် တင်းကျပ်စွာဖြင့် ဖက်ထား၏။

အသက်ရှူလို့ပင်မရ။

ရင်ထဲမှာ တဒိန်းဒိန်းခုန်ပြီး အရှက်တွေနှင့်ထူပူနေသည်။

"လှမ်းတမီရယ် ကိုယ့်စိတ်တွေကို မထိန်းနိုင်ဘူးဖြစ်သွားတယ် ... ကိုယ်,မင်းကိုအရမ်းချစ်တာပဲ ..."

ဒေါက်တာလှမ်းတမီ ငြင်းဆန်ဖို့မေ့နေဆဲမှာပင် သူ့အနမ်းတွေက သူမမျက်နှာပြင်လေးအနှံ့ နမ်းမိသွားသည်။

ချစ်သူ့အနမ်းတွေကို မွတ်သိပ်စွာခံယူရင်း သူမရှန်းဖယ်ပစ်ဖို့ပင် မေ့နေရ၏။

ရှင့်ကိုချစ်တယ်။

ကိုယ်တိမ်ဖျားကို ကျွန်မချစ်နေမိပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မချစ်တဲ့သူက ရှင်ပါပဲ။

အနမ်းတွေကြာရှည်သွားပြီးမှာ မော်ပန်းစွာလူချင်း ခွာလိုက်ပြီး မျက်နှာလေးကိုငုံ့ကြည့်မိသည်။

“လှမ်းတမို ...”

“ဟင် ...”

“မင်းကိုချစ်ပေမဲ့ လက်ထပ်ဖို့တော့ ကိုယ်မတောင်းဆိုပါ ဘူး ... မင်းကလည်း ကိုယ့်ကိုလက်ထပ်ချင်မှာ မဟုတ်ပါ ဘူး ... မေ့ပါနိုင်က ဘွားနဲ့ ကိုကြီးကိုထားခဲ့ပြီး ကိုယ်မင်း နောက်လည်း မလိုက်နိုင်ပါဘူး ...”

ဩူ ...

လက်ထပ်မှာက ပန်းမာလာပဲ။

ဘွား အသက်ကြီးပါပြီ။

စိတ်ချမ်းသာပါစေတော့။

“မင်းပြန်ပါ ... မင်းအန္တရာယ်ကင်းစွာနဲ့ပြန်နိုင်အောင် ကိုယ် ကူညီပေးပါ့မယ် ... ဘာမှ စိတ်မပူပါနဲ့ လှမ်းတမိုရယ် ...”

ချစ်သူကိုယ်လုံးလေးကို တင်းကျပ်စွာဖြင့် ပြန်ဖက် ထားမိသည်။

လှမ်းတမိုကလည်း ငြင်းဆန်နိုင်တဲ့အင်အားတွေမရှိ တော့ဘဲ ကိုယ်တိမ်ဖျားကို ပြန်၍ဖက်ထားမိ၏။





“ရှင့်ကို ကျွန်မချစ်ဘယ် ... ထူးခြားဆန်းကျယ်တဲ့တွေ့ဆုံမှု တွေနဲ့ကျွန်မတို့တွေ့ဆုံခဲ့ကြတာလေ ... ကျွန်မလည်း ရှင့် အချစ်တွေကို မငြင်းဆန်နိုင်တော့ပါဘူး ...”

“လှမ်းတမိုရယ် ...”

“ဒါပေမဲ့ ... ကျွန်မတို့လက်ထပ်လို့မဖြစ်ပါဘူး ... ဘွားက လည်း သဘောတူမှာမဟုတ်ပါဘူး ...”

“ဟုတ်တယ် လှမ်းတမို ... ကိုယ်တို့ကံကြမ္မာဆုံရင်တော့ လက်ထပ်ဖြစ်ကြမှာပဲလေ ... လှမ်းတမိုပြန်ဖို့အတွက် ကိုယ် အစွမ်းကုန်ကူညီပါ့မယ် ...”

“ကိုရယ် ...”

မေ့ပါနိုင်မှာ လှမ်းတမိုဆက်နေလို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

ဘွားအိမ်စိုးက သူ့မြေးကြီး ယံခေါင်ဖျားနဲ့လက်ထပ် ဖို့ပဲ ကြံစည်လုပ်ဆောင်မှာပါ။

“လှမ်းတမိုကတော့ မချစ်မနှစ်သက်တဲ့ လူတစ်ယောက်နဲ့ ဘဝတစ်သက်တာလက်တွဲဖော်အဖြစ် ဘယ်တော့မှ ချုပ် ချယ်မှာ မဟုတ်ပါဘူး ကိုရယ် ... ချစ်သူကို လက်ထပ်ခွင့် ရတဲ့အထိ စောင့်နေမှာပါ ...”



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုကစ်ယောက် လွှတ်ထွက်သွားမှာ ဆိုးသည့်အလား ပြန်လည်ပွေ့ဖက်ထားမိကြသည်။

"အစ်ကိုလေး ... ဒေါက်တာ မေ့ပါနိုင်မှာပြဿနာတွေတက်နေပြီ ..."

"ဟင် ... ဘာဖြစ်လို့လဲ မဂ္ဂစ္ဆာပြောလေ ..."

"ဟို ... ဟို ... အစ်ကိုကြီးစိတ်ဖောက်ပြီး ကားနဲ့မောင်းထွက်သွားတာ ... အခုကားမှောက်လို့ ဆေးရုံရောက်နေပြီ"

"ဘာ ..."

"ဟင် ..."

"ရဲစခန်းက အကြောင်းကြားတယ် ... ဘွားအိမ်စိုးနဲ့မပန်းမာလာတို့တောင်လိုက်သွားကြပြီ ..."

"ဟုတ်လား ..."

ယံတိမ်ဖျားနှင့်ဒေါက်တာလှမ်းတမှီလည်း အမြန်ဆုံးလိုက်သွားကြတော့လေသည်။

ဆေးရုံရောက်တော့ ဘွားရဲ့အော်ဟစ်ငိုယိုသံတွေ ကဆီးကြိုနေတော့၏။

"မြေးကြီးရယ် ... ဘွား ဘယ်လိုဖြေရမလဲ ... မြေးတွေတစ်ယောက်ငြိုးကင်ယောက် စိတ်ဒုက္ခတွေခံစားရပြီး လူ့





လောကကြီးထဲကနေ ထွက်ခွာနေရတယ် ... ဘွားကို ဘာဖြစ်လို့ တစ်ယောက်တည်းထားခဲ့ရတာလဲ ... မင်းတို့အစားဘွား သေပါရစေ ..."

ကိုယ်ခေါင်ဖျားအတွက် စိတ်မကောင်းပေမဲ့ လှမ်းတမှီလည်း ဘာမှမတတ်နိုင်တော့ပါဘူး။

ပြီးဆုံးသွားပြီပဲ။

ဘွားအိမ်စိုးက သူ့မြေးကြီးသေဆုံးမှုအတွက် လှမ်းတမှီကို အပြစ်မတင်ခဲ့ပေ။

"ညည်းကို အပြစ်မတင်ပါဘူး ... စိတ်ဖောက်ပြန်နေတဲ့လူတစ်ယောက်ကို ညည်း ဘယ်လက်ထပ်ချင်ပါ့မလဲ ... ငါ့မြေးကြီး အသုဘရက်လည်ပြီးရင် ဒီကနေ ညည်းထွက်သွားနိုင်ပါတယ် ... ဒေါက်တာ ပြန်ပါတော့ ... ကျုပ် ခွင့်ပြုပါတယ်လေ ..."

ဘွားအိမ်စိုးသည် အသက်ကို မောပန်းစွာရှူရှိုက် ရင်းပြောနေသည်။

စိတ်သောကတွေ ဖိစီးနေမှုက သိသာထင်ရှားနေ၏။

"ကျွန်မ ဘွားအိမ်စိုးရဲ့ ကျွန်းမာရေး စိတ်ချရမှ မေ့ပါနိုင်ကနေ ထွက်သွားပါ့မယ် ဘွားရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဘွားအိမ်စိုးရဲ့ မျက်ဝန်းတွေက ကြေကွဲထိခိုက်စွာ ဖြင့် ရီဝေစိုနှင့်နေသည်။

ကျန်းမာရေးလည်း စိတ်မချ၍ မေ့ပါနိုင်မှာ ဆက်နေသင့်သေးသည်ဟု ထင်မိလာရ၏။

"ကျေးဇူးပါပဲအေ ..."

လှမ်းတမှီကို ကျော်ခိုင်းပြီး ဘွားအိမ်စိုး ထွက်ခွာသွားတော့လေသည်။





## အခန်း (၂၀)

ပန်းမာလာ စိတ်ထဲမှာ တိမ်ဖျားနှင့် ဒေါက်တာမကို မသက်ာတော့။

ချစ်သူတွေ ဖြစ်သွားကြပြီလား။

ဒီဆရာဝန်မ ဘာဖြစ်လို့ ဆက်နေရသေးတာလဲ။

ဒေါသတွေက ပေါက်ကွဲချင်နေသည်။

အဘွားကြီး ...

မဟာမြိုင်မှာ ခေါင်ဖျားမှ မရှိတော့တာဘဲ။

ဒီဒေါက်တာမကို ဘာဖြစ်လို့ ထားနေစရာလိုတော့ လဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားအိမ်စိုး ..."

"ဟင် ... ပန်းမာလာ ..."

"ဟိုဒေါက်တာမကို ဒီမှာ ထားစရာဘာအကြောင်းမှ မရှိတော့ဘူး ... မောင်းထုတ်ပစ်လိုက်ပါ ... ပြီးတော့ ကျွန်မနဲ့ တိမ်ဖျားကိုလက်ထပ်ပေးဖို့စီစဉ်ပါ ..."

ဒေါ်အိမ်စိုးလက်မခံနိုင်တော့။

မိမိမြေးတွေတစ်ယောက်ပြီးတစ်ယောက် စိတ်သောကတွေခံစားရပြီး လူ့လောကကြီးထဲက ထွက်ခွာသွားခဲ့ကြရသည်။

ပန်းမာလာ ညည်း အကျပ်ကိုင်တာပဲ။

"ဘွားအိမ်စိုး ... ရှင်ကြီးအူကြောင်ကြောင်မလုပ်နဲ့နော် ... တိမ်ဖျားကို ဟိုဒေါက်တာမလက်ထဲ အပ်မခံနိုင်ဘူး ... ကျွန်မတို့လက်ထပ်ပွဲကို အမြန်ဆုံးစီစဉ်ပေးပါ ..."

"အေးပါကွယ် ... ဘွားစီစဉ်ပါ့မယ် ... ဒီမှာက မြေးကြီးဆုံးသွားတာမှ မကြာသေးတာပဲ ..."

ပန်းမာလာ ...

ညည်းခြိမ်းခြောက်တိုင်း ငါဘယ်တော့မှမကြောက်တော့ဘူး။

အရမ်းရိုင်းတဲ့ ပန်းမာလာ။





စိတ်သဘောထားကောက်ကျစ်ပြီး အကျပ်ကိုင်ချင်သည်။

မြေးတွေ ... နင့်ကို တစ်ယောက်မှမချစ်ဘူး။

သိမယ်လေ ...

ငါက သေလူပဲ ...

ဒေါ်အိမ်စိုးရင်ထဲမှာ တလှပ်လှပ်နှင့်မောပန်းလာရသည်။

မိမိမှာ မြေးတစ်ယောက်ပဲကျန်တော့၏။

စိတ်ချမ်းသာပါစေ ...

မြေးဆန္ဒပဲ ဖြစ်စေရမယ်။

"ကျွန်မ အချိန်ဆွဲလို့မဖြစ်တော့ဘူး ... ဒီမှာပတ်ဝန်းကျင်မှ မရှိတာပဲ ... ကျွန်မတို့လက်ထပ်ပွဲကို အမြန်ဆုံးကျင်းပမယ်"

"အေးပါကွယ် ... ဘွားအိမ်စိုးစီစဉ်ပေးပါ့မယ် ... တစ်ပတ်လောက်ပဲစောင့်ပါ ..."

"မစောင့်နိုင်ဘူး ... ရှင်ကြီး ကျွန်မနဲ့သဘောမတူလို့ အချိန်ဆွဲနေတာမဟုတ်လား ..."

"မဟုတ်ပါဘူးကွယ် ... ဘွားအိမ်စိုး စီစဉ်ပါ့မယ် ... မြေးတိမ်ဖျားကိုလည်း ပြောပြီးပါပြီ ..."

"ဒေါက်တာမကို မောင်းထုတ်လိုက်ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ် ..."

"ကျွန်မကို အချိုမသတ်နဲ့နော် ... ကျွန်မအစီအစဉ်အတိုင်း မလုပ်ရင်တော့ ကျွန်မကိုအဆိုးမဆိုနဲ့ ..."

ညည်း ဘာလုပ်မလဲ။

ကျုပ်ကသေလူ ...

ကျန်းမာရေးမကောင်းတော့ဘူး။

သေချင်တယ်။

ပန်းမာလာအကျုပ်ကိုင်လို့မရအောင်ဘဲ။

"ရှင်ကြီးကို အချုပ်ထဲ သွင်းလိုက်တာပဲကောင်းတယ် ... ဟိုဆရာဝန်မကို အမြန်ဆုံးမောင်းထုတ်လိုက်ပါ ... နောက် နှစ်ရက်အတွင်း တိမ်ဖျားနဲ့လက်ထပ်မယ် ..."

ပန်းမာလာကလည်း ... တိမ်ဖျားနဲ့ ဒေါက်တာ လှမ်းတမို့တို့ ငြိစွန်းသွားမှာကို အကြောက်ဆုံးဖြစ်နေရသည်။

မဖြစ်ဘူး ...

အမြန်ဆုံးလက်ထပ်မှာပဲ။

"ကျွန်မ အမြန်ဆုံးလက်ထပ်မယ် ... စီစဉ်ပေးပါ နှစ်ရက်ပဲ စောင့်မယ် ... ဒီနှစ်ရက်အတွင်းမှာ မစီစဉ်ရင်တော့ ရှင်ကြီး ကို ထောင်ထဲပို့ပစ်မယ် ..."

ပန်းမာလာ ထွက်သွားသည်။





ဘယ်ရမလဲ ပန်းမာလာ။

ကျုပ်မြေးငယ်အတွက် အသက်ပဲပေးတော့မယ်။

ညည်းကိုလက်ထပ်မပေးဘူး။

"မမကြီး ..."

"ဟင် အထွ ..."

"ကျွန်တော့်တာဝန်ထားပါ ..."

"မလုပ်နဲ့ ..."

"ဗျာ ..."

"ငါပဲစီစဉ်မယ် ..."

"အထွ ... ဒီစာကို မြိုင်သာရဲစခန်းကို သွားပေး ... ဒီစာထဲမှာ အကြောင်းစုံ ရေးထားတယ် ... ငါ့ရဲ့ အပြစ်တွေကို ဝန်ခံလိုက်တော့မယ် ... အိမ်ဖော်မလေး ငါ့ကြောင့် သေသွားရတဲ့အမှုကို ငါ ရင်ဆိုင်ပြီး ပေးတဲ့အပြစ်ကို ခံလိုက်တော့မယ် ... ဖုံးကွယ်ထားရတာကို ငါ တစ်နေ့မှ စိတ်မချမ်းသာဘူး၊ ပြီးတော့ အဲဒီကိစ္စကို အပိုင်ကိုင်ပြီး ပန်းမာလာ အကျုပ်ကိုင်တာကို ငါ မခံစားနိုင်တော့ဘူး ... ငါ့ကြောင့် ငါချစ်တဲ့ မြေးလေးတွေ သေတဲ့သူက သေပြီး စိတ်ဆင်းရဲတဲ့သူက စိတ်ဆင်းရဲနေရပြီ၊ ငါ မသေခင်မှာ အမှန်တရားကို ရင်ဆိုင်လိုက်တော့မယ်"

"စဉ်းစားပါဦး မမကြီးရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒ့ ... ငါ ပြောတဲ့အတိုင်းလုပ် ငါ့ကို မတားနဲ့တော့"

"ကောင်းပါပြီ မမကြီးရယ် ... ကျွန်တော် ဒီနေ့ပဲ မြို့သာကို သွားလိုက်ပါ့မယ် ... မမအသက်ကြီးပါပြီ ... နေမကောင်းဘူးမဟုတ်လား ... ဒေါက်တာလှမ်းတမီနဲ့ စစ်ဆေးပါလား မမရယ် ..."

ဒေါက်လှမ်းတမီကလည်း ရောက်လာပြီး ကျန်းမာရေးစစ်ဆေးမှုတွေပြုလုပ်ပေးသည်။

မိမိစိတ်တွေ မခံစားနိုင်တော့။

သေချင်ပါတယ်။

ကျုပ်သေမှ ပန်းမာလာက ကျုပ်ကိုအကျုပ်မကိုင်မှာပဲ။

"ကျုပ် ဘာမှမဖြစ်ပါဘူးဒေါက်တာ ... နေကောင်းပါတယ် ညည်းပြန်ချင်ရင် ပြန်နိုင်ပါတယ် ..."

ဒေါက်တာလှမ်းတမီကို အန္တရာယ်မဖြစ်စေလိုပေ။

ပန်းမာလာက ကြောက်ရတယ်။

ကျုပ် ထောင်ထဲရောက်မှာကိုမကြောက်ဘူး။

"ဘွားအိမ်စိုးရဲ့ နှလုံးခုန်ချက်တွေက မမှန်တော့ဘူး ... ကျွန်မနဲ့ ရန်ကုန်ကိုလိုက်ခဲ့ပါ ... ဟိုမှာတတ်ကျွမ်းနားလည်တဲ့သမားတော်ကြီးတွေနဲ့ပြကြည့်သင့်ပါတယ် ..."





"ကျုပ်ဘာမှ မဖြစ်ပါဘူး ... ဘယ်မှလည်းမလိုက်ဘူး ... ညည်းပြန်ပါ ..."

ကျုပ် သေတော့မှာပါ။

သေချင်တယ်။

ဒါမှ ... လွတ်မြောက်မှာပဲ။ မောလိုက်တာ။

အသက်ရှူလို့တောင်မဝဘူး။

ကျုပ် ကျေနပ်ပါတယ်။

သေချင်းတရားက ကျုပ်အတွက်လွတ်မြောက်ခြင်းပဲလေ။

"ဒေါက်တာ ..."

"ရှင် ..."

"ကျုပ်ရင်ထဲမှာ ပြောစရာတစ်ခုရှိတယ် ... လက်ခံတာ မခံတာကတော့ ညည်းလေးအပိုင်းပဲရှိတော့တယ် ..."

"ပြောပါဘွားအိမ်စိုး ... ကျွန်မကိုအားမနာပါနဲ့ ..."

"ကျုပ်ရဲ့အပြင်းပြဆုံးဆန္ဒက ကျုပ်မြေးလေးတိမ်ဖျားနဲ့ ညည်းကိုလက်ထပ်ပေးချင်တာပဲ ..."

"ရှင် ..."

"ကျုပ်မြေးကိုလက်ထပ်ပါကွယ် ... ဒါဆို ကျုပ်စိတ်အေး ပြီ ... ကျုပ်သေပျော်ပါပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



သူမ ... ဘာပြောရတော့မလဲ။

ဘွားအိမ်စိုးက သဘောတူတယ်ဆိုတော့ ဝမ်းသာသွားမိသည်။

ကိုယ်တိမ်ဖျားနဲ့က ချစ်သူတွေဖြစ်နေကြပြီပဲ။

ချစ်သူနှင့်လက်ထပ်ဖို့ပြောတော့လည်း လှမ်းတမှိုကျေနပ်စွာ လက်ခံချင်မိသည်။

ဘွားအခန်းထဲသို့ ကိုယ်တိမ်ဖျားလည်းရောက်လာ၏။

"အတော်ပဲ မြေးရောက်လာတာနဲ့ ... ဒီမှာဒေါက်တာ့ကို ဘွားဆန္ဒပြောနေတာလေ... မြေးနဲ့ဒေါက်တာ့ကိုလက်ထပ် ဖို့ ဘွားသဘောတူတယ် ..."

"ဟင် ... ဘွား"

ကိမ်ဖျား တအံ့တသြဖြစ်သွားရသည်။

ဘွားလက်ထပ်စေချင်တာက ပန်းမာလာပဲဟာ။

"ဘွား ... ဘွား တကယ်သဘောတူတယ်လားဟင်"

"အင်း ... မြေးနဲ့ဒေါက်တာလက်ထပ်လိုက်ရင် ဘွားစိတ်အေးရပြီပဲ ... မြေးတို့လက်ထပ်ကြပါ ..."

မြေးယံတိမ်ဖျားရော ဒေါက်တာလှမ်းတမှိုပါ အပြုံးတွေဝေသွားကြ၍ ဒေါ်အိမ်စိုး စိတ်အေးသွားရသည်။





"မြေးတိမ်ဖျားသာ လှမ်းတမှိုနဲ့လက်ထပ်လိုက်ရင် ကျုပ်စိတ်အေးသွားရပါပြီ ..."

မြေးရော ... ဒေါက်တာပါ ပြန်ထွက်သွားကြတော့သည်။

ပန်းမာလာ ... ညည်းနဲ့စာရင်းရှင်းရမယ်။

ကျုပ်ရဲ့ပြစ်မှုတွေအတွက် တနည်းနည်းနဲ့တော့ ခံယူရမှာပဲ။

မောလိုက်တာ။ အသက်ရှူလို့တောင် မဝတော့ဘူး။

တစ်ရက် ...

နှစ်ရက် ...

ဒေါက်တာလှမ်းတမှိုကလည်း မိမိကို စိတ်မချ၍ မပြန်နိုင်ပေ။

ပန်းမာလာ ဒေါသတွေ အကြီးအကျယ် ထွက်နေတော့သည်။

ဒေါ်အိမ်စိုးအခန်းသို့ ဝင်လာ၏။

"ရှင် ... ရှင်ကြီး လက်ထပ်ဖို့ကိစ္စ ဘာဖြစ်လို့ မစီစဉ်ရတာလဲ ..."

"ညည်းနဲ့ သဘောမတူတော့ဘူး ပန်းမာလာ ... ညည်းကြိုက်သလိုသာ လုပ်တော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"ညည်း သက်ဆိုင်ရာကို သွားအကြောင်းကြားလိုက်တော့ ပန်းမာလာ ... ကျုပ် အဖမ်းခံမယ် ..."

"ဘာ ... ရှင်ကြီး အဖမ်းခံမယ် ဟုတ်လား ... ကောင်းပြီလေ ... ကျွန်မကလည်း ဘာမှငဲ့ညှာထောက်ထားစရာမရှိတော့ဘူးပေါ့ ... ရှင်ကြီးကို အချုပ်ထဲ ထည့်ပစ်ရမယ်"

ပန်းမာလာ လှည့်ထွက်မည်ပြုစဉ် ဘွားအိမ်စိုး မူးလဲသွားတော့သည်။

"ဟင် ..."

အထိတ်တလန့်နှင့် အခန်းအပြင်ဘက် ပြေးထွက်လာတော့ ဦးအဏ္ဏနှင့်တွေ့သည်။

"မင်း ... မင်း ... ဘာလုပ်လာတာလဲ ... မမကြီးရော"

ဦးအဏ္ဏ အခန်းထဲဝင်လိုက်သည်။

"ဟင် ... မမကြီး ..."

ဒေါ်အိမ်စိုးက ကြမ်းပြင်ပေါ်မှာ လဲကျနေတော့ သည်။

"မမအိမ်စိုး ..."

တိမ်ယံဖျားနှင့် ဒေါက်တာလှမ်းတမို့တို့ပါ ဝင်လာသည်။





ဘွားအိမ်စိုးကို စမ်းသပ်လိုက်တော့ အသက်မရှိတော့။

"ဘွားအိမ်စိုး ဆုံးသွားပါပြီ ..."

"ဘာ ..."

"ဟင် ..."

"ပန်းမာလာ သတ်တာပဲ ... ဒီမိန်းကလေးကြောင့် သေဆုံးရတာပဲ ..."

ဦးအဏ္ဏ အော်ဟစ်ရင်း ပန်းမာလာနောက်ကို လိုက်ဖို့ပြင်သည်။

"ဦးအဏ္ဏ ..."

"ဟင် ..."

"ဘွား ဆုံးသွားပြီပဲ ... ပန်းမာလာကို ပြဿနာမရှာပါနဲ့တော့ ... သူ့အမှား သူသိမှာပါ ... နေပါစေ ..."

ပန်းမာလာကတော့ မေ့ပါနိုင်ကနေ ထွက်ပြေးသွားသည်။ ထိုအချိန်တွင် မြိုင်သာမှ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်လာသည်။

ဦးအဏ္ဏ သွားပေးခဲ့သော ဒေါ်အိမ်စိုး၏ အိမ်ဖော်မလေး သတ်မှုအား ဝန်ခံထားသည့်စာအရ အရေးယူရန် လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒေါ်အိမ်စိုးမှာ ပန်းမာလာနှင့် စကားများရင်း စိတ်ထိခိုက်ပြီး နှလုံးရောဂါကြောင့် သေဆုံးသွားပြီဖြစ်သည်။

ရဲသားတစ်ယောက်ကလည်း ထွက်ပြေးသွားသော ပန်းမာလာအား ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်။ ပန်းမာလာမှာ လူသေမှုအား သိလျက် ထိမ်ချန်ထားမှုဖြင့် အရေးယူခံရမည်ကို တွေးပြီး နောင်တရလျက်ရှိပါသည်။

ရဲများက ဆောင်ရွက်စရာရှိသည်များကို တာဝန်အရ ဆောင်ရွက်ပြီး ဘွားအိမ်စိုးအား သင်္ဂြိုဟ်ခွင့် ပြုခဲ့သည်။

ဘွားအိမ်စိုးရဲ့ အသုဘသည်လည်း အေးချမ်းစွာ ပြီးဆုံးသွား၏။

မေ့ပါနိုင်သည် အထီးကျန်စွာဖြင့် ငြိမ်သက်တိတ်ဆိတ်သွားရလေသည်။

နောက်ဆုံး ကျန်ခဲ့တဲ့ မျိုးဆက်က ယံတိမ်ဖျားပင်။

ဘွားအိမ်စိုး ...

ကိုကြီး ...

ကိုလတ် ... အားလုံး ဆက်တိုက်လိုပင် သေဆုံးသွားခဲ့ကြသည်။

"မမအိမ်စိုးရဲ့ဆန္ဒအတိုင်း သားငယ်တိမ်ဖျားနဲ့ ဒေါက်တာ





လှမ်းတမှိတို့ လက်ထပ်ကြပါ ... မေ့ပါနိုင်ကို ဆက်ပြီးစောင့်ရှောက်ကြပါ ..."

ဦးအထွဋ်ကတော့ ပြောပြီး သူ့အလုပ်တွေ သူလုပ်နေသည်။

ယံတိမ်ဖျားလည်း မေ့ပါနိုင်မှာပဲ လာနေရလေ၏။

ဘွားအိမ်စိုး နှစ်သက်မြတ်နိုးတဲ့ မေ့ပါနိုင်ကို ပြန်လည်သာယာစိုပြေအောင် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သည်။

"လှမ်းတမှိ ..."

"ဟင် ..."

"ကိုယ့်ကို အထီးကျန်ထားခဲ့ပြီး မေ့ပါနိုင်ကနေ ထွက်မသွားပါနဲ့တော့ကွာ ..."

ချစ်သော လှမ်းတမှိရဲ့ မျက်နှာလေးကို မြတ်နိုးစွာ ရှုစိုက်ကြည့်ရင်း ပြောလိုက်မိသည်။

"ကိုယ့်ကို ကတိ[illegible] ... ကိုယ်နဲ့ လက်ထပ်မယ်လို့ ... ပြီးတော့ မေ့ပါနိုင်မှာ နေပါတော့မယ်လို့ ..."

လှမ်းတမှိ ဘယ်လိုငြင်းရတော့မှာလဲ။

သူမလည်း နောက်ပိုင်းမှာ သံယောဇဉ်တွယ်စရာမရှိတဲ့သူပါ။

"လှမ်းတမှိ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ကိုယ်မေးတာကို ဖြေပါဦးကွာ ..."

"ကျွန်မ ဒီမှာပဲနေဖို့ ဆုံးဖြတ်ထားပြီးသားပါ ကိုရာ ... ဘာမှ စိတ်မပူပါနဲ့တော့ ... ချစ်သူနဲ့ လက်ထပ်ပြီး မေ့ပါနိုင်ရဲ့ အကျိုးစီးပွားအတွက် ကိုနဲ့အတူ လက်တွဲလုပ်ဆောင်တော့ မှာပါနော် ..."

"လှမ်းတမှီရယ် ..."

ချစ်သူ လှမ်းတမှီရဲ့ ကိုယ်လုံးလေးကို ဆွဲယူပွေ့ဖက် ထားမိလေသည်။

ပြီးတော့ ...

အားမလိုအားမရဖြစ်စွာဖြင့် မျက်နှာချောချောနုနု လေးကို တမြတ်တနိုး နမ်းရှိုက်နေမိလေတော့သည်။


နိုကိုဌးငင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com